# ချင်းအမျိုးသားဂျာနယ်

အမှတ်စဉ် ၃/၀၆



ဒီဇင်ဘာလ ၊ ၂၀၀၆ ခုနှစ်

Editor - Thang Yen
Layout - Htet Ni
Cover Art - Butta

ချင်းအမျိုးသားတပ်ဦး၊ သတင်းနှင့်ပြန်ကြားရေးဌာနမှ
တနှစ်သုံးကြိမ် ထုတ်ဝေသည်။

ဆက်သွယ်ရန်လိပ်စာ

**Editor**
**P . O Box (94), Main Post Office, Aizawl 796001, Mizoram, INDIA**
**E.mail - <cnfdomain@yahoo.com, thetni@gmail.com>**

| စဉ် | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၁။ | အယ်ဒီတာ့အာဘော် | ၃ - ၄ |
| ၁။ | ကာတွန်း | ၅ |
| ၂။ | ဒါတို့ပြည် (ကဗျာ) | ၆ |
| ၃။ | အမေ့ထံပေးစာ (ကဗျာ) | ၇ |
| ၄။ | ကာတွန်း | ၉ |
| ၅။ | ငှက်စစ် (ကဗျာ) | ၁၀ |
| ၆။ | အမေ့ထံသို့ (ပေးစာ) | ၁၀ |
| ၇။ | မောင့် အလွမ်းစေတမန် (ကဗျာ) | ၁၁ |
| ၈။ | စာထဲက အသံလှိုင်း (ကဗျာ) | ၁၁ |
| ၉။ | ဘိနပ်စုတ်ကလေးတရံ (ဝတ္ထုတို) | ၁၂-၁၄ |
| ၁၀။ | အာဏာနှင့်လူ့ဘောင် (ဆောင်းပါး) | ၁၅-၂၄ |
| ၁၁။ | လက်ရှိနိုင်ငံရေးသုံးသပ်ချက်နှင့် ပါတ်သက်၍စီအဲန်စီသို့ | ၂၅-၃၃ |
| ၁၂။ | civil society ကို စူးစမ်းရှာဖွေခြင်း | ၃၄-၄၇ |
| ၁၃။ | မသိမဟုတ်၊ သိပါတယ် | ၄၈-၄၉ |
| ၁၄။ | သတင်းမှတ်တမ်း | |


## English Section


| No | Content | page |
|---|---|---|
| 1. | Is the CNF terrorist? | 51 - 52 |
| 2. | Greeting to US State Department. | 53 |
| 3. | The Beacon of Burma (Poem) | 54 |
| 4. | Deep of Committment | 55 |
| 5. | Chin People needs more | 56 - 57 |
| 6. | Wavers show us Concern for | 59 |
| 7. | The role of Khumi among | 60 - 65 |
| 8. | Material Sport | 66 |

# အမျိုးသားညီလာခံမှသည် တိုင်းရင်းသားလူမျိုးများပပျောက်ရေးသို့

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်သည့်တိုင်းပြည်ဖြစ်သည်။ လွတ်လပ်ရေးရခါစ ဆယ်စုနှစ်တခုကျော် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ဖူးသည်။ ဒီမိုကရေစီဆိတ်သုဉ်းခြင်းနှင့် အမျိုးသားတန်းတူမှုမရှိခြင်းတို့ကြောင့် အနှစ် (၅၀) ကျော်ကြာပြည်တွင်းစစ်အနိဋ္ဌာရုံကိုတိုင်းရင်းသားလူမျိုးပေါင်းစုံပြည်သူများ ခါးစည်းခံစားကြရသည်။ အမှန်စင်စစ် မြန်မာ့နိုင်ငံရေး ပြဿနာသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြဿနာပင်ဖြစ်သည်။

၁၉၆၁–၆၂ ခုနှစ်တွင် တိုင်းရင်းသားလူမျိုးခေါင်းဆောင်များက စစ်မှန်သောပြည်ထောင်စုဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် ၁၉၄၇ ခုနှစ်အခြေခံဥပဒေပြင်ဆင်ရေးလှုပ်ရှားခဲ့ကြသည်။ ၁၉၆၂ ခုနှစ် နေဝင်းနှင့်အပေါင်းပါ လူတစုတို့က လက်နက်အားကိုးဖြင့် ၁၉၄၇ အခြေခံဥပဒေကိုဖျက်သိမ်းပြီး ၁၉၇၄ခုနှစ် အခြေခံဥပဒေအားဖြင့် မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်တပါတီစနစ်ကို အခိုင်အမာတည်ဆောက်ကာ တိုင်းပြည်အတွင်း တိုင်းရင်းသားအားလုံးတို့၏ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်အပါအဝင် အမျိုးသားကိုယ်ပိုင်အခွင့်အရေးအားလုံးကို လုံးဝပိတ်ပင်နှိပ်ကွပ်ခဲ့သည်။ ၁၉၈၈ခုနှစ် တနိုင်ငံလုံးဒီမိုကရေစီလူထုအုံကြွမှုကြီးက မဆလ တပါတီအာဏာရှင်စနစ်ကိုဖြုတ်ချနိုင်ခဲ့ပြီး ၁၉၇၄ခုနှစ်အခြေခံဥပဒေကိုလည်း ဖယ်ရှားနိုင်ခဲ့သည်။ ထိုအချိန်မှစ၍ နဝတ၊ နအဖခေါ်စစ်အာဏာရှင်တစုက တိုင်းပြည်ကို စစ်အာဏာဖြင့်အုပ်ချုပ်ခဲ့သည်မှာ ဆယ်စုနှစ် တစုခွဲတောင် ကျော်နေပြီ။

## အယ်ဒီတာ့အာဘော်

နအဖ၏စစ်အာဏာတည်မြဲရေးနှင့် စစ်အာဏာတရားဝင် နိုင်ငံတော်အာဏာဖြစ်ရေးအတွက် တခုတည်းသောထွက်ပေါက်သည် နိုင်ငံတော်ဖွဲ့စည်းပုံ ဥပဒေ အရ အာဏာရယူပိုင်ဆိုင်ရေးဖြစ်သည်။ သို့ဖြစ်၍ ၎င်းတို့၏နိုင် ငံရေးဦးတည်ချက်လေးရပ်အ နက်ခိုင်မာသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေးသည် "အမျိုး သား ညီလာခံမှသည်စစ်တပ်အာဏာ ရယူ ရေးသို့" ပေါ်လစီ၏ အဓိကမဏ္ဍိုင်ဖြစ်သည်။

အမျိုးသားညီလာခံကို ၎င်းတို့ချမှတ်ပြီးသော ဦးတည်ချက်အတိုင်း (၆)လအတွင်း ကျင်းပပြုလုပ်သွားရန် ၁၉၉၂ခုနှစ်၊ ဧပြီလ (၂၄) ရက်နေ့၌ထုတ်ပြန်ကြေညာခဲ့သည်။ ၁၉၉၃ခုနှစ်ဦးပိုင်း၌ စတင်ကျင်းခဲ့သည့်အမျိုးသားညီလာခံအား ယခုအခါ (၁၃) နှစ်တင်းတင်းပြည့်နေပြီဖြစ်ပြီး ဖိလိပိုင်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသောင်းထွန်းက နိုင်ငံခြားသတင်းထောက်များသို့ အမျိုးသားညီလာခံနှင့်စပ်လျဉ်း၍ပြောကြားရာတွင် ယခုနှစ် အောက်တိုဘာလအတွင်း ပြန်လည်ကျင်းပမည်၊ ယခုလည်း ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ ၂၀၀၈ခုနှစ်အတွင်း အပြီးသတ်ရန်မှန်းဆကြသည်။

ဦးတည်ချက် (၆)ချက်နှင့် အခြေခံမူ (၁၀၄)ချက်ကို ထောက်ရှုရာတွင် စစ်တပ်၏ နိုင်ငံတော်ဦးဆောင်မှု အခန်းကဏ္ဍနေရာယူမှု အလွန်ကြီးမားပြီး တိုင်းရင်းသားလူမျိုးတို့၏ အမျိုးသားကိုယ်ပိုင်အခွင့်အရေးဖြစ်သည့် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်နှင့် အခြားအခြေခံအခွင့်အရေးများ လွန်စွာနည်းပါးကြောင်းတွေ့ရှိရသည်။ အမှန်စင်စစ် နအဖ၏ ယနေ့ရေးဆွဲလျက်ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသားလူမျိုးများအတွက် ၁၉၄၇၊ ၁၉၇၄ အခြေခံဥပဒေများထက်ပင် အခြေအနေများစွာ ဆိုးရွားနေပေသည်။

ညီလာခံအစကပင် ကိုယ်စားလှယ်တော်များ လွတ်လပ်စွာဆွေးနွေးတင်ပြခွင့် အထူးသဖြင့် တိုင်းရင်းသားများ၏ အရေးကိစ္စဆွေးနွေးရန် လမ်းမပွင့်သဖြင့် တိုင်းရင်းသား ခေါင်းဆောင်တချို့ ညီလာခံကို ကျောခိုင်းထွက်ခွာခဲ့သေးသည်။ နောက်တဖန် အပစ်ရပ်အဖွဲ့ (၁၃) ဖွဲ့၏ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအတွင်း ကိုယ့်ကြမ္မာကိုဖန်တီးခွင့် ပိုမိုရရှိရန် တောင်းဆိုမှုအပေါ် ညီလာခံ

တာဝန်ရှိ ပုဂ္ဂိုလ်များက ညီလာခံအခြေခံမူဝါဒနှင့်ဆန့်ကျင်သဖြင့် ၎င်းတို့၏ တောင်းဆိုချက်ကို မှတ်တမ်းတင်ပေးမည်ဟု ပေါ့ပေါ့တန်တန်တုန့်ပြန်ခဲ့သည်။ အဖွဲ့အစည်းတချို့ကမူ ကိုယ်စားလှယ်အဖြစ်မှ လေ့လာသူအနေဖြင့်သာပါဝင်ခဲ့တော့သည်။

တပ်မတော် တည်ဆောက်ရေးဆိုင်ရာ၌လည်း "တပ်မတော်သည် အင်အားတောင့်တင်းပြီး ခေတ်မီသည့် တခုတည်းသောတပ်မတော် ဖြစ်သည်" "တပ်မတော်သည် နိုင်ငံတော် လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတရပ်လုံးပါဝင်ရေးအတွက် ဆောင်ရွက်ရမည်" "တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် အဓိက တာဝန်ရှိသည်" "တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည် "ဟု ပါရှိရာ တပ်မတော်အနေဖြင့် စစ်တပ်ကြီးစိုးသည့်နိုင်ငံတော်တစ်ရပ်ကို မဖြစ်ဖြစ်အောင်တည်ဆောက်ရန်အားထုတ်နေသည်မှာ ပေါ်လွင်ထင်ရှားနေပေသည်။

ဥပဒေပြုရေးဆိုင်ရာ အခန်းကဏ္ဍ၌ နအဖညီလာခံ၏ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံမူများပါ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော် ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ဖော်ပြရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြည်သူ့လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းသုံးပုံတစ်ပုံနှင့်ညီမျှသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီအမည်စာရင်း တင်သွင်းသည့် စစ်တပ်မှ ကိုယ်စားလှယ်တော်များ ပါဝင်ရမည်ဟုဖော်ပြထားသည်။ မည်သို့ပင်ဆိုစေ စစ်တပ်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးသာ တာဝန်ရှိပြီး ဥပဒေပြုရေးနှင့် မည်သို့မျှ မသက်ဆိုင်ပေ။ လွှတ်တော် နှစ်ရပ်စလုံးတွင် ဝင်မရှုပ်သင့်ပေ။

အုပ်ချုပ်ရေးကဏ္ဍ၌ နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်သမ္မတ(သမ္မတလောင်း၏ အရည်အချင်း သတ်မှတ်ချက်တွင် နိုင်ငံတော်သမ္မတသည် စစ်ရေးအတွေ့အကြုံရှိသူဖြစ်ရမည်ဟု ပါရှိရာ အနိမ့်ဆုံးအဆင့် စစ်မှုထမ်းဟောင်းတဦးဖြစ်မည်မှာ သေချာသည်) ဖြစ်ပြီး နိုင်ငံတော်သမ္မတသည် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး၏ ဝန်ကြီးချုပ်ကို ရွေးချယ်ခန့်အပ်ရမည်ဟူ၍ အသေးစိတ်အခြေခံမူများချမှတ်ထားသဖြင့် နိုင်ငံတော်အုပ်ချုပ်ရေးအပေါ် စစ်တပ်၏ ကြီးစိုးမှုလွန်စွာ ကြီးမားပေမည်။

တရားစီရင်ရေးအပိုင်းတွင်လည်း နိုင်ငံတော်သမ္မတနှင့် ၎င်းက ရွေးချယ်ခန့်အပ်ထားသော ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီးများ၏ ဝန်ကြီးချုပ်များနှင့် ပြည်ထောင်စု တရားသူကြီးချုပ်တို့ သုံးဦးက ၎င်းတို့စိတ်ကြိုက် ရွေးချယ်တင်မြှောက်ထားသည့် ပြည်နယ်(သို့)တိုင်းဒေသကြီးများ၏ တရားသူကြီးချုပ်များ၊ တရားသူကြီးများဖြင့် ဖွဲ့စည်းမည့် တရားစီရင်ရေးဖြစ်သဖြင့် အနာဂါတ်ပြည်ထောင်စုအတွင်း တရားစီရင်ရေးသည် ဥပဒေစိုး မိုးရေးမဏ္ဍိုင်ပြုသည့် တရားစီရင်ရေးမျိုးပေါ်ထွန်းမလာပဲ စစ်တပ်မှ စိတ်ကြိုက်ချယ်လှယ်နိုင်သည့် တရားစီရင်ရေးစနစ်သာဖြစ်နေပေမည်။

ဤသို့ဆိုလျှင် နအဖ၏ အမျိုးသားညီလာခံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပြည်သူများ၏ ဒီမိုကရေစီအခွင့်အရေးများ၊ အမျိုးသားအခွင့်အရေးများ အာမခံချက်ပေးသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသည့် ညီလာခံမဟုတ်ပဲ တပ်မတော် အာဏာတည်မြဲရေးအတွက် ကျင်းပသည့် အမျိုးသားညီလာခံသက်သက်သာဖြစ်သည်။

သို့ဖြစ်၍ နအဖ၏ အမျိုးသားညီလာခံမှရေးဆွဲနေသော ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းရင်းသားလူမျိုးများအတွက် အမျိုးသားပြည်နယ်အဆင့်၌ပင် ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ခြင်းမရှိသည်မှာ အလွန်ထင်ရှားလှပါသည်။ သို့ဖြစ်လျှင် တိုင်းရင်းသားလူမျိုးများ၏ ဘဝရှင်သန်ရေးသည် အာမခံချက်လုံးဝမရှိပေ။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများအနေဖြင့် ဤအတုအယောင်အမျိုးသားညီလာခံတွင် ပါဝင်တက်ရောက်နေခြင်းသည်ကိုယ့်ဒေသတွင်းကိုယ် တူးနေခြင်းသာဖြစ်သည်။ နအဖ၏ "ခိုင်မာသော နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် အမျိုးသားတရပ်လုံး၏ တာဝန်ဖြစ်သည်" ဟူသော နိုင်ငံရေးဦးတည်ချက်သည် တိုင်းရင်းသားလူမျိုးပပျောက်ရေးအတွက် လက်နက်ကောင်းတခုသာဖြစ်နေပါကြောင်း—


House arrest
T.K & S.S.L



# ဒါတို့မြည်

**မိုး**

အမျိုးမတော်ဝလေ့ခြားလို့
သူ့ရိုးရာ ကိုယ်မဆိုင်
ဘိုးဘွားမွေ လုယူလို့
အုပ်ချုပ်တဲ့ အာဏာရှင်တွေ
ပရိယာယ်က တထောင် မာယာက တသိန်း
ကလိမ်ဉာဉ် အဖုံဖုံ သုံးလို့ရယ်
တို့ချင်းကို ကျွန်ပြုခဲ့တယ်
တို့ရိုးရာဓလေ့ကိုဖျက်
စကားကိုတဲ့ မေ့သွားအောင်
ကျောင်းတွေမှာ ဗမာစာသာသင်ခိုင်းလို့
ဒို့စာကို ဖျက်ခဲ့တယ်
သူတို့လျှာ တမိုက်ထက်ပို
ပြောလိုက်တော့ အမှန် လုပ်ပြန်ယင်တလွဲနဲ့
ပင်လုံတုန်းက ဖက်ဒရေတဲ့
ပလင်ပေါ်တက်မိတော့ ဆင်းရမှာမရဲလို့
တိုင်းရင်းသားကိုတဲ့ အဖန်ဖန်လိမ်။
၆၂ မှာအာဏာသိမ်း
ဗိုဆန်သူ အလျှိုလျှိုသတ်လို့
တို့ပြည်မှာ သွေးချောင်းစီးရတယ်။
၈၈ မှာ ထပ်သိမ်းပြန်
အာဏာကို မမြင်ဖူး မူးမြစ်လို့ထင်
လူ့သိက္ခာ မဲ့လေတော့။
ငါ့လေ ငါထိုး အဟုတ်ကြီးသာထင်
ထင်သာထင် နိုင်ငံတကာ မေ့လို့
ကမ္ဘာက ရှုံ့လှတဲ့ ဒီအာဏာရှင်
အတိတ်ကိုတဲ့ အောင်းမေ့ယင်
ဒို့ဘိုးဘွား သွေးချောင်းစီးခဲ့
ဒီချင်းပြည် ဒို့ပြည်ကွဲ့
ဒီချင်းစာ ဒို့စာကွဲ့
ဒို့ပြည်ကို ဒို့အုပ်ချုပ်မယ်
ဒို့ကြမ္မာ ဒို့ဖန်တီးဖို့
ဒို့ပြည်ကို ကာကွယ်ဖို့
ဒို့လူငယ် ထကြလော့
ဒို့လူငယ် အားထုတ်လော့
ဒို့မြေကို ဒို့ချစ်မှ
ဒို့ပြည်ကို ဒို့ထိန်းနိုင်မှ
ဒို့အမျိုးကောင်းစားမယ်
အာဏာရှင်အလိမ်မမိအောင်ကွဲ့
ဒို့လူငယ် သတိပြုကွယ်
လေလုံးက ဖွံ့ဖြိုးရေး
လုပ်နေတာက ဇော်မွတ်ရေး
ကိုယ့်ပြည် ကိုယ်ရောင်းလို့
ဗမာပြည် မွဲရပြီ
သူများနိုင်ငံအားကိုးနဲ့
ထိုင်းကိုတဲ့ ခေါင်းပေါ်တင်
တရုတ်ကို ရှိခိုးတော့
ဗမာပြည် ဖာနိုင်ငံဖြစ်လေရော
တွေးမိတိုင်း အရှိုးထိအောင်
နာလှပေါ့လေး။
မသူတော်တွေအာဏာရူးနေလို့
ဒို့တတွေတော်လှန်ရ
ရိုးသားတဲ့ ဒို့ချင်းသူ
ဖြူဖြူဖွေးကိုမှ
အဓမ္မ မုဒိမ်းကျင့်ပုံများ
တွေးမိတိုင်း နာလှတယ်
သူ့အာဏာ ဆက်မြဲဖို့
သတ်လိုက်တဲ့ ဒို့ချင်းတွေ
မရှိနိုင်မိဘမှာ မျက်ရည်ဝဲ
တိတ်တဆိတ် ငိုရတယ်။
ဒို့မြေဒို့ပိုင်ဖို့
ဒို့အမျိုး ဒို့ကာကွယ်ဖို့
နိုးထလော့ ဒို့ချင်းတွေ
အောက်ချင်းလို သစ္စာနဲ့
ကြိုးစားမယ် ဟေ့ ကြိုးစားမယ်
လာကြလေ မောင်တို့ရေ
လာကြလေ မယ်တို့ရေ
ကိုယ့်တာဝန်ကိုယ်ထမ်းလို့
ဒို့တတွေ သွေးစည်းမှ
ချင်းလဲန်ကို တည်ထောင်မယ်
သူတကာ လုပ်နေတုန်း
အပျင်းထူ အချောင်ခိုစိတ်နဲ့
လက်ပိုက်ကာ ကြည့်မနေနဲ့
ပျင်းသူက ရှက်စရာ
စားခါနီး လက်နိုက်လို့
ထမင်းပွဲ ဝင်ယင်ဖြင့်
သိပ်ရှက်စရာ
အာဏာရှင် အနိုင်တိုက်လို့
ဒို့ချင်းပြည်ပေါ်လာဖို့
ဒို့တတွေ ညီညီညာညာနဲ့
ဒို့တာဝန် ထမ်းကြစို့လေး။



လူသားသာလက်မခံယင်
အာဏာရှင်ဆိုတာ လောကကြီးမှာ
ဘယ်ရှိပါ့မလဲ မေမေ
အစဥ်–ကားယောင်နေဆဲ
မေမေ့ရဲ့ဗူးနှစ်စကား
သားမမေ့ရက်နိုင်ဘူးမေမေ

ဝမ်းမဝ ခါးမလှ ဆိုသလို
မဝတဝစားရ နအဖ စနစ်ဆိုးကြီးက
ညတညရဲ့ပုံပြင်ပမာ ရင်ကိုလှန်ရှုနိုး
ယုံစရာတောင်ကောင်းပါ့ရဲ့လား

ခေါ်ယင်လာ ခိုင်းတာလုပ်ခံမပြောရ
သေနတ်ပြောင်းဝက ကျည်ဆံအမိန့်ရှ
မဖိတ်ပဲခင်ပေါ်တက်ပြီး
လိုသလိုကခဲ့တာ ရာစုနှစ်တဝက်တောင်
ရောက်ခဲ့ပြီ

ရှစ်လေးလုံးက စီးကျခဲ့တဲ့ မျိုးချစ်သွေး
နီစွန်းနေတဲ့လမ်းတတားတွေ
ထုံးဖြူတွေနဲ့ ခုပ်ထားလည်း
ရဲရဲနီဆဲပါ၊
ထောင်နံရံက သွေးဇာတ်
ဆယ်ကမ္ဘာတောင်
ဆက်လို့ကျေမယ် မထင်

စာသင်ခန်းရဲ့ ခြေလှမ်းပိုင်ရှင်
ဘယ်ဆီဘယ်ရပ် ခရီးနှင်နေသည်မသိ
မောင်တိန်လေးနဲ့ ဖိုင်တွဲတွေလည်း
အထီးကျန်လို့ ကျောင်းတော်ကြီးလည်း
တိတ်ဆိတ်ကျန်ပြီ၊
ဆင်တိုင်းမလှတော့တဲ့ နအဖစစ်သေနတ်နဲ့
ဒီမိုကရေစီထူထောင်နိုင်တဲ့လား

အာဏာရှင်ဖဝါးအောက် ဇာတ်သွင်း
သောင်–ကမ်းမှာ အသက်သွေးပေါင်း
စွန်ခွာကာ စတေးရသည်လည်း
နောင်လာနောက်သား မျိုးဆက်သစ်တွေ အတွက်ပါ
မေမေ

မြင်လာခဲ့တဲ့ ကောက်ကျစ်အမွေ
အတုအယောင်ညီလာခံမှာ သက်သေပြခဲ့
မြန်မာ့အရေးဟာ သံရေးတမန်ရေး
ကစားစရာသာဖြစ်လာ
၂၂ မိုဒ္ဒတော်ကိုပါ ကမန်းကတမ်းပြောင်းရွှေ့ခဲ့ရ
အာဆီယံက ဝံပုလွေဇာတ်ဆိုး

ဈေးကွက် စီးပွားရေးစနစ်ကို
လမစေ့ပဲ မိုက်ခွဲမွေး၊ အဓိဒ္ဓိုင်ဒီအက်စ်နဲ့
အသက်သွင်းလို့၊ ပေါ်တာလုပ်အား ကုသိုလ်ကံဟာ
အကျဥ်းထောင်ထဲ အရိုးတွန်ရှုပြီး ကြိုဆိုရှာတယ်

အပစ်အခတ်ရပ်စဲရေး စကားချိုးတွေဟာ
ခြသေ့နဲ့သမင် လက်ထပ်ဖို့ စေ့စပ်သည်ပမာ
အနှစ်မရှိတဲ့ ငြိမ်းချမ်းရေးနဲ့ အရာမထင်တဲ့
လမ်းပြမြေပုံ

မတရားဘုရင်၊ ပလင်ဆင်းမှ အများအမြင်ရှင်းမှာမို့
အများပြည်သူတလက်တွဲ၍ လူသတ်ဘီလူး
စစ်ဗိုလ်ကြီးများ ဝိညဥ်မဲ့ ဇာတ်သိမ်းရာဝယ်
အောင်မြင်ခြင်းရဲ့ အနံ့သက်ကို ရှူရှိုက်ယင်း
တော်လှန်မြေက အောင်လံစိုက်ထူပြီးမှ
လှမ်းခဲ့မယ်မေမေ၊

မောင်လေး ( သွေးဟာရိန်း)

ဤ
ဂျာ နယ် တွင်
ရေး သား ဖော် ပြ ထား သော
က ဗျာ၊ ကာ တွန်း နှင့်
ဆောင်း ပါး များ သည်
စာ ရေး သူ တ ဦး ချင်း စီ ၏
အ မြင် နှင့် သ ဘော ထား
များ သာ ဖြစ် သည်၊

အမှတ်စဉ် ၀၁/၁၂၊ ချင်းအမျိုးသားဂျာနယ်ကို
၂၀၀၇ခုနှစ်၊ မတ်လအတွင်း
ပြန်လည်ထုတ်ဝေမည်ဖြစ်ပါသည်။
၎င်းအတွက် စာမူများကို အောက်ပါ
လိပ်စာသို့ ပေးပို့နိုင်ကြပါပြီ။

**Editor**
**Chin National Journal**
**P.O Box (94)**
**Main Post Office**
**Aizawl - 796001**
**Mizoram - INDIA**

**Email - cnfdomain@yahoo.com**


အမျိုးသားလှုပ်ရှားမှု
အလေါ်နှား မလည်ချင်တော့
အခက်သားကွ×××
ဒေါ်းဆေကွယ်....
ဟိုမက်ဆေသိန့်
ဘာထူးသေးလဲ
ဗျာ ×××
XXXX XXX XXXXX
XXXXXX XX XXXX
XXXXX XXX
XXXXX
အမျိုးသားရေး
သတိရှိကြ
သော ××
TKxTN

## TAMKUI

ကျားရေချိုးသမျှ
တကိုယ်လုံးသွေးခြေဥလို့
နှုတ်ခမ်းအစုံကော့လံ
သွားဗလာနတ္တိ
နံ့ရှိုးမခိုင်
ညှိုသကျည်း အရေကွာလို့
ခြေဖနောင့်နှစ်ဖက် မှိုးမှိုက်ရာနှင့်
အရိုးဆိုး အကျည်းတန်စွာဖြင့်
သံတိုင်များနောက်မှာ ပေါ်တဲ့အလောင်းတွေဟာ
ဆွေမျိုးမိဘမိသင်္ဂဟနဲ့
လုပ်ဖော်ကိုင်ဖက်များသို့
မထိတထိ အခေ–ကာင်း–ကားလေ၏။

ဆေးမှတ်တမ်းမှာတော့ဖြင့်
ငှက်ရောဂါဖြင့် ကွယ်လွန်
အရင်းမရှိ အဖျားမရှိ
တုံးတုံးတိတိ
နားရှိရုံမှသာ–ကားရ
အသူ ယုံ–ကည်နိုင်ခဲ့နည်း
ငှက်ရောဂါဖြစ်ရိုးမှန်လျှင်
ချမ်း၊ တုန်၊ ပူ၊ ချွေးထွက်
ကံမကောင်းအခေ–ကာင်းမလှသည့်တိုင်
ရုပ်ဆင်းကပကတိ

သို့လည်းလေ
သူတို့တည်းခိုခန်းမှာလ
ငှက်စစ်မီလိုက်ယင်တော့ဖြင့်
ဆွေမျိုးမိဘများပင်လျှင်
အလောင်းများမှာစိုးရွံ့
ခက်လွန်းပါဘိ။

## မွေးမေမေသို့

နေထွက်မှသည် နေဝင်၊ နေဝင်မှသည် လထွက်၊ လဝင်မှသည်ရက်ပေါ့၊ နှစ်တွေ အလီလီကူးပြောင်း ရွှေ့လျားနေ သလို သားကို ကျွေးမွေးပြုစုလာခဲ့တဲ့မွေးမေမေရဲ့အသက်ဟာ ယခု ဆို ခြောက်ဆယ် နီးနီးရှိခဲ့တော့မှာလေ၊ ရှည်လျား ခြောက်သွေ့ လွန်းတဲ့ဘဝခရီးကို ဖြတ်သန်းပြီး လောကဓံတရားကို ခါးစည်း ခံလျက် ဒုက္ခပေါင်းစုံကို ရင်ဆိုင်ပြီး အရွယ်ရောက်အောင် ကျွေး မွေးပြုစုလာခဲ့တဲ့ မွေးမေမေကို အဝေးရောက်သားဒီစာတိုလေးနဲ့ နှုတ်ဆက် လိုက်ပါတယ်။

စာမလာ၊ သတင်းမ–ကားရတဲ့ ရက်၊ လ၊ နှစ်တွေ ရှည်–ကာပြီးသော်လည်း စက္ကန့်နှင့် အမျှ ချစ်မွေးမေမေကို သတိ ရလွမ်းဆွတ်နေဆဲပါမေမေ၊ ယခုနေခါမှာ မေမေသားကို တွေ့ လိုက်ယင်လေ၊ အမေကျေနပ်မျက်ရည်ဝဲနေမှာ သားမြင် ယောင်နေပါတယ်။

သားဟာ ယခုဆိုအမေ့သားကောင်းရတနာ မကလို့ အမိချင်းလဲန်ရဲ့ သားကောင်းရတနာတပါးဖြစ်နေပြီမေမေ၊

အမေ့ဆန္ဒ ပြည့်ဝအောင် သားဖြည့်ဆည်းခဲ့ပြီ၊ ကျေ နပ်တော့နော် အမေနော်၊


အမေရဲ့ဆုံးမစကားကို အာခံခဲ့တဲ့ သားမိုက် ယခု တော့ မေမေ့စေတနာတွေကို နားလည်တတ်ခဲ့ပြီ၊ ဘယ် အရာနဲ့မှ တုနှိုင်းမရတဲ့ အမေးကျေးဇူးတရားတွေ၊ သားဆိုး အပေါ် မျက် ရည်စက်လက်နဲ့ ခွင့်လွှတ်တတ်တဲ့မေမေ၊ သားမိုက်ကို အမျိုးနဲ့ တိုင်းပြည်အတွက် ပေးဆပ်ရဲတဲ့ သားကောင်း ရတနာ ဖြစ် အောင် ပြုစုပျိုးထောင်ပေးခဲ့တဲ့ အမေ့ကို သားအဝေး တနေရာ ကနေ ကန်တော့ခဲ့ပါတယ်၊

တနေ့ခါအခင်ပန်းသရဖူနှင့် အတူ မုချပြန်လာမည့် သားကို ရွာအဝင်လမ်းဆီကနေ လာကြို လှည့်နော် အမေနော်။

ရဲဘော် စီ ကိုခင်ပါး
တပ်ရင်း (၁) နယ်မြေ

## မောင့်အလွမ်း စေတမာန်

## စာဆိုကအသံလှိုင်း



ချစ်ဆုံးဇနီး
မောင်နှင့်ဝေးလို့အတွေးနယ်ချဲ့
ညဥ့်ကန္တာဒ်ှ လဝါရိပ်ခို
ရင်လှိုက်ဖို့ပြီး
ရှိုက်ငိုဝမ်းနည်းနေသလားကွယ်
ချစ်ဆုံးဇနီး
မောင်နဲ့ဝေးလို့ပူဆွေးရင်နာ
လွမ်းကမ္ဘာဒ်ှ နံ့သာမလိမ်း
ခေါင်းမသိမ်းဘဲချိုသည်းပါးပြင်
လွမ်းရိပ်ဆင်ကာ
အသွင်ညှိုးငယ်နေပြီလား
ချစ်ဆုံးဇနီး
မောင်နှင့်ဝေးလို့ မအေးမချမ်း
လူစိတ်နွမ်းကာ ရော်ရမ်းတမ်းတ
ရင်တစနှင့်
ပူဆွေးအားငယ်နေပြီလား
ချစ်ဆုံးဇနီး
ခွဲခွါနေရ တဒင်္ဂမှာ
အချစ်လွမ်းပြေ မောင်ကစေမယ်
လွမ်းဝေဒနာ ပြေစေဘို့ဒ်ှ
မောင့် ချစ် ဇနီး
ခွဲခွါနေရ တဒင်္ဂမှာ
အလွမ်းပြေအောက်မေ့ပြေစေဘို့ဒ်ှ
နှလုံးသားမှ ယိုစီးကျသော
စေတမာန်ကား
အလှသစ္စာမောင့်ကဗျာကို
ဖတ်ကာအလွမ်းပြေပါလေ။

**သော့ချိန်း**
( တပ်ရင်း–၃)

အနေဝေးသူ့ဖို့ဒ်ှ
ချစ်ဦးရေးတဲ့ဒ်ှစာတစောင်
မောင်........ တဲ့
တပါးရပ်ခေါ်လိုက်ရသလိုဘဲ
နားဆက်ဆက်ကိုယ်–ကားယောင်
သည်မြစ်ချောင်းဟိုဖက်ခြမ်းက
ကမ်းစပ်မှ ချစ်ဦးရပ်ခေါ်သလား
လှိုင်း–ကားလေ ကျော်ဖြတ်နင်းလာသို့ဒ်ှ
စာဖတ်ရင်း ရပ်နားထောင်
–ကားယောင်လာ ထင်အရှင်
အနေဝေးသူ့မို့ဒ်ှ
အားငယ်တိုင်းပြန်ကာဖတ်မိရဲ့
ချစ်ဦးမေတ္တာခွန်အားငေ–ကာင့်
စာသားမှန် အသံ–ကားနိုင်တဲ့
“မောင်” ဆိုတဲ့ စေသမန်က
ခုန်ပြန်ကာ ရင်ကိုဖောက်လို့ဒ်ှ
ရောက်ခဲ့တကား

တနေ့ကျနော့်ချစ်သူ "မိုး"နဲ့အတူ ဈေးဝယ် (shopping) ထွက်ခဲ့ကြတယ်။

ရောင်မျိုးစုံလင်တဲ့ အခင်းအကျင်းတွေနဲ့ မြို့ပြ ညရဲ့ ယဉ်ကျေးမှုဟာ လင်းလက်တောက်ပခမ်းနားလွန်း လှတယ်။ အရောင်အသွေးစုံလင်တဲ့ နေထိုင်သွားလာ ဝတ်စားဆင်ယင်မှုတွေအောက်မှာ တိုးတက်တဲ့ ခေတ်တစ် ခုရဲ့ သဘောတရား အခြေအနေတွေကို ထင်ဟပ်စေတယ်။ ရင်သပ်ရှုမောရလောက်အောင် လူ့ယဉ်ကျေးမှုရေလှိုင်း အောက်မှာ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေဟာ ပါးပါးလေး ခြယ်သထားတာကိုလဲ တွေ့ရတယ်။

ချစ်ခြင်းမေတ္တာတရားကို အခြေခံတဲ့ ဘာသာ တရားများရဲ့ သိမ်မွေ့နူးညံ့မှုတွေလဲတွေ့ရှိခံစားရနိုင်တယ်။ ခရစ်တော်ဘုရားရဲ့ လူသားများအပေါ် ချစ်တဲ့အဂ္ဂပေ မေတ္တာတော်၊ ဗုဒ္ဓတရားတော်၏ မဇ္ဈိမလမ်းစဉ် တရား၊ အလ္လာရှင်မြတ်ရဲ့ ငြိမ်းချမ်းရေးတရားစသည်ဖြင့် ဘာသာ တရားဆိုင်ရာ အမှတ်လက္ခဏာအ ဆောက်အဦးများ၊

## ဘိနပ်စုတ်ကလေးတရံ ဇာမ်ပြီး

မိုးမျှော်တိုက်တာအဆောက် အဦးများရဲ့ မွန်းကျပ်မှုတွေကြား ကလှ ပတဲ့ပန်းခြံတွေ၊ တိရစ္ဆာန်ဥယျာဉ် တွေ စသည်၊ စသည်...... မြို့ပြယဉ်ကျေးမှုရဲ့ အလှဟာ ဆန်းပြားခမ်းနားလှပါတယ်၊ မြင်မြင်သမျှအရာတိုင်းဟာ ထူးခြားမှု၊ ဆန်းပြားမှုအရိပ်တွေ လွှမ်းမိုးနေတယ်။

ဟိုဟိုဒီဒီ မျက်စိကစားအရသာခံပြီးငေးချင်တိုင်း ငေးကြည့်နေမိတယ်။ ဒီအခိုက် မထင်မှတ်တဲ့အဖြစ် အ ပျက်တစ်ခု–

"ဟဲ့ ပလုတ်တုတ်..."

ကျနော် မျက်စိအရသာခံနေတုန်း တနေရာရာ က ခလုတ်တိုက်တဲ့အသံ–

"အကိုခဏလေး၊ ဟို ...မိုးဖိနပ် ဘာဖြစ်သွား လဲမသိဘူး၊ ခလုတ်တိုက်မိလို့"

အာလာလာ ဘယ်သူများလဲလို့ ကိုယ့်ရီးစား ဖြစ်နေတာကိုး။

ဒါ....ငါတာဝန်မကျေတာပဲ၊ ကိုယ့်ဘေးနားက ကိုယ့်ရီးစားလေးတစ်ယောက် ဘာဖြစ်နေတာတောင် မသိရလောက်အောင် ငေးနေမိတာကိုး၊ ကိုယ့်ချစ်သူလေး အန္တရာယ်တစုံတရာမဖြစ်ရအောင် တာဝန်အပြည့်ရှိနေ တဲ့ကျနော် – ခုတော့..........။

"မုန်းစမ်း.. ဘာဖြစ်သွားသေးလဲဟင်၊"

ကျနော်ကပြာကယာသူ့နားဆီမှဆိုးဒူးထောက် ဝင်ထိုင်ချလိုက်ပြီး သူခလုတ်တိုက်တဲ့ သူ့ခြေထောက်ဆီကို လှမ်းကြည့်လိုက်မိတော့–

သွားပါပြီ၊ လှသူစည်ကားလှတဲ့နေရာ၊ သူ့ခဗျာ ဖိနပ်ကြိုးပြတ်နဲ့၊ အနီးအနားဆီ လှမ်းကြည့်လိုက်တော့လဲ ဖိနပ်ပြင်ဆိုင်လဲမရှိ၊ ဖိနပ်ရောင်းတဲ့ဆိုင်ကလဲ ရှာမတွေ့၊ လူဘုံအလယ်မှာ အနေရခက်လိမ့်မည် ဖြစ်ခြင်း။

"ကဲ "မိုး"ရေ၊ ကိုယ့်ဖိနပ်လေးကိုပဲ ခဏစီးထား လိုက်ပါ၊ ဆိုင်ရောက်တော့မှ အသစ်ပြန်ဝယ်စီးတာပေါ့ နော်။"

"အင်း.."

ဒီလိုနဲ့ပဲ ခနော်ခနဲ့ နေ့ရက်လေးမှာ ဖိနပ်ပြဿ နာကို အချိန်မီဖြေရှင်းခဲ့ကြတယ်။ အဲဒီ တဒင်္ဂ လေး၊ ကျနော် ဖိနပ်တစ်ရံရဲ့ အရေးတကြီး အ သုံးဝင်ပုံကို သတိထားမိတယ်၊ လူတစ်ယောက် ရဲ့ အခြေခံလိုအပ်ချက်တွေထဲမှာ ဖိနပ်တရံလဲ မရှိမဖြစ် လိုအပ်တယ်ဆိုတာ။

ကျနော့် အာရုံထဲမှာ တစုံတရာလင်းလက် သွားတယ်၊

ကျနော် ငယ်ငယ်တုန်းက ဖေဖေပြောခဲ့ဖူးတဲ့ ဖိ နပ်တစ်ရံအကြောင်း–

ကျနော်ငယ်ငယ်က အဖေနဲ့အမြဲတမ်းမဟုတ် တောင်မကြာခဏလမ်းထွက်လျှောက်တတ်ကြတယ်၊ ဒီ လိုမျိုး အချိန်တွေမှာအဖေ့ဆီက ထူးဆန်းတဲ့မှတ်သားစရာ လေးတွေ ရံဖန်ရံခါ ကြားရတတ်တယ်၊ တစ်နေ့သော သာ ယာတဲ့ညနေခင်းတစ်ခုမှာ အဖေနဲ့အတူခါတိုင်းလိုဘဲ လမ်း ထွက်လျှောက်ခဲ့ကြတယ်။

တနေရာရောက်လို့ သားအဖနှစ်ယောက်သား ခဏနားနေကြတဲ့အခိုက် ကျနော် ကိုယ့်ဖိနပ်စုတ်လေးကို ဟိုလိမ် ဒီလိမ်ပြီး ဆော့နေမိခဲ့တယ်လေ၊ ဖိနပ်ကလေးက ဟောင်းနွမ်းနေတော့ မြန်မြန်ပျက်စီးပြီး အသစ်လိုချင်တဲ့ စိတ်ပေါ့၊ ကျနော် တို့မိသားစုမှာကိုယ်သုံးဆောင်နေတဲ့ အသုံးအဆောင်တွေ(ဖိနပ်လိုဟာမျိုးပေါ့) လုံးဝသုံးလို့မရ

တော့မှအဖေက အသစ်ပြန်ဝယ်ပေးတတ်တယ်လေ။

ဒီတော့ အဖေက“ငါ့သား ဖိနပ်ဆိုတာ လူတိုင်းက လေးစား ရမှန်း၊ ဂရုစိုက်ရမှန်းမသိကြတဲ့၊ လေးစားဖို့ သတိမထားမိကြတဲ့ အသုံး အဆောင်တစ်ခုပဲ၊ ဖိနပ်ဆိုတာ လူကိုဘယ်လောက် အကျိုးပြုသလဲ၊ ကိုယ်လိုရာကို သွားနိုင်ဖို့အတွက် တာဝန်ကျေကျေနဲ့ လုပ်ဆောင်ပေးတဲ့အရာဖြစ်တယ်၊ လူတွေအပေါ်အကျိုးပြုနိုင်သလောက်ပေးဆပ်မှုပြုတယ်၊ ဖိနပ်ဆိုတဲ့အရာဟာ ဘယ်လောက်ဘဲ ကောင်းမွန်လှပနေပါစေ၊ ဘယ်လောက်ပဲ စုတ်ပြတ်ဟောင်းနွမ်းနေပါစေ၊ လူ့ခန္ဓာကိုယ်ကြီးကို သယ်ဆောင်ပေးနေတဲ့ ခြေဖဝါးထိခိုက်မှုမရှိရအောင်၊ ဆူးညောင့်ခလုတ်မထိရလေအောင် အကာအကွယ်ပြုပေးနေတဲ့အရာပါ။

ဘယ်လောက်ပဲလှပနေတဲ့ဖိနပ်ပင်ဖြစ်ပါစေ အသုံးပြုလို့ မရဘူးဆိုရင်တော့ အလကားပဲ၊ ဘယ်လောက်ဘဲဟောင်းနွမ်းစုတ်ပြတ်နေပါစေသူ့အလုပ်ကို အကျိုးရှိရှိအောင်မြင်စွာ စွမ်းဆောင်နိုင်ရင်တော့ ဒါဟာ အကျိုးရှိတဲ့၊ မှန်ကန်တဲ့ သဘောတရားတခုလို့ ဆိုရမယ်၊ ဖိနပ်ပီသဖို့လိုတယ်။ ကိုယ့်ကို ကာကွယ်ပေးတဲ့၊ အကျိုးပြုနေတဲ့ အဲဒီဖိနပ်အပေါ် ကိုယ်ကလဲ လေးစားတတ်ဖို့၊ တန်ဖိုးထားတတ်ဖို့လိုတယ်၊ ဖိနပ်မပါပဲနဲ့ ဘယ်လိုမှ ခရီးသွားလို့မရဘူး၊ ဖိနပ်ဆိုတာ အရေးကြီးတဲ့ အရာတစ်ခုဖြစ်တယ်”

အဖေပြောခဲ့တဲ့စကားပါ၊ ဒီတော့မှ ကျနော့ ဖိနပ်အဟောင်းလေးကို တန်ဖိုးထား၊ မြတ်နိုးတတ်လာခဲ့တယ်။

ဒီနေရာမှာ ကျနော်သဘောပေါက်မိတာကတော့–

“ဖိနပ်တစ်ရံလိုပဲ၊ လူဖြစ်လာရင် လူလို၊ လူပီသဖို့လိုတယ်၊ အသုံးမရတဲ့ လှပတဲ့ဖိနပ်တစ်ရံလို ‘ဟန်သာရှိပြီး အဆံမရှိတဲ့ လူ့ငနွားမဖြစ်ဖို့’လဲ အရေးကြီးပါတယ်။ အရောင်အဆင်းလှပပြီး စီးလို့မရတဲ့ ဖိနပ်မျိုးထက်ဘယ်လောက် ဟောင်းနွမ်းစုတ်ပြတ်နေပါစေ သစ္စာရှိရှိ တာဝန်သိတဲ့ ဖိနပ်တရံ ဖြစ်သင့်တယ်” လို့ပေါ့။

တကယ်လဲ ဖိနပ်ဆိုတာ လူ့တစ်ကိုယ်လုံးအတွက် ကြီးလေးတဲ့တာဝန်ကို ဆောင်ရွက်နေတဲ့ လူ့အသုံးအဆောင်ထဲက အစိတ်အပိုင်းလေးပါ၊ သို့သော် ဦးခေါင်းထက်က ဦးထုပ်တစ်လုံးထက် ခြေဖဝါးအောက်က ဖိနပ်တစ်ရံဟာ ပိုပြီးတော့ အရေးကြီးပါတယ်၊ တချို့က နေပူဒါဏ်ခံနိုင်အောင်လို့ ဦးထုပ်ဆောင်းရတာမျိုးလဲ ရှိသလို၊ အလှအပသက်သက်နဲ့ ဆောင်းကြတာတွေလဲရှိပါ တယ်၊ ဘယ်ပုံစံမျိုးနဲ့ဘဲ သုံးတယ်ထားအုံး၊ ကိုယ့်အတွက် အသုံးဝင်ပုံချင်းတော့မတူဘူး၊ ဦးထုတ်မဆောင်းပဲလဲ ခရီးသွားလို့ရပါတယ်၊ ဒါပေမဲ့ ဖိနပ်မပါပဲနဲ့ ဘယ်လို အဆင်ပြေနိုင်ပါ့မလဲ၊ တန်ဖိုးချင်းမတူဘူး၊

ဖိနပ်တစ်ရံဆိုတာ လူ့တစ်ကိုယ်လုံးကို သယ်ပေးနေရတဲ့ အဂ္ဂဗေဝန်ထမ်းပါပဲ။

ကိုယ်ဘယ်သွားချင်တယ်၊ ဘယ်လာချင်တယ်၊ သူကဘဲ လိုရာကို သယ်ဆောင်ပေးနေမြဲ၊ ဖိနပ်ဆိုတာ ဒီလောက်ထိတော့အရာမဝင်ဘူးလို့ အထင်မမှားမိလေနဲ့။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၊ တိုင်းပြည်တစ်ပြည် တိုးတက် ဖွံ့ဖြိုးဖို့ရာအတွက် ဖိနပ်တစ်ရံလို လူတွေများစွာလိုနေတယ်။ သူဘာတွေလိုနေတယ်၊ ကိုယ့်အကျိုးချည်း မကြည့်ဘဲနဲ့ သူ့ကောင်းကျိုးအတွက် အဂ္ဂဗေပုဂ္ဂိုလ်တွေလိုအပ် နေပါတယ်။

သင်ရောက်ချင်တဲ့နေရာ၊ ပန်းတိုင်တစ်ခုဆီကို ရောက်နိုင်အောင်တော့ သင်ကြိုးစားနေရမှာပါပဲ၊ တခါတလေ အကြောင်းရပ် တစုံတရာကြောင့် ကိုယ့်ရည်မှန်းရာ မဆုပ်ကိုင်နိုင်တာတွေလဲ ရှိတတ်တယ်၊ကိုယ်ရည် မှန်းထားတဲ့ခရီးတခုကို တကယ်လို့ အကြောင်းတစ်စုံတစ်ရာကြောင့် ကိုယ်မရောက်နိုင်တော့ဘူး ဆိုခဲ့ရင် ဒီတိုင်းပဲမင်းငုတ်တုတ်ထိုင်နေမှာလား၊ ကိုယ် လိုချင်တပ်မက်တဲ့ အများတောင့်တတဲ့ပန်းတိုင်၊ အရာတခုကို မရခဲ့ရင်တောင် ကိုယ့်ရင်သွေး၊ ကိုယ့်ရဲ့ နောက်လူတွေ အလွယ် တက်လှမ်းနိုင်အောင် လှေကားထစ်အဖြစ်၊ ဖိနပ်တစ်ရံ တော့ဖြစ်သင့်တယ်၊ ကိုယ့်အနေအထားမှာ မဖြစ်နိုင်ပေမဲ့ နောက်လူအတွက် လှေကားတထစ်တော့ဖြစ်သင့်တယ်။

အောင်မြင်မှုပန်းစည်း ဆုပ်ကိုင်နိုင်ဖို့အတွက် ကျရှုံးခြင်းတည်းဟူသော လှေကားထစ်တွေလဲလိုအပ်ပါတယ်။

ကျနော် ဖတ်ခဲ့ဖူးတဲ့ ပုံပြင်လေးတစ်ပုဒ်ကို အမှတ်ရမိတယ်။

ပုံပြင်လေးထဲမှာက ရွှေသမင်လေးရဲ့ အမြင်မှားယွင်းခြင်း၊ ခံယူချက်မှားယွင်းခြင်းကို တွေ့ရပါတယ်။

"တနေ့တော့ ရွှေသမင်ငယ်လေးဟာ အစာရှာရင်းနဲ့ ရေကန်တစ်ကန်အနီးရောက်လာသတဲ့၊ ရုတ်တရက် သူ့ရဲ့ ရုပ်ပုံလွှာကို ရေကန်ထဲမှာ လှမ်းမြင်လိုက်တယ်၊ အလွန်လှပတဲ့သူ့ရဲ့ ဦးချိုကလေးကို ကြည့်ပြီးချီးမွမ်းသတဲ့၊ သူ့မှာ ဒီလောက်လှပတဲ့ ဦးချိုပိုင်ဆိုင်ရပါလားပေါ့၊ တဆက်တည်း ရေကန်ထဲမှာဘဲ သူ့ခြေထောက်ကိုလဲလှမ်းမြင်လိုက်တယ်၊ သူ့ခြေထောက်ခွာကို ကြည့်လိုက်တော့ သူ့ဦးချိုလို လှမနေတာကို တွေ့ရတယ်၊ အင်မတန် ရုပ်ဆိုးတဲ့ ခြေထောက် ဆိုပြီး သူ့ခြေထောက်ကိုသွားကဲ့ရဲ့ မိတာပေါ့။

သူ့ခြေထောက်နဲ့ ဦးချိုကို တလှည့်စီ အပြစ်တင်လိုက်၊ ချီးမွမ်းလိုက်လုပ်နေတုန်း မထင်မှတ်ဘဲ မုဆိုးတစ်ယောက် ရောက်ချလာတော့ လန့်ဖျန့်ပြီးထွက်ပြေးသွားပါလေရော၊ အားရှိပါးရှိ ပြေးလွှားနေတုန်းတနေရာအရောက် ချုံပုတ်တစ်ခုမှာ သူ့ရဲ့လှပလွန်းလှတဲ့ ဦးချိုကလေးက ညှိနေတော့သတဲ့၊ တစ်ဖက်က သူ့ရဲ့အသက်ကို အန္တရာယ်ပြုမဲ့ မုဆိုး၊ တဖက်က ချုံပုတ်မှာညှိနေတဲ့ သူချီးမွမ်းခဲ့တဲ့ သူရဲ့လှပတဲ့ ဦးချို၊ ဘယ်လိုပဲရုန်းရုန်းဖတ်ဖတ်မေသွားရုံ အဖတ်တင်တယ်၊ ကိုယ်ချီး မွမ်းခဲ့တဲ့ ဦးချိုကြောင့် ဒုက္ခရောက်နေပြီ၊ သူသေရတော့မယ်၊ မုဆိုးရဲ့မျှားချက်နဲ့၊ သူသဘောပေါက်သွားတာက သူ့ရဲ့ လှပတဲ့ဦးချို၊ သူချီးမွမ်းခဲ့တဲ့ ဦးချိုဟာ နောက်ဆုံးတော့ သူ့ရဲ့အသက်ကို အန္တရာယ်ပြုသောအရာပါလား၊ ဦးချိုလို လှပမှုမရှိတဲ့ ခြေထောက်ကမှ သူ့ရဲ့ကယ်တင်ရှင် မဟုတ်ပါလားဆိုပြီး သူသဘောပေါက်သွားခဲ့တယ်....'' တဲ့၊

ပုံပြင်လေးကတော့ တိုတိုလေးပါပဲ၊ ဒါပေမဲ့ ဒီပုံပြင်တိုလေးရဲ့ နောက်ကွယ်မှာ ကြီးမားတဲ့ စွမ်းအားတွေရှိနေပါတယ်၊ အထက်က ဖေါ်ပြခဲ့သလို ဦးထုပ်တစ်လုံးဟာ အရေးပါသလိုကိုယ့်ရဲ့ ဖိနပ်တစ်ရံဟာလဲပဲ တန်ဖိုးထားတတ်ဖို့ မီးမောင်းထိုးပြထားတာကို တွေ့ရပါတယ်။

ဒီပုံပြင်လေးကို ကြည့်လိုက်ခြင်းအားဖြင့် ကိုယ့်ရဲ့ ခြေစွပ်လေး၊ ဖိနပ်တစ်ရံရဲ့ အရေးပါပုံကို သတိပြုမိအောင် ဖေါ်ညွှန်းပေးနေပါတယ်။

ခန္ဓာကိုယ်ကြီးဖြစ်တဲ့ အမိတိုင်းပြည်ကြီး၊ ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံတော်ကြီး သာယာဝပြောလာဖို့ရန် အတွက် ဖိနပ်စုတ်လေးတစ်ရံရဲ့ပေးဆပ်မှုမျိုးတွေနဲ့–

မျှော်ကြည့်လိုက်စမ်းပါ သင့်မနက်ဖြန်ဆီကို–

.............။



# အာဏာနှင့်မြန်မာ့ရှုထောင်

## အပိုင်း(၁)

ဒေါက်တာအောင်ခင် စီစဉ်တင်ဆက်သည်

အစိုးရစနစ်ကို လေ့လာရာမှာ လူအများစု အုပ်ချုပ်ရေး။ လူတစုအုပ်ချုပ်ရေး၊ အကြွင်းမဲ့ အာဏာရှင်စနစ်၊ သက်ဦးဆံပိုင်ဘုရင်စနစ် စသည်ဖြင့် အမျိုးမျိုးသတ်မှတ်ပြီး ကောင်းကျိုးဆိုးပြစ်ကို ဆန်းစစ်လေ့ ရှိသည်။ အခုခေတ်မှာ အကြွင်းမဲ့အာဏာရှင်စနစ်နှင့် ဘုရင်စနစ်ကို လက်မခံတော့ပါဘူး။ အစဉ်အလာအရ ဘုရင်စနစ်ကျင့်သုံးနေတဲ့နိုင်ငံတွေမှာလည်း ပြည်သူလူထုက ရွေးကောက် တင်မြှောက်ထားတဲ့ အစိုးရကသာ အာဏာရှိပြီး ဘုရင် ကတော့ အမည်ခံမျှသာ ဖြစ်ပါတယ်။ လူတစ်စု အုပ်ချုပ်ရေးစနစ်နှင့် အာဏာရှင်စနစ်ကို မကောင်းတဲ့ အစိုးရစနစ် အဖြစ် သတ်မှတ်ထားပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံ အပါအဝင် တိုင်းပြည် တချို့မှာ မကောင်းတဲ့ အစိုးရစနစ်တွေ သက်ဆိုးရှည်နေတဲ့အတွက် နိုင်ငံရေး သိပ္ပံလေ့လာရာမှာ အုပ်ချုပ်ရေးစနစ်ပုံစံကိုသာမကဘဲ ဒီလိုအစိုးရမျိုးကို လက်ခံထားတဲ့ လူ့အဖွဲ့အစည်းကိုလည်း လေ့လာဆန်းစစ်ဖို့လိုအပ်တယ်လို့ ပညာရှင်တွေကယူဆပါတယ်။

အစိုးရတခုရဲ့ အာဏာရှိဖို့ အတိုင်းအတာဟာ ဒီအစိုးရကို တိုင်းသူပြည်သားက ဘယ်လောက် လက်ခံထားတဲ့အပေါ် မူတည်ပါတယ်။ တနည်းဆိုရရင်တော့ တိုင်းပြည် သို့မဟုတ် လူ့အဖွဲ့အစည်းရဲ့ ဓလေ့ထုံးစံဟာ အဲဒီတိုင်းပြည်မှာ ကျင့်သုံးနေတဲ့ အစိုးရစနစ် အပေါ်မှာ ရောင်ပြန်ဟပ်နေတဲ့ သဘောပါဘဲ။

တိုင်းပြည်တပြည်ရဲ့ နိုင်ငံရေးဓလေ့ဟာ နေ့ချင်း ညချင်း ပေါ်ပေါက်လာတာ မဟုတ်ပါဘူး သမိုင်းက မွေးထုတ်လိုက်တာ ဖြစ်ပါတယ်။ ဒါပေမဲ့ လူ့အဖွဲ့အစည်းရဲ့ ဓလေ့ထုံးစံနှင့် စိတ်နေစိတ်ထားဟာ သမိုင်းကြောင်းကို ပြောင်းလဲစေနိုင်တဲ့ အကျိုးအာနိသင် ရှိတယ်လို့ ဆိုရိုးစကားရှိပါတယ်။ နှစ်ပေါင်းတထောင် (၁၀၀၀) လောက် အကြွင်းမဲ့ အာဏာရှင်စနစ်အောက်မှာ နေခဲ့ရပြီးဗြိတိသျှ ကိုလိုနီဘဝမှာ နှစ်ပေါင်း(၁၀၀) တစ်ရာလောက် နေခဲ့ရတဲ့ မြန်မာပြည်မှာ မြန်မာဘုရင်စနစ်ရဲ့ လောင်းရိပ်က ပိုပြီးကြီးမား နက်ရှိုင်းပါတယ်။ ပါမောက္ခ ဒေါက်တာမောင်မောင်ကြီး၊ ဒေါက်တာ ဦးကျော်သက်စတဲ့ သမိုင်းဆရာတွေက သုံးသပ်ဘူးပါတယ်။ ဗြိတိသျှအုပ်ချုပ်ရေး အတွက်ပေါ်လာတဲ့ တရားဥပဒေစိုးမိုးရေး၊ တရားမျှတရေးစတဲ့ လစ်ဘရယ်သဘောတရားတွေကို လွတ်လပ်ရေးရပြီး ဒီမိုကရေစီအစိုးရစနစ်တည်ထောင်တဲ့အထိ မြန်မာပြည်သားအများစုက ကောင်းကောင်း နားလည်သေးတာမဟုတ်ကြောင်း ပါမောက္ခမောင်မောင်ကြီး ကစာတမ်းရေးဘူးပါတယ်။

လွတ်လပ်ရေးရပြီးချိန်ကစပြီး ၁၉၅၈ အထိ (၁၀) နှစ်ကျင့်သုံးခဲ့တဲ့ ပါလီမန်ဒီမိုကရေစီစနစ်ဟာ ဒီမိုကရေစီ မစစ်မှန်ဘူးလို့ အဲဒီခေတ် အတိုက်အခံတွေက မကြာခဏ ဝေဖန်ကြပါတယ်။ ဒီမိုကရေစီနည်းနှင့် ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရဖြစ်ရပေမဲ့ အာဏာရှင်ဆန်ဆန် အတိုက်အခံတွေကို ထင်သလိုဖမ်းဆီးထောင်ချမှု၊ ပြည်သူလူထုပါဝင်တဲ့ အခန်းကဏ္ဍနည်းပါးမှု စတဲ့ အားနည်းချက်တွေကြောင့် ဒီမိုကရေစီမစစ်ဘူးလို့ ဝေဖန်ခဲ့ကြရတာ ဖြစ်ပါတယ်။

ရွေးကောက်တင်မြှောက်ထားတဲ့ ဒီမိုကရေစီအစိုးရကို ဗိုလ်ချုပ်နေဝင်းက သစ္စာဖောက်ပြီး ၁၉၆၂ ခုနှစ်မှာ စစ်တပ်က အာဏာသိမ်းလိုက်ပါတယ်။ အဲဒီအချိန်ကစပြီး အကြွင်းမဲ့အာ ဏာရှင်စနစ် ပြန်လည်ရှင်သန်အောင် စစ်အစိုးရအဆက်ဆက်က အပတ်တကုတ်ကြိုးပမ်းခဲ့တာတွေ့ရပါတယ်။ သူ့ခေတ်နှင့်သူ့အခါ ဗမာဘုရင်တွေ ဘုန်းမိနေလတောက်ပခဲ့တာကို အခုခေတ်စစ် အာဏာရှင် အုပ်စုက အားကျနေပုံရပါတယ်။ ဒါကြောင့် အကြွင်းမဲ့ ဗမာအာဏာရှင်စနစ်အကြောင်းကို ပထမဆုံး အကျဉ်းချုံး တင်ပြပါရစေ။

ရှေးဗမာတွေနားလည်တဲ့ တခုထဲသောအစိုးရစနစ်ဟာ ဘုရင်စနစ်ဖြစ်ပါတယ်။ တိုင်းပြည်မှာ ဘုရင်ဟာ အာဏာအရှိဆုံး ဘုန်းကံအရှိဆုံး အမြင့်မြတ်ဆုံးပုဂ္ဂိုလ်အဖြစ် သတ်မှတ်ထားပါတယ်။ မဟာသမ္မတမင်းမျိုးကဆင်းသက်သလိုလို ယုံထင်ကြောင်ထင်ဖြစ်အောင်လုပ်ထားတာကြောင့်မင်းမျိုးနွယ်ကသာ တိုင်းပြည် ပိုင်ခွင့်ရှိတဲ့ သဘောမျိုးဖြစ်ပါတယ်။

တိရိစ္ဆာန်ကိုတောင် နန်းတွင်းမှာမွေးထားရင် မြင့်မြတ်တယ်လို့ ယူဆကြပါတယ်။ မြန်မာ့သမိုင်းဆိုတာ ဘုရင်တွေအကြောင်းကို မှတ်တမ်းတင်ထားတဲ့ စာအုပ်တွေဖြစ်ပါတယ်။ မှန်းနန်းရာဇဝင်ဟာ ဘုရင့်အမိန့်နှင့် ရေးတဲ့စာတမ်းဖြစ်ပါတယ်။ ဒါကိုအားကျပြီး ဗိုလ်နေဝင်းကလည်း နဝတအစိုးရလက်ထက်မှာ သမိုင်းမှန်ပြုစုရေးဆိုပြီး သမိုင်းဆရာတစုကို စာအုပ်ရေးခိုင်းပါသေးတယ်။

အနုပညာဆိုတာ ဘုရင့်နန်းတော်အသိုင်းအဝိုင်းမှာသာရှင် သန်ကြီးထွားလာကြောင်း ရှေးဗမာတွေရဲ့ ဘဝဟာ ကျဉ်းမြောင်းလှပါတယ်။ ဘုရင့်အသိုင်းအဝိုင်းဟာ အမြဲတမ်းမာန်မာနထောင်လွှားပြီး ဘဝင်မြင့်နေတာကြောင့် အဆက်အဆံသိပ်မလုပ်ကြ ပါဘူး။ ဒါကြောင့် အသိဉာဏ်ဗဟုသုတနည်းပါးပြီး ကမ္ဘာ့အပြောင်းအလဲကို မသိတာများပါတယ်။

အုပ်ချုပ်မင်းလုပ်သူအဖို့ကတော့ ပြည်သူတွေအပြင်လောကနှင့် အဆက်အသွယ်နည်းလေ ပြည်သူလူထုကို အယုံသွင်းရတာ ပိုလွယ်လေဖြစ်ပါတယ်။ တိုင်းသူပြည်သားကို အခိုင်းအစေကြေးတော်မျိုး၊ ကျွန်လိုမျိုးသတ်မှတ်ပြီး ဘုရင်ကိုတော့ သက်ဦး ဆံပိုင်

အရှင်သခင်အဖြစ် သတ်မှတ်ပါတယ်။ မင်းမျိုးမင်းနွယ်သွေးမြေမကျ တော့ဘူးလို့ အယုံသွင်းလာတာ ဖြစ်ပါတယ်။

ဒါကြောင့်အချင်းချင်းအာဏာလုယူ သတ်ဖြတ်ကြတဲ့ အခါမှာ ဓါးနှင့်မခုတ်ဘဲ လည်မျိုကိုတုတ်နှင့် ရိုက်သတ်တာမျိုး မကြာခဏ ဖြစ်တတ်ပါတယ်။ မင်းကျင့် တရား(၁၀)ပါးဆိုတာရှိ ပေမဲ့ လိုက်နာတဲ့မင်း အင်မတန် ရှားပါးတယ်။ လက်တွေ့မှာတော့ ဘုရင်မင်းမြတ် စိတ်ကြိုက်လုပ်ရတာများပါတယ်။ အုပ်ချုပ်မင်းလုပ်သူတွေ လိုက်နာရမည့် ဝတ်တရားရှိပေမယ့် မလိုက်နာလို့လဲ ဘာမှမဖြစ်ပါဘူး။ ဒါကြောင့်မို့ တရားဥပဒေနှင့်အညီ (ဝါ) ဓမ္မဓိ ဌာန်ကျကျစတဲ့ အယူအဆတွေကို ဗမာမင်းလက်ထက်မှာ ကျင့်သုံးခဲ့တာ မဟုတ်ဘဲ အင်္ဂလိပ်အုပ်ချုပ်တော့မှ ကျင့်သုံးလာတာဖြစ်ကြောင်း ပါမောက္ခ ဦးမောင်မောင်ကြီးက ဖော်ပြခဲ့ပါတယ်။

ဗမာမင်းလက်ထက်လွှတ်တော်ဟာ အာဏာရှင်ဘုရင်ကို ကျော်မလုပ်နိုင်ပါဘူး။ ဝန်ကြီးလေးဦးပါဝင်သော လွှတ်တော်ကို ဘုရင်ကဖွဲ့စည်းတာဖြစ်လို့ ဘုရင်ရဲ့ လက်အောက်ခံဖြစ်ပါတယ်။ အာဏာကို ကန့်သတ်လုပ်တာမျိုး ဗမာမင်းတွေက လက်မခံနိုင်ပါဘူး။ အောက်ဗမာပြည် အင်္ဂလိပ်လက်အောက် ကျရောက်သွားတာကို လက်မှတ်ထိုးအသိအမှတ်ပြုဖို့ မင်းတုန်းမင်းက ငြင်းဆန်ခဲ့ပါတယ်။

လက်ရှိစစ်အစိုးကလည်း နိုင်ငံခြားအကူအညီကိုတော့ လိုအပ်ပေမဲ့ လက်မခံနိုင်ဘူးလို့ ကြွေးကြော်နေတာဟာ အသိဉာဏ်ကင်းမဲ့တဲ့ ရှေးဗမာမင်းများရဲ့ လုပ်ပုံကိုင်ပုံနှင့် တထပ်တည်း ဖြစ်နေပါတယ်။ အာဏာကို ကန့်သတ်လာရင် ဗမာမင်းက လက်မခံနိုင်တာကြောင့် နောက်ဆုံးမှာ မရှုနိုင်မရှိုက်နိုင်ဖြစ်တော့မှ အဖြစ်မှန်ကို သဘောပေါက်ကြတာများပါတယ်။ အဲဒီအခါမှာ အရှိန်လွန် ပြီးရောဂါကျွမ်းနေတာက များပါတယ်။

နေရာတကာမှာ အာဏာရှင်ဘုရင်က ကြီးစိုးနေတာကြောင့် မကျေနပ်ရင်ပုန်ကန်ယုံကလွဲပြီး အခြားနည်းလမ်းမရှိ တော့ပါဘူး။ အာဏာရှင်ရဲ့ အကျင့်စရိုက်ဟာ အုပ်ချုပ်ရေးပုံစံမှာ ရောင်ပြန်ဟပ်ပါတယ်။ ရက်စက်ကြမ်းကြုတ်စွာ အုပ်ချုပ်အချိန်မှာ အစိုးရကလည်း အညှာအတာကင်းမဲ့စွာ ရက်စက်တတ်ပါတယ်။ ဖိနှိပ်ညှင်းပမ်းတာကို အစိုးရလုပ်ငန်းကြီးလို လုပ်နေတဲ့ အဲမ်အိုင် ထောက်လှမ်းရေးတွေဟာ ဗိုလ်ချုပ်နေဝင်းရဲ့ သရုပ်ကိုရောင်ပြန်ဟပ်နေပါတယ်။

## အပိုင်း (၂)

နှစ်ပေါင်းတထောင်လောက်အာဏာရှင်စနစ် အောက်မှာ နေခဲ့ရတဲ့ မြန်မာ့လူ့အဖွဲ့အစည်းမှာ မင်း သို့မဟုတ် အစိုးရနဲ့ပတ်သက်တဲ့ စကားတွေ အတော်များများရှိပါတယ်။ အစိုးရဆိုတာ ကြောက်စရာလန့်စရာမို့လို့ မယုံကြည်ရမည့်ရန်သူအဖြစ် သတ်မှတ်ထားပါတယ်။

ရန်သူမျိုးငါးပါးမှာ အစိုးရကိုပါထည့်ထားတာကို ကြည့်ရင်တတ်နိုင်သမျှ အစိုးရနဲ့ကင်းကင်းနေလိုတဲ့ ပြည်သူ့ဆန္ဒကို သိနိုင်ပါတယ်။ ဘေးအန္တရာယ်ကင်းဘို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဗုဒ္ဓ ဘာသာ မြန်မာလူမျိုးတွေဟာ ပရိတ်ကြီးဆယ်သုတ်ကို ရွတ်ဆို လေ့ရှိကြပါတယ်။ ပရိတ်မရွတ်ခင် နတ်ကောင်းနတ်မြတ်ကို ပင့်ဖိတ်တဲ့အနေနဲ့ ပရိတ်ပဌာန်းကို အရင်ဆုံးရွတ်ဆိုပါတယ်။ သန္တာ ၁စက္ကဝါ ဠေသအတြာဝန္တု၊ ဒေဝတာလို့အစချီပြီး ရာဇာတောဝါ၊ အစောရ တောဝါ၊ မနုတောဝါ၊ အမနုသတောဝါ စတဲ့ မင်းဘေးသူခိုးဓါးပြဘေး စတာတွေကို အန္တရာယ်အသီးသီးက ကင်းဝေးရအောင် နတ်ပေါင်းတို့က စောင့်ရှောက်ပေးဘို့ ပန်ကြားထားပါတယ်။

ရန်သူမျိုးငါးပါးနဲ့ကင်းဝေးအောင် သမ္မာဒေဝနတ်ကို ပန်ကြားတာဟာ ဗမာမင်းလက်ထက် ကတည်းကပါ။ အစိုးရမင်းရဲ့ ထင်သလို အနိုင်ကျင့်မှု၊ အတင်းအဓမ္မ အကြမ်းဖက်မှု၊ တာဝန်မဲ့စွာ ရက်စက်ကြမ်းကြုတ်မှု စတာတွေကြောင့် ပြည်သူလူထုဟာလည်း ဒုက္ခရောက်ရတဲ့အတွက် မခံနိုင်လွန်းလို့ ရန်သူမျိုးငါးပါးထဲမှာ အစိုးရကိုပါ ထည့်သွင်းလိုက်ကြတာ ဖြစ်ပါတယ်။

အစိုးရမင်းကို ဘေးအန္တရာယ်အဖြစ် သတ်မှတ်တာဟာ မြန်မာပြည်မှာ မင်းကောင်းမရှိလို့တော့မဟုတ်ပါဘူး၊ အင်မတန် ရှားပါးလွန်းလို့ဖြစ်ပါတယ်။ နောက်တချက်က မင်းကောင်းဖြစ်စေ၊ မင်းဆိုးဖြစ်စေ ဗမာမင်းရဲ့ အာဏာဆိုတာ စည်းကမ်းဥပဒေလုပ်ပြီး ကန့်သတ်ထားတာ မဟုတ်ပါဘူး၊ ဆင်ခြင်ထုံးတရားသုံးတာလည်း မဟုတ်တော့ ဘုရင်နဲ့သူ့ လက်သုံးတော် လက်မ ရွံ့ အာဏာသားကို ပြည်သူလူထုက အမြဲတမ်းကြောက်နေရပါတယ်။ ဘုရင်ဆိုရင် ယုတ္တိရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ နာခံရတာမို့ အစိုးမင်းနဲ့ မထိတွေ့အောင် ကြိုတင်ရှောင်ရှားဘို့သာသတိထားကြရပါတယ်။ မင်းတို့မျက်စောင်း အကြောင်းမရွေးဆိုတဲ့ စကားကိုကြည့်ရင် အစိုးရဟာ ပြည်သူလူထုကို အကြောင်းမရှိဘဲ ဒုက္ခပေးနိုင်တာကြောင့် အာဏာပိုင်ဆိုင်မှုမှာ အကန့်အသတ်မရှိလေလေ မကောင်းမှု ဒုစရိုက်များလေလေပါဘဲ၊ မင်းနဲ့လူယုတ်မာကို ရန်သူအဖြစ် သတ်မှတ်ထားတာမို့ လူယုတ်မာက မင်းဖြစ်လာပြီဆိုရင်တော့ ပြည်သူလူထုဟာ အလူးအလဲခံရဖို့သာ ရှိပါတော့တယ်။

"မင်းဆိုသမျှ ကွင်းရှောင်မည့် ထမင်းတောင်မစားချင် ဘူးလေ"လို့ဆိုပြီး မင်းတုံးမင်းခေတ်က စာဆိုတဦး စလေပုံညက စာချိုးခဲ့ဖူးပါတယ်။ မင်းကိုရှောင်ပြီဆိုရင် ထမင်းကိုတောင် မစားချင်တော့ကြောင်း နာကျည်းစွာချိုးသွားတာဖြစ်ပါတယ်။ ဗမာမင်းတွေ ရက်စက်ကြမ်းကြုတ်ရဲတဲ့အကြောင်းရင်းကို ရှာဖွေတဲ့အခါမှာမနိုင်တဲ့ အလုပ်ကိုလုပ်ဖို့ ကြံစည်တာကလည်း အကြောင်းတခု ဖြစ်တယ်လို့ဆိုတယ်။ အခုလည်း စစ်အစိုးရဟာ မိမိမလုပ်နိုင်တဲ့ အလုပ်ကိုလုပ်ဖို့ကြံစီတာမို့ ပြည်သူလူထုကို အတင်းအဓမ္မ ခိုင်းနေတာဖြစ်ပါတယ်။ ဥပမာ ဆောက်လုပ်ရေးစီမံကိန်းတွေမှာ ပြည်သူလူထုကို

အနိုင်ကျင့်ချောဆွဲပြီး အလကားခိုင်းတာနဲ့ တိုင်းရင်းသား ပြောက်ကျား တွေကို စစ်ဆင်ရာမှာ အရပ်သားတွေကို အနိုင်ကျင့် ချောဆွဲပြီး အလကားခိုင်းနေတာဟာ မနိုင်တဲ့အလုပ်ကို လုပ်နေတာဖြစ်ပါတယ်။ ဗမာမင်းလက်ထက်ကလည်း ဒီလိုအဓမ္မခိုင်းစေတာ မျိုးတွေ တလျှောက်လုံး ရှိလာခဲ့တာပါဘဲ။

ဗမာဘုရင်တွေကျင့်သုံးတဲ့ အုပ်ချုပ်ရေးစနစ်ဆိုတာ ရက်စက်စွာဆက်ဆံမှုစတဲ့ အကြမ်းဖက်နည်းတွေသာဖြစ်တာကြောင့် ပြည်သူလူထုက အစိုးရနဲ့ ကင်းကင်း ရှင်းရှင်းနေလိုတာ မဆန်းပါဘူး။

**မင်းလေ့မျောလဲ မဆယ်နဲ့ ခြေနှစ်ချောင်းလဲ မကယ်နဲ့** ဆိုတဲ့စကားအရ အစိုးရနဲ့ပတ်သက်လာယင် သွားမရှုပ်တာ အကောင်းဆုံးလို့ ယူဆထားတာထင်ရှားလှပါတယ်။ ဒါကြောင့် ရှေးဗမာတွေကအစိုးရကိစ္စကို စိတ်မဝင်စားဘူလို့ ဆိုနိုင်ပါတယ်။ **အစိုးရမင်းများကို တတ်နိုင်သမျှ ရှောင်ရှားဘို့ ကြိုးစားရင်း သာသနာရေးကိစ္စမှာသာအစိုးရနဲ့ပူးပေါင်း ဆောင်ရွက်လေ့ရှိပါတယ်**။ ဒါကြောင့် မြန်မာ့ရိုးရာအဖွဲ့အစည်းမှာ အုပ်ချုပ်သူလူတန်းစားနဲ့ အုပ်ချုပ်ခံလူတန်းစားတို့အကြား ကွာဟမှုဟာ အင်မတန်ကြီးမားလှ ပါတယ်။

ရက်ရက်စက်စက် အကြမ်းဖက်အုပ်ချုပ်တဲ့ နည်းဟာ တိုင်းပြည်အေးချမ်းသာယာအောင် မလုပ်နိုင်ပါဘူး အကြောက်တရားမှာ အခြေခံတဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်တာကြောင့်အားနည်းပြီး မခိုင်မြဲတဲ့ အစိုးရအုပ်ချုပ်ရေးစနစ်လို့ ဆိုနိုင်ပါတယ်။ ဒါကြောင့် ဗမာမင်း လက်ထက် မြန်မာပြည်မှာ ရာဇဝတ်မှုထူ ပြောပြီး မကြာ ခဏ ပုန်ကန်တော်လှန်ကြတာကြောင့် အမြဲတမ်းဆူပူမှုဖြစ်နေတယ်လို့ သမိုင်းဆရာကြီး ဂျေအီးဆာဘေးက ဆိုပါတယ်။ အစိုးရနဲ့ သူခိုး ဓါးပြတွေကြားမှာ ညှပ်နေတဲ့ မြန်မာပြည်သူတွေငြိမ်းချမ်းစွာ နေထိုင်နိုင်ကြရဲ့လားဆိုတာ မေးခွန်းထုတ်စရာ ဖြစ်ပါတယ်။

ဆယ့်ကိုးရာစုအစောပိုင်းက မြန်မာနိုင်ငံမှာ လူဦးရေ (၃/၄) သန်းလောက်သာရှိတယ်လို့ ခန့်မှန်းကြပါတယ်။ ဆယ့်ရှစ်ရာစုမှာဆိုရင်တော့ လက်ရှိထက်ပိုပြီး နည်းမှာသေချာတယ်။ အားလုံးလိုလို လယ်ယာလုပ်ကိုင် စားသောက်ကြပြီး ပြည်တွင်းကုန်သွယ်ရေးက မပြောပလောက်ပါဘူး။ နိုင်ငံခြားကုန်သွယ်ရေး အနည်း အကျဉ်းရှိတာကို နိုင်ငံခြားသားတွေက လက်ဝါးကြီးအုပ် ထားပါတယ်။ **ကုန်သွယ်ရေးမထွန်းကားတဲ့အတွက် ဘုရင့်နေပြည်တော်က လွဲပြီးမြို့ပြကြီးဆိုတာမရှိပါဘူး၊ ဘုရင်နန်း စိုက်ရာ မြို့တော်ဟာ ဘုရင်က တခြားနေရာကို ပြောင်းသွားတာနဲ့ ကျေးရွာဘဝကို ပြန်ရောက်သွားပါတယ်။**

**ပြင်ပကမ္ဘာနဲ့ အဆက်အသွယ်အထူအထောင်နည်းတာကြောင့် တိုင်းသူပြည်သားကို အနိုင်ကျင့်အုပ်ချုပ်တဲ့ အာဏာရှင် ဘုရင်စနစ်ကလွဲပြီး အခြားအစိုးရစနစ်ကို ရှေးဗမာတွေမသိကြပါဘူး။ တော်လှန်ပုန်ကန်ရင်လည်း အုပ်ချုပ်ရေးစနစ်ကို မကြိုက်လို့ တော်လှန်တာမဟုတ်ပဲ ဖိနှိပ်တာကို မကြိုက်လွန်းလို့သာ တော်လှန်ကြတာဖြစ်ပါတယ်။ အောင်ပွဲခံသွားရင်လဲ အာဏာရှင်ဘုရင် စနစ်ကိုဘဲ ပြန်လည်တည်ထောင်ကြတာကြောင့်ဘယ်မင်းဘဲ တက်တက်အားလုံး မကောင်းဆိုးဝါးကြီးပဲလို့ပြည်သူလူထုကခံစားကြရပါတယ်။ ဒါပေမဲ့ အစိုးရမင်းနဲ့ မဆက်ဆံဖူးတဲ့ရှေးဗမာတွေဟာ မိမိတို့ရပ်ရေး ရွာရေးတွေမှာတော့ တက်တက်ကြွကြွ ပါဝင်လှုပ်ရှားကြပါတယ်။**

သမာဓိလူကြီးစတဲ့ ပုဂ္ဂိုလ်တွေက ဦးဆောင်ပြီး ရပ်ရေးရွာရေးတွေမှာ အားလုံးပါဝင်လုပ်ဆောင်ကြပါတယ်။ ဒါကြောင့် ကျေးလက်ဒေသမှာ ဗမာမင်းလက် ထက်ကတည်းက ဒီမိုကရေစီဓလေ့ထွန်းကားခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ ဒီမိုကရေစီဆိုတာ မြန်မာ့ဓလေ့တခုဖြစ်ပါတယ်။ နိုင်ငံခြားကလာတာမဟုတ်ဘူး။ ရှေးဗမာတွေက အာဏာရှင်စနစ်ကို ရန်သူမျိုးငါးပါးထဲထည့်ထားခဲ့ပေမဲ့ ခေတ်မြန်မာတွေကတော့ သူတို့ကိုယ်တိုင်ရွေးကောက်တင်မြှောက်ရတဲ့ အစိုးရစနစ်ကို လက်ခံလာကြပါတယ်။

အာဏာရှင်စနစ်ကျင့်သုံးစဉ်က အစိုးရနဲ့ မဆက်ဆံလိုတဲ့ မြန်မာပြည်သူတွေဟာ ခေတ်သစ်ဒီမိုကရေစီစနစ်မှာတော့ နိုင်ငံရေးမှာ တက်တက်ကြွကြွ ပါဝင်လာကြတာကို တွေ့ရပါတယ်။ ဒါကြောင့်လဲ ရှေးဟောင်း အာဏာရှင်စနစ်ကို မလိုချင်တော့ကြောင့် ပြည်သူလူထုတရပ် လုံးက (၁၉၉၀ ခုနှစ်ရွေးကောက်ပွဲမှာ) အထင်အရှား ပြသ လိုက်တာဖြစ်ပါတယ်။ မိမိကိုယ်တိုင်လုပ်မှ မိမိရည်ရွယ်ချက် အောင်မြင်မည်ဆိုတဲ့ ဗုဒ္ဓဝါဒဟာ အင်မတန် ဒီမိုကရေစီကျတဲ့ အတွေးအခေါ်အယူအဆဘဲ ဖြစ်ပါတယ်။

## အပိုင်း(၃)

အာဏာကို ခေတ်အမြင်နဲ့ အလွယ်ဆုံးအဓိပ္ပါယ်ဖွင့်မယ်ဆိုရင် ဆုံးဖြတ်ပိုင်ခွင့်၊ လုပ်ပိုင်ခွင့်လို့ပြောရပါလိမ့်မည်။ မိသားစုမှာဖြစ်စေ၊ စီးပွားရေးလုပ်ငန်းမှာဖြစ်စေ၊ စစ်တပ်နဲ့ပြည်ရေးရွာမှုမှာဖြစ်စေ၊ ဆုံးဖြတ်ပိုင်ခွင့်ရှိသူ လုပ်ပိုင်ခွင့်ရှိသူကို အာဏာရှိသူလို့ ဆိုနိုင်ပါတယ်။ အာဏာရှိတဲ့သဘာဝကိုလိုက်ပြီး အစိုးရစနစ်အမျိုးမျိုးကို ခွဲခြားသတ်မှတ်နိုင်ပါတယ်။ ဒီမိုကရေစီစနစ်မှာ လူ့အဖွဲ့အစ စည်းက ဆုံးဖြတ်ပိုင်ခွင့်ရှိပြီး စစ်အာဏာရှင်စနစ်မှာတော့ လက်နက်ရှိသူက ဆုံးဖြတ်တဲ့အတွက် လက်နက်ကိုင်သူကအာဏာ ရှိသလိုဖြစ်နေပါတယ်။

မြန်မာပြည်ဟာ အကြွင်းမဲ့အာဏာရှင်ဘုရင်စနစ်၊ ဖက်ဆစ်အာဏာရှင်စနစ်၊ တကိုယ်တော်အာဏာရှင်စနစ်၊ ဒီမိုကရေစီစနစ် စတဲ့အုပ်ချုပ်ရေးပုံစံတွေနဲ့ ထိတွေ့ခဲ့ဖူးတဲ့ နိုင်ငံဖြစ်ပါတယ်။ စစ်အာဏာသိမ်းမှုတရားဝင်အစိုးရကအာဏာအလွဲသုံးစားလုပ်မှုစတာတွေကြောင့်တကိုယ်တော်အာဏာရှင်စနစ်ပေါ်ပေါက် လာရပါ

တယ်။ ဒါပေမဲ့ တကိုယ်တော်အာဏာရှင်စနစ်က ဒီမိုကရေစီကို အသွင်ကူးပြောင်းနိုင်ကြောင်း စပိန်ရိုးမေးနီးယားနဲ့ ဖိလိပိုင်နိုင်ငံတွေက သက်သေပြနေပါတယ်။

မြန်မာပြည်မှာတော့ တကိုယ်တော်အာဏာရှင်စနစ်ကျင့်သုံးတါ နှစ်ပေါင်းလေးဆယ်ကျော်ကြာပြီဆိုတော့ အာဏာနဲ့ပတ်သက်တဲ့ တပ်မတော်ရဲ့ခံယူချက်ဟာ ဗမာ မင်းလက်ထက်ကလိုပုဂ္ဂိုလ်ရေးဆန်နေတုံးပဲလို့ သမိုင်းဆရာများက သုံးသပ်ကြပါတယ်။ ရိုးရာအာဏာရှင်စနစ်မှာ လူတဦး(သို့) လူတစုလက်ထဲ အာဏာရှိပြီး နိုင်ငံရေးပါတီ၊ နိုင်ငံရေးသဘောတရား၊ ပြည်သူလူထုပါဝင်မှု၊ အစိုးရတာဝန်ယူမှု စတာတွေ ကင်းမဲ့နေတာကြောင့် တကိုယ်တော်အာဏာရှင်စနစ်နဲ့ အတော်လေး ဆင်တူနေပါတယ်။

အခြားဆင်တူရိုးမှားပုံစံက တပါတီအာဏာရှင်စနစ်ဖြစ်ပါတယ်။ ဒီစနစ်မှာ နိုင်ငံရေးပါတီတခုသာရှိပြီး လူတဦး (သို့) လူတစုဦးဆောင်ပါတယ်။ နောက်ပြီး အနာဂါတ်လူ့ဘောင်တည်ဆောက်နိုင်မည့် နိုင်ငံရေးသဘောတရား၊ လူထုစည်းရုံးရေး ယန္တရားအဖွဲ့အစည်းနဲ့ ထောက်လှမ်းရေးယန္တရားကို အကြီးအကျယ် အသုံးပြုခြင်းဖြစ်ပါတယ်။

မဆလခေတ်မှာ တပါတီအာဏာရှင်စနစ်ကို ကူးပြောင်းဘို့ကြိုးစားနေပေမဲ့ မအောင်မြင်တဲ့အတွက် ထောက်လှမ်းရေးကြီးစိုးတဲ့ တကိုယ်တော်အာဏာရှင်စနစ်သာ ကျန်ရစ်ကြောင်းတွေ့ရပါတယ်။ **တကိုယ်တော် အာဏာရှင်စနစ် ကြီး စိုးနိုင်ရေးအတွက် ပြည်သူလူထုနဲ့တပ်မတော်ထဲမှာ နိုင်ငံရေးသမားမပေါ်နိုင်အောင်ထောက်လှမ်းရေးကအမြဲတမ်း ကြိုးပမ်းနေပါတယ်။ လုံခြုံရေးတပ်ဖွဲ့အမည်ခံ လုံထိန်းဟာ ထောက်လှမ်းရေးရဲ့ လက်အောက်ခံဖြစ်ပါတယ်။များသောအားဖြင့်ကတော့ အာဏာရှင်စနစ်ကို ကျားကန်ဖို့ရည်ရွယ်ပြီး လုံထိန်းတပ်ဖွဲ့ကို ဖွဲ့စည်းကြတာဖြစ်ပါတယ်။**

ပုံမှန်စစ်တပ်ရဲ့တာဝန်ဟာ တိုင်းသူပြည်သားကို ကာကွယ်စောင့်ရှောက်ဖို့ဖြစ်တာကြောင့် အရပ်သားတွေကို သတ်ဖြတ်ရမှာကို ပုံမှန်စစ်တပ်ကိုမကြာခဏသုံးရင် အာဏာရှင်အတွက် ပြဿနာပေါ်နိုင်ပါတယ်။ သာမန်ရဲသား၊ စစ်သားတွေဟာ အများပြည်သူတွေလိုဘဲ ဒုက္ခရောက်နေတာကြောင့် ဘဝတူ ဖြစ်တဲ့ ပြည်သူလူထုကို အလွယ်တကူ သေနတ်နဲ့ပစ်သတ်မှာ မဟုတ်ပါဘူး။ ၁၉၈၈ ခုနှစ်က ပြည်သူ့ဒီမိုကရေစီအရေးအခင်းမှာတောင် ပထမပိုင်းမှာ ကျောင်းသားတွေကို ပစ်သတ်ဖို့စစ်အစိုးရကငြင်းဆန်ခဲ့ပါသေးတယ်။

ဒါကြောင့် ခိုင်းတိုင်းလုပ်မည့် ထောက်လှမ်းရေးနဲ့ လုံထိန်းကို လက်မရှံ့တပ်သားအဖြစ် လက်သတ်မွေးထားပြီး အခွင့်အရေးပေးထားတာဖြစ်ပါတယ်။ အခွင့်ထူးခံစားခွင့်ရလူတန်းစားဟာ ထောက်လှမ်းရေးနဲ့လုံထိန်းသာဖြစ်ပါတယ်။ ဖိနှိပ်မှုတွေလုပ်မဲ့ တပ်သားနဲ့ ဖိနှိပ်ခံရသူ ပြည်သူလူထုအကြား စီးပွားရေး၊ လူမှုရေး သို့မဟုတ် လူမျိုးရေးကွဲပြားခြားနားမှုကို အာဏာရှင်က ဖန်တီး ထားတာဖြစ်ပါတယ်။

**အရှေ့ဥရောပရူမေးနီးယားနိုင်ငံ အာဏာရှင်ချောင်ဆက်ဆကူးက ဆင်းရဲနွမ်းပါးသူတွေကို စုဆောင်းပြီး(Security)ခေါ် ခါးပိုက်ဆောင် လုံခြုံရေးတပ်ဖွဲ့ တည်ထောင်ပါတယ်။ ဆန္ဒပြသူတွေကို စစ်တပ်ကပစ်သတ်ဖို့ ငြင်းဆန်တဲ့အခါမှာ လုံခြုံရေး တပ်ဖွဲ့က ချေမှုန်းပါတယ်။ အရပ်သားတွေကို (Security)ကတဖက်သတ်ပစ်သတ်နေတာကိုမကြည့်နိုင်တဲ့အခါမှာတော့ အမြဲတမ်းစစ်တပ်က ဝင်ရောက် စွက်ဖက်ပြီးလုံခြုံရေးတပ်ဖွဲ့ကို နှိမ်နင်းလိုက်တော့မှရူမေးနီးယားနိုင်ငံတခုလုံး အာဏာရှင်စနစ်လည်း နိဂုံးချုပ်သွားပါတော့တယ်။ ထောက်လှမ်းရေးနဲ့ ပုံမှန်စစ်တပ်ဟာရည်ရွယ်ချက်ချင်းမတူကြပါဘူး၊ ရှေးဟောင်းမြန်မာ့ရိုးရာ အယူအဆမှာ အာဏာပိုင်ကို အန္တရာယ်ပေးနိုင်တဲ့ မကောင်းဆိုးဝါးလို သဘောထားပါတယ်။ ဒါကြောင့် အန္တရယ်ကင်း ပရိတ်မရွတ်မီ နတ်ပင့်တဲ့အခါမှာ မင်းဆိုးမင်းညစ်ဘေးက ကင်းဝေးလိုကြောင်း သမ္မာဒေဝ နတ်ထံ ဗုဒ္ဓ ဗမာတွေက ဆုတောင်းကြတာပါ။**

မြန်မာ့နိုင်ငံရေးလောကကို အဲမ်အိုင်ထောက်လှမ်းရေးတွေက လွှမ်းမိုးလာတဲ့အခါမှာ ဒီရှေးဟောင်းအမြင်ဟာ ပြန်လည်ရှင်သန်လာပြီးတော်လှန်ရေးကို အသားလွတ်ကြောက်တာမျိုးတွေရှိလာပါတယ်။ တပ်မတော်ထိပ်တန်းအရာရှိတွေကို အကြောင်း မပြဘဲထောက်လှမ်းရေးကအချိန်မရွေးထိန်းသိမ်းတာမျိုး၊ ဘယ်သူမှ စောဒကမတက်ရဲကြဘဲ ဖြစ်ရိုးဖြစ်စဉ်သဘောမျိုးနဲ့ သတ်မှတ်တာကိုကြည့်ရင်တပ်မတော်ကလည်းထောက်လှမ်းရေးကိုအာဏာပိုင်အဖြစ်အသိအမှတ်ပြုနေတာတွေ့နေရပါတယ်။

အာဏာလုပွဲမဖြစ်ရအောင် ပါးကွက်အာဏာသားထောက်လှမ်းရေးက ချယ်လှယ်နေတာကို စစ်တပ်ကငြိမ်ခံနေတဲ့ သဘောပါဘဲ။ စစ်အာဏာရှင်တခေတ်လုံးမှာ ဗိုလ်နေဝင်းက တကိုယ်တော်အာဏာရှင်သဘောနဲ့ အုပ်ချုပ်ခဲ့တာကို ဘာစနစ်မှ မတည်ဆောက်နိုင်ခဲ့တာမဟုတ်ပေမဲ့ ထောက်လှမ်းရေး ကြီးစိုးတဲ့ အစဉ်အလာကိုတော့အသားကျအောင်ဖန်တီးနိုင်ခဲ့တာတွေ့ရပါတယ်။

ထောက်လှမ်းရေးဆိုတာ ဗိုလ်ချုပ်နေဝင်းရဲ့ ကိုယ်ရံတော်တပ်ဖွဲ့ဖြစ်တာကြောင့် တပ်မတော်မှာ အတော်ဆုံးအတတ်ဆုံးလို့ခံယူထားတဲ့ အစဉ်အလာကလည်းရှိနေတယ်။ ဒါကြောင့်ထောက်လှမ်းရေးကို အားပေးသလိုဖြစ်နေပါတယ်။ ပြည်သူလူထုဆိုတာ စားဝတ်နေရေး အတွက် ရုံးကန်လှုပ်ရှားနေရတဲ့ အသိဉာဏ်မရှိသူ အာဏာမဲ့သူတွေဖြစ်ပြီး တပ်မတော်က အရာရှိဆိုတာကလည်း အခွင့်အရေးဆုံးရှုံးသွားမှာကို တွေးကြောက်နေတာကြောင့် မလုပ် ရဲဘူးလို့ထောက်လှမ်းရေးက ယူဆထားပါတယ်။

စစ်အစိုးရရဲ့ ဗဟိုချုပ်ကိုင်မှုစနစ်ကနေ ထောက်လှမ်းရေးကြီးစိုးမှုကို အားပေးသလိုဖြစ်နေပါတယ်။ စစ်ရေးကိစ္စမှာ လျှို့ဝှက်ရမည့်အကျင့်ကို နိုင်ငံရေးမှာသုံးတဲ့အခါ ထောက်လှမ်းရေးချယ်လှယ်တာကို ခံရတော့တာပါဘဲ။ ဗဟိုချုပ်ကိုင်မှုအားကောင်းလာလေလေ ပြည်သူလူထုရဲ့ လုပ်ပိုင်ခွင့်နည်းပါးလာလေလေ ဖြစ်ပါတယ်။ တပ်မတော်နဲ့ အစိုးရယန္တရားကို ထောက်လှမ်းရေးက အမျိုးမျိုးချယ်လှယ်ပြီး ပြည်သူလူထုကိုမလှုန်နိုင်အောင် ချုပ်ကိုင် ထားတဲ့ဖြစ်စဉ်ကို မဟန့်တားနိုင်ရင် မြန်မာနိုင်ငံဟာလည်း တိုးတက်ကောင်းမွန်ဘာဖို့ အလားအလာမရှိပါဘူး။

တပ်မတော်ဟာလည်း ထောက်လှမ်းရေးရဲ့ ဩဇာခံလက်နက်ကိုင် လူရမ်းကားတစုအဖြစ် ဆက်လက် အသုံးတော်ခံနေရပြီး ရည်ရွယ်ချက်ပျောက်နေအုံးမှာဘဲ ဖြစ်ပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးချင်ရင် တပ်မတော်ရဲ့ အခန်း ကဏ္ဍကိုပြန်လည် ဆန်းစစ်ဖို့ လိုပါတယ်။ ဗိုလ်ချုပ်နေဝင်းထောက် လှမ်းရေးနဲ့တပ်မတော်ရဲ့ ဆက်ဆံရေးဟာ ပြောင်းလဲနိုင်တဲ့ အစဉ်အလာ ထုံးစံတခုသာ ဖြစ်ပါတယ်။

## အပိုင်း (၄)

ထောက်လှမ်းရေးဆိုတာ ဥပဒေနဲ့ဆန့်ကျင်တဲ့ကိစ္စ တွေကိုပါလုပ်ရတဲ့ လျှို့ဝှက်အဖွဲ့အစည်းဖြစ်တာကြောင့် နိုင်ငံခြားမှာဆိုရင် သိပ်ပြီး လူသိခံရဲဒါမဟုတ်ပါဘူး သိသာသိစေမမြင်စေနဲ့ဆိုတဲ့ သဘောမျိုးနဲ့ တိုးတိုးတိတ်တိတ် လုပ်ကိုင်ကြတာမျိုးဖြစ်ပါ တယ်။ တကယ်တော့ ထောက်လှမ်းရေးဌာနဟာ အမျိုးသားလုံခြုံ ရေးစနစ်ရဲ့ အစိပ်အပိုင်းလေးတခုအဖြစ်နဲ့သာလှုပ်ရှားကြရတာ ဖြစ်ပါတယ်။

ဗမာပြည်မှာလို စစ်တပ်ကို ချုပ်ကိုင်ဖို့ နေနေသာသာရဲ အဖွဲ့ကိုတောင် လွှမ်းမိုးနိုင်တာမဟုတ်ပါဘူး။ ရဲအဖွဲ့က သဘောမတူရင် ထောက်လှမ်းရေးထောင်ကျသွားနိုင်ပါတယ်။ ဒါကြောင့် နိုင်ငံခြားထောက်လှမ်းရေးဟာ တရားမဝင်တဲ့အလုပ်ကို လုပ်ကိုင်တယ်ဆိုပေမဲ့ အခြားအစိုးရဌာနတွေက ခွင့်မပြုတဲ့ အတိုင်းအတာပေါ်မှာ ကြည့် ပြီး စခန်းသွားရတာဖြစ်ပါတယ်။ ဗမာထောက်လှမ်းရေး တွေလို ဥပဒေကို ထင်သလိုဖောက်ပြီး ပြောင်အနိုင်ကျင့်လို့မရပါဘူး၊ လုပ်လေ့ရှိတာကတော့ ထောက်လှမ်းရေးက စုံစမ်းပြီးရဲကဥပဒေအရ ဖမ်းဆီးပါတယ်။ ထောက်လှမ်း ရေးက ဖမ်းဆီးစစ်ဆေးပြီးထောင်ချတာမျိုးကို အခုခေတ်မှာ လက်မခံလိုကြတော့ ပါဘူး။

ထောက်လှမ်းရေးကို (အကုသိုလ် ဒုစရိုက်ဌာနလို့) စာနယ်ဇင်းတွေက အမည်ပေးထားတဲ့အတွက် ထောက်လှမ်းရေးဝန်ထမ်းတွေဟာ သူတို့ရဲ့အလုပ်ကို လူသိမခံရဲကြပါဘူး။ ဒီမိုကရေစီဆိတ်သုန်းတဲ့ နိုင်ငံတွေမှာသာ ထောက်လှမ်းရေးက ထင်ထင် ပေါ်ပေါ်လက်ရဲဇက်ရဲ လုပ်နိုင်ကြတာဖြစ်ပါတယ်။ ထောက်လှမ်းရေးကိုအမြင့်ဆုံး အာဏာပိုင်အနေနဲ့ အသိအမှတ်ပြုထားတဲ့နိုင်ငံဟာကမ္ဘာပေါ်မှာ မြန်မာတနိုင်ငံထဲသာ ရှိပါတယ်။

ပြည်သူလူထုမှာတွေမကတော့ဘဲ ရဲအဖွဲ့၊ စစ်တပ်နဲ့အစိုးရဌာနတွေပါ ထောက်လှမ်းရေးက အနိုင်ကျင့်တာကိုခံ နေကြရပါတယ်။ ဝန်ကြီးတွေအပါဝင် အစိုးရအရာ ထမ်းတွေကို ထောက်လှမ်းရေးဖမ်းပြီဆိုရင်ကြက်ကလေး၊ ငှက်ကလေးကိုဖမ်းသလို အလွယ်တကူ ဖမ်းဆီးသွားတာပါ။ အဖမ်းခံရသူများဘက်က စုံစမ်းမေးမြန်းတာမျိုး မလုပ်ရဲပါဘူး အားလုံးငြိမ်ခံနေကြရပါတယ်။ ဒါ ကြောင့်ထောက်လှမ်းရေးဟာ မြန်မာပြည်ရဲ့ အမြင့်ဆုံးအာဏာပိုင်အဖွဲ့ အစည်းဖြစ်နေပါတယ်။ ဒါပေမဲ့(ညှို) ထောက်လှမ်းရေးညွှန်ချုပ်ကိုတရားစွဲထားတဲ့အတွက် ထောက်လှမ်းရေးနဲ့ တရားဥပဒေ ထိပ်တိုက်တွေ့နေပါပြီ။ မင်းယောကျ်ား ကမ်းနာ သစ်ပင် ဆိုတဲ့စကားဟာသက်ဦးစံပိုင်ဘုရင်ခေတ်က ပေါ်လာတဲ့ စကားဖြစ်ပေမဲ့ ထောက်လှမ်းရေးကြီးစိုးတဲ့ အခုခေတ်ကို သရုပ်ဖော် ရာမှာလည်း သုံးနိုင်ပါတယ်။ ထောက်လှမ်းရေးက မကြေနပ်ရင် အမှုထမ်းအားလုံး ဒုက္ခရောက်သွားနိုင်တာကို ဖော်ပြလိုက်တဲ့ စကားဖြစ်ပါတယ်။

နိုင်ငံခြားထောက်လှမ်းရေးက လူသိမခံရဲပေမဲ့ ဗမာထောက်လှမ်းရေးကတော့ အစိုးရအဖွဲ့ကို ပြောင်ကြီးကိုင်ပြီး အာဏာပြနိုင်ပါတယ်။ အစိုးရအဖွဲ့ အပြောင်းအလဲကို ထောက်လှမ်းရေး ဗိုလ်ချုပ်ခင်ညွန့်ကလုပ်ပြီး စစ်အစိုးရပြောခွင့်ရပုဂ္ဂိုလ်အားလုံးဟာထောက်လှမ်းရေးအရာရှိတွေပါ။ ထောက်လှမ်းရေးဌာနက အလုပ်အတန်းလုပ်ပြီဆိုရင် အစိုးရစာတွေမှာ ရှေ့ဆုံးစာမျက်နှာက ဂုဏ်ယူဝင့်ကြွားစွာ ဖော်ပြလေ့ရှိပါတယ်။ **သူများနိုင်ငံမှာ စက်ဆုတ်စရာ၊ ရှက်စရာလို့ သတ်မှတ်ထားတဲ့ လုပ်ငန်းကို မြန်မာပြည်မှာ ဂုဏ်ယူစရာ၊ အထင်ကြီးစရာ၊ အားကျစရာအဖြစ်လက်ခံထားဒါကို အလေးအနက် လေ့လာသင့်ပါတယ်**။ အဲမ်အိုင်ထောက်လှမ်းရေးဟာ မြန်မာ့လူ့ အဖွဲ့အစည်းရဲ့ အစိတ်အပိုင်းတခုလို ဖြစ်နေပုံရပါတယ်။

ထောက်လှမ်းရေးဌာနကို [ကိုယ့်ကိုကိုယ်ဖော်မှ သူတော်(၇)ပါး]ဆိုတဲ့ အုပ်စုထဲထည့်ထားရမလိုဖြစ်နေပါပြီ၊ မတရား လုပ်သူကို မြန်မာ့လူ့အဖွဲ့အစည်းက ဘာကြောင့် လက်ခံနိုင်ရတာလဲ ဆိုဒါစဉ်းစားစရာပါဘဲ။ ဥပဒေမဲ့ ညှင်းပန်းနှိပ်စက်ပြီး စစ်ဆေးတဲ့အခါ အဖမ်းခံရ သူရဲ့ ဦးခေါင်းကို အဝတ်နဲ့ အုပ်ထားတာကိုကြည့်ရင် အနှိပ်စက်ခံရသူရဲ့ လက်တုန့်ပြန်မှုကို ထောက်လှမ်းရေးက တွေးကြောက်နေဒါ ထင်ရှားပါတယ်။ သူများကို မတရားအမြဲတမ်း လုပ်နေတဲ့ထောက်လှမ်းရေးဟာ အမြဲတမ်းတွေး ကြောက်နေပုံပါဘဲ။

ထောက်လှမ်းရေးနဲ့ အင်ဖော်မာသတင်းပေးဆိုတာ ပခုံးနှစ်ဖက်ကြားခေါင်းပေါက်တဲ့ သာမန်လူတွေသာဖြစ်လို့ သူတို့လုပ်ခဲ့တဲ့ မကောင်းမှုအကျိုးဆက်ကြောင့် ဝဋ်လည်မှာကို တွေးကြောက်နေတဲ့ပုဂ္ဂိုလ်တွေပါ။ သူတို့အကြောင်းအများပြည်သူသိသွားမှာကိုလည်း အင်မတန် စိုးရိမ်နေကြရပါတယ်။ ထောက်လှမ်း

ရေးကသူတို့ရဲ့လုပ်ရပ်တွေကို ပြည်တွင်းပြည်ပမှာသိရှိသွားအောင် ဖော်ထုတ်သူများဟာ ဒီမိုကရေစီလိုလားသူတိုင်းရဲ့တာဝန်ဖြစ်ပါတယ်။

ပြည်သူလူထုနဲ့ တပ်မတော်သားတွေက ကြောက်ရွံ့နေချိန်မှာသာ စစ်အုပ်စုက အာဏာရှိနေတာမို့ အကြောက်တရားလွှမ်းမိုးအောင်လုပ်ဖို့က ထောက်လှမ်းရေးရဲ့ အဓိကလုပ်ငန်းဖြစ် လာပါတယ်။ အကြမ်းဖက် ခြိမ်းခြောက်အနိုင်ကျင့်တဲ့နည်းတွေနဲ့ အရပ်သားလောကကိုရော တပ်မတော်အရာရှိအသိုင်းအဝိုင်းကိုပါ လွှမ်းမိုးဖို့ ထောက်လှမ်းရေးက ကြိုးစားနေပါတယ်။ တပ်မတော်အပေါ်မှာ ထောက်လှမ်းရေးက လူပေါ်လူစော်လုပ်တာ နှစ်ပေါင်းလေးဆယ်ကျော်ခဲ့ပါပြီ။ တပ်မတော်အကြီးအကဲ ဗိုလ်ချုပ်နေဝင်းကို ကိုယ်စားပြုတဲ့အဖွဲ့မို့ ကျန်အရာရှိတွေက ထောက်လှမ်း ရေးလုပ် သမျှငြိမ်ခံလာခဲ့ရာကအစရှိ နောက်နောင်အကျင့်ပါပြီး အခုထက်ထိ မလှန်ရဲတော့တာပါ။ ဗိုလ်ချုပ်နေဝင်းဟာ သူ့ကိုအာခံမယ့်သူ၊ သူ့ ထက်သြဇာရှိမယ်လို့ထင်ရတဲ့အရာရှိတွေကို ခြေမှုန်းဖို့ ရည်ရွယ်ပြီး ထောက်လှမ်းရေးကို တည်ထောင်ခဲ့တာဒါပါ။ ဗိုလ်ချုပ်နေဝင်းရဲ့ ခါးပိုက်ဆောင်တပ်ဘဝက အာဏာပိုင်ဖြစ်လာတဲ့ထောက်လှမ်းရေးဟာ တပ်မတော်နဲ့တိုင်းပြည်ကို အကျိုးမပြုနိုင်ကြောင်း စစ်အာဏာရှင်ခေတ် နှစ်ပေါင်းလေးဆယ်က သက်သေပြခဲ့ပြီးဖြစ်ပါတယ်။ အသက်ကိုးဆယ်နီး ပါးရှိနေပြီဖြစ်တဲ့ ဦးနေဝင်းဟာ တပ်မတော်က အငြိမ်းစားယူသွားတာ နှစ်ပေါင်းသုံး ဆယ်နီးပါးရှိနေပါပြီ။ ဒါပေမဲ့ ဦးနေဝင်း အစားသူ့အိပ်ဖန်စောင့် ထောက်လှမ်းရေးအရာရှိ ဗိုလ်ခင်ညွန့်က စစ်အစိုးရကိုခုချိန်ထိ ခေါင်းဆောင်နေတုန်းပါဘဲ။ စစ်ဗိုလ်ချင်း အတူတူ ဗိုလ်နေဝင်းမိသားစုကို အလုပ်အကျွေးပြုဖူးတဲ့ စစ်ဗိုလ်ကသာ အာဏာရှိနေတဲ့ကိစ္စကို အလေးအနက်ထားသင့်ပါတယ်။ ပုဂ္ဂိုလ်ရေးမှာ အခြေခံတဲ့ တကိုယ်တော် အာဏာရှင်စနစ်ရှင်သန်အောင် ထောက်လှမ်းရေးက ကြားခံပေးနေတဲ့သဘောပါဘဲ။ တကယ်တော့ ဗိုလ်ချုပ်နေဝင်းနဲ့ ထောက်လှမ်းရေးဟာ တပ်မတော်ရဲ့ တရားဝင်ဖွဲ့စည်းပုံမှာ ဘောင်မဝင်တော့ ပါဘူး။ ဗိုလ်ချုပ်နေဝင်းနဲ့ တပ်မတော်ရဲ့ ဆက်ဆံရေးကို ပြန်လည် ဆန်းစစ်သင့်တာကြာပါပြီ။ ထောက်လှမ်းရေးကတော့ သူ့အားနဲ့ ချက်ကိုဖုံးကွယ်ကြိုးစားရင်း ဆက်လက် အာဏာရဖို့အတွက် တပ်မတော်ကိုအမျိုးမျိုး လှည့်ပတ်ပြီး အယုံသွင်းနေမှာ သံသယရှိစရာ မလိုပါဘူး။ ဗိုလ်နေဝင်း ထောက်လှမ်းရေးနဲ့ တပ်မတော်တို့ရဲ့ တရားဝင် ဆက်ဆံရေးကို အသေအချာ ဆန်းစစ်ကြည့်ရင်အမှန်တရားကို မြင်ရပါလိမ့်မည်။ တိုင်းပြည်အနေအထားဟာ ဗမာမင်းလက်ထက်က ရိုးရာ အာဏာ ရှင်စနစ်ပုံစံမျိုး ဖြစ်နေတာကြောင့် အာဏာရှင်ပုံစံ မြင့်လေလေ သူနေရာကိုဆက်ခံဖို့ ဝန်ကြီးလာလေလေ ဖြစ်နေပုံရပါတယ်။ လက်ရှိဗမာပြည် ဆင်းရဲမွဲပြာကျနေပြီး ဒုက္ခရောက်တာကို တာဝန်ယူ ဖြေရှင်းဖို့က အဓိကမဟုတ်ဘဲ နန်းတွင်းအာဏာလုပွဲမှာ အနိုင်ရဖို့ကသာ ထောက်လှမ်းရေး အတွက် အရေးကြီးနေပုံရပါတယ်။

## အပိုင်း(၅)

မြန်မာပြည်လွတ်လပ်ရေးရပြီး နှစ်အနည်းငယ် ကြာတဲ့အခါမှာ တိုင်းပြည်ရဲ့အဆိုးဝါးဆုံးရန်သူဟာ ဘယ်သူလဲလို့ မြန်မာ့အသံက ကြေညာခဲ့ဖူးပါတယ်။ ရရှိတဲ့အဖြေက လေးနက်မှုကင်းမဲ့တယ်လို့ သိရပါတယ်။ လွတ်လပ်ရေးရပြီဆိုပြီး တိုင်းပြည်အရေးကို လေးလေးနက်နက်မစဉ်းစားတော့တာကြောင့် အာဏာအလွဲသုံးစားလုပ်ဖို့ ပေါ်ပေါက်လာရကြောင်းသိရပါတယ်။ အဲဒီခေတ်က ရန်ကုန်ကိုလာလည်တဲ့ ပြင်သစ်အမျိုးသားတဦးက သူတို့နိုင်ငံမှာ မကြာခဏစိုးရိမ်စရာဖြစ်ပေမဲ့ ဆိုးဆိုးဝါးဝါးဖြစ်မလာဘဲ မြန်မာ ပြည်မှာတော့ ဆိုးဆိုးဝါးဝါး ဖြစ်နေတာတောင် စိုးရိမ်ကြောင့်ကြမှုမရှိဘူးလို့ နှိုင်းယှဉ်ပြီးပြောသွားခဲ့ပါတယ်။ ငြိမ်းချမ်းမှု၊ လုံခြုံမှု၊ လွတ်လပ်မှုကို တန်ဘိုးမထားတတ်တာကြောင့် လေးနက်မှုကင်းမဲ့ပြီး ပေါ့ပေါ့တန်တန်နေတတ်တဲ့ ဓလေ့အမြစ်တွယ်လာရဒါလို့ သမိုင်းပါမောက္ခ ဒေါက်တာမောင်မောင်ကြီးက မှတ်ချက်ချဖူးပါတယ်။ ပြုပြင်ရေးသမား အာဏာပိုင်လူကြီးတွေနဲ့ အမျိုးသားခေါင်းဆောင်တွေချပေး လိုက်တာကို အလွယ်တကူ ကျင့်သုံးနေတာဟာ ဒီမိုကရေစီရဲ့ အနှစ်သာရ မဟုတ်ပါဘူး။

ဒီမိုကရေစီကို အထက်ကချပေးလိုက်ပေမဲ့ ပြည်သူလူထုကတန်ဘိုးမထားတတ်ရင်ရေရှည်မခံနိုင်ပါဘူး။ ဒီမိုကရေစီဓလေ့ရှင်သန်ကြီးထွားရာ ဒေသတခုဖြစ်တဲ့ အင်္ဂလန်နိုင်ငံမှာလည်း အစကတော့ အာဏာရှင်ဘုရင် စနစ်ကြီးစိုးခဲ့ဒါပါပဲ။ နှစ်ပေါင်းများစွာကြိုးပမ်းလာတဲ့အခါ မှာ ဘုရင်စနစ်ကို တရားဥပဒေထိမ်းချုပ်နိုင်တဲ့ အဆင့် ရောက်လာပြီး ဒီမိုကရေစီထွန်းကားလာတာ ဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးမရောက်မှီ အာဏာ သို့မဟုတ် အစိုးရ နဲ့ပတ်သက်တဲ့ အတွေးအခေါ် ပြည်သူနဲ့ အစိုးရဆက်ဆံရေးဓလေ့ စတာတွေ ပထမဆုံး အပြောင်းအလဲဖြစ်ရပါတယ်။ တနည်းဆိုရင်တော့ အာဏာရှင်စနစ်ကို လက်မခံတဲ့ နိုင်ငံရေးအတွေးအခေါ် ရှင်သန်လာတာ ကြောင့် ဒီမိုကရေစီစနစ်အမြစ်တွယ်လာနိုင်တာပါပဲ။ ဒါကြောင့် ဒီမိုကရေစီစနစ်ပြုပြင်ပြောင်းလဲရေးမဖြစ်မှီ ကတည်းက လူ့အဖွဲ့အစည်းမှာ အတွေးအခေါ်ပြောင်းလဲလာဖို့ လိုပါတယ်။

**လွန်ခဲ့တဲ့အနှစ်သုံးဆယ်အတွင်း ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်နိုင်ခဲ့တဲ့ နိုင်ငံတွေမှာ အတွေးအခေါ်ပြောင်းလဲရေးဟာ အဓိကကျကြောင်းသိရပါတယ်။** လွတ်လပ်မှုကိုလိုလားတဲ့ ပြည်သူ့ဆန္ဒပြင်းထန်တယ်ဆိုရင် တချိန်ချိန်မှာ အောင်ပွဲခံရတာပါပဲ။ အရှေ့ ဥရောပဟာ အာဏာရှင်စနစ်အောက်က လွတ်မြောက်ဖို့ လေးကြိမ်တိတိကြိုးစားခဲ့ရပြီးမှဒီမိုကရေစီရလာဒါပါ။ ဗမာမင်းလက်ထက်ကလို အာဏာပိုင်ကို အသားလွတ်ကြောက်ရွံ့တဲ့ ဓလေ့ရှိနေအုံးမည်ဆို ရင်တော့ ဒီမိုကရေစီကို ပြုစုပျိုး ထောင်ရာမှာ

အခက်အခဲ အများကြီး ရှိနိုင်ပါတယ်။

တရားဥပဒေနဲ့မညီညွတ်ပေမဲ့ အထက်က ခိုင်းသမျှ အောက်ကလိုက်လုပ်ရတဲ့ ဆက်ဆံရေးဓလေ့ဟာ အာဏာရှင်စ နစ်ကို သက်ဆိုးရှည်စေပါတယ်။ တိုင်းပြည် အုပ်ချုပ်မင်းလုပ်သူကို သူလိုငါလို သာမန်လူအဖြစ်မြင်လာတဲ့အခါမှာ အထက်ကလူကို ကြောက်စရာမလိုကြောင်း နားလည်လာပါလိမ့်မည်။ မြန်မာ့လူ့ အဖွဲ့အစည်းမှာ အထက်ကခိုင်းရင် မေးခွန်းမထုတ်ရဲပါဘူး။ အထက်က လူကိုတန်ခိုးရှင်၊ အာဏာရှင်လို့ သတ်မှတ်တဲ့ ရိုးရာအစဉ်အလာဓလေ့ကြောင့် ဒီလိုဖြစ်ရဒါပါ။

စစ်အစိုးရဒါဏ်ကိုမခံနိုင်လို့ မဆလခေတ်က နိုင်ငံခြားထွက်ပြီး အလုပ်လုပ်နေတဲ့ မြန်မာတွေထဲမှာတောင် ဗမာသံအမတ်နဲ့ သိက္ချမ်းရဒါကိုဂုဏ်ယူပြီးအမြီး တနံ့နံ့ဖြစ်နေကြတဲ့အတွက် ရှေးဟောင်း ကတ်ဖါး ဓလေ့ဟာ ဗမာတွေသွားလေရာလိုက်ပါသလို ဖြစ်နေပါတယ်။ အစိုးရအရာရှိကို သာမန်လူသားအဖြစ် သဘောထားလိုက်တာနဲ့ အာဏာနဲ့ဆိုင်တဲ့အမြင်လည်း ပြောင်း သွားပါလိမ့်မည်။ သာမန်လူတဦးသို့မဟုတ် လူတစုမှာ အာဏာ ရှိနေတာဟာ လူ့အဖွဲ့အစည်းက လက်ခံထားလို့သာဖြစ်တယ်ဆို တာကို သဘောပေါက်ဖို့လိုပါတယ်။

ဒါကြောင့် တရားမဝင်တဲ့ စစ်အစိုးရအာဏာရနေတာဟာ လက်နက်ကိုင်အနိုင်ကျင့်တဲ့ကြီးနိုင်ငယ်ညင်းဓလေ့ကို မြန်မာ့လူ့အဖွဲ့အစည်းက လက်ခံထားလို့ဖြစ်တယ်လို့ ပညာရှင်တွေက သုံးသပ်ကြပါတယ်။ မြန်မာ့လူ့အဖွဲ့အစည်းဆိုတာက မြန်မာပြည်သားတွေ မိမိအတွက် ပြည်သူလူထုကလက်ခံတဲ့ အတိုင်းအတာကို လိုက်ပြီး အစိုးရမှာ အာဏာရှိနေတာဖြစ်ပါတယ်။ နည်းနည်းသာ လက်ခံရင် အစိုးရမှာနည်းနည်းသာ အာဏာရှိပါလိမ့်မည်။

တနည်းဆိုရရင်တော့ အာဏာပိုင်အဆင့်မဖြစ်တဲ့ လူ့အဖွဲ့အစည်းက လက်မခံတော့တဲ့ အစိုးရဟာ ရေရှည်မခံနိုင်ပါဘူး။ ဗမာတွေမှာ (မရှိတာထက်မသိတာခက်)ဆိုတဲ့ စကားတခုရှိပါတယ်။ **ဆိုလိုတာကတော့ မိမိရဲ့စွမ်းရည်နဲ့အင်အားကို မိမိကိုယ်တိုင် မသိနား မလည်တာဟာ ဆင်းရဲနွမ်းပါးတာ ထက်ပိုဆိုးတယ်လို့ပြောတာဖြစ်ပါပဲ။** မိမိစွမ်းအားကို မိမိကိုယ်တိုင် မသိတဲ့အတွက် မိမိကိုယ်တိုင်ဆင်းရဲနွမ်းပါးပြီး ထောက်လှမ်းရေး ဖိနှိပ်တာကို ခံရတယ်လို့ဆိုတာဖြစ်ပါတယ်။

တိုင်းသူပြည်သားရဲ့နာခံမှု၊ ကျိုးနွံမှု၊ ပူးပေါင်းဆောင် ရွက်မှုစတဲ့ ဓလေ့ထုံးစံတွေကြောင့် အစိုးရမှာအာဏာရှိနေတာ ဖြစ်ပါတယ်။ တနည်းဆိုရရင်တော့ ထောက်လှမ်းရေးအမိန့်ကို အစိုးရကအာခံပြီး အစိုးရအမိန့်ကို တိုင်းသူပြည်သားများက နာခံရတဲ့ ဆက်ဆံရေးစနစ်မျိုးကို လူ့အဖွဲ့အစည်းက လက်ခံထားလို့ လက်ရှိစစ်အာဏာရနေခြင်းဖြစ်ပါတယ်။

ဒီလိုဆက်ဆံရေးမျိုး၊ ဓလေ့ထုံးစံမျိုးဟာ အမြဲတမ်းမရှိနိုင်ပါဘူး။ သဘာဝလည်းမကျ၊ တရားဥပဒေနဲ့လည်း မညီညွတ်ပါဘူး။ မြန်မာ့လူ့အဖွဲ့အစည်းမှာ ဘာသာရေးအုပ်စု၊ စီးပွားရေးအုပ်စု၊ တိုင်းရင်းသားအုပ်စု၊ နိုင်ငံရေးအဖွဲ့အစည်း အသိပညာရှင်၊ အတတ်ပညာရှင်၊ အလုပ်သမား၊ လယ်သမား၊ အမှုထမ်းအရာထမ်းစသည်ဖြင့် လူတန်းစားအမျိုးမျိုး၊ အုပ်စုအမျိုးမျိုး ရှိပါတယ်။ ဒီအုပ်စု အမျိုးမျိုးကသာ အာဏာပိုင်အစစ်အမှန်တွေ ဖြစ်ပါတယ်။ သူတို့ကို ဘယ်လောက်သြဇာညောင်းတယ်ဆိုတာကိုကြည့်ပြီး လက်ရှိအစိုးရမှာ ဘယ်လောက် သြဇာညောင်းတယ်ဆိုတာကို တိုင်းတာနိုင်ပါတယ်။ ဒီအုပ်စုတွေ လူတန်းစားတွေက မထောက်ခံတော့ဘူးဆိုရင် အစိုးရမှာ အာဏာ မရှိနိုင်ပါဘူး။ ဒါကြောင့် အစိုးရအာဏာကို ပြောင်းပြန်ထိန်းချုပ်ကန့်သတ်နိုင် စွမ်းရှိတဲ့ အုပ်စုတွေကို အားနည်း အောင်လုပ်ဖို့ စစ်တပ်က ကြိုးပမ်းနေတာဖြစ်ပါတယ်။ ဒီရည်ရွယ်ချက်အရ တိုင်းရင်းသား လက်နက်ကိုင်အုပ်စုတွေနဲ့ အပစ်အခတ်ရပ်ဆိုင်းထားတာပါဘဲ။ ဒါပေမဲ့ စစ်အစိုးရဟာ တိုင်းသူပြည်သားကို အတင်းအဓမ္မထောက်ခံခိုင်းနေတဲ့အတွက် အစိုးရကိုအားသစ်လောင်းစေမည့် ကိစ္စအားလုံးကို လိမ္မာပါးနပ်စွာ ရုတ်သိမ်းပြစ်ဘို့ လူတန်းစားအုပ်စု တွေအား ကောင်လာဘို့နဲ့လွတ်လပ်စွာ ဆုံးဖြတ်ချက်ချနိုင်ဘို့ အထူးအရေးကြီးလာပြီ ဖြစ်ပါတယ်။

အလုပ်သမား၊ လယ်သမား၊ တိုင်းရင်းသား၊ ကျောင်းသားနဲ့ သံဃာတော်တွေဟာ လွတ်လပ်စွာ ဆုံးဖြတ်နိုင်အောင် ကြိုးပမ်းလေလေ စစ်အစိုးရအာဏာ ကျဆင်းလေလေပါဘဲ။ အရပ် သားအဖွဲ့အစည်းတွေက မိမိဘာသာဆုံးဖြတ်နိုင်အောင် လုပ်ပိုင်ခွင့်ရအောင် ကြိုးပမ်းတာဟာ ဒီမိုကရေစီဓလေ့ကို မြေတောင်မြောက်ပေးရာရောက်ပါတယ်။ စစ်အုပ်စုကတော့ လူတန်းစားအုပ်စုတွေကို ချုပ်ကိုင်ပြီး အမြဲတမ်းခွစီးနိုင်အောင် နည်းမျိုးစုံနဲ့ ကြိုးစားနေမှာ ဖြစ်ပါတယ်။

ကြံ့ဖွတ်အသင်းသံဃနာယက အဖွဲ့အစည်းစတဲ့ အမည်ခံအရပ်သားအဖွဲ့တွေကတဆင့် မြန်မာ့လူ့ဘောင်ကို ချုပ်ကိုင်ဖို့ ကြိုးပမ်းနေတာဖြစ်ပါတယ်။ ဒါပေမဲ့ ကြံ့ဖွတ်ဟာ ပြည်သူလူထုကို ကိုယ်စားပြုသလို သံဃနာယက အဖွဲ့ဟာလည်း သံဃာထုကို ကိုယ်စားမပြုဘူးဆိုတာ လူတိုင်းကရှင်းလင်းစွာ သိထားကြပါ တယ်ခင်ဗျား။

## အပိုင်း (၆)

## ပြည်သူ့အာဏာနှင့် အရပ်သားအဖွဲ့အစည်းရှင်သန်ရေး၊

လူ့အဖွဲ့အစည်းမှာပါဝင်တဲ့လူတန်းစား၊ အုပ်စု အမျိုးမျိုးကသာ အာဏာပိုင်အစစ်အမှန်ဖြစ်ကြောင်း ကမ္ဘာကလက်ခံထားပါတယ်။ ဒါကြောင့် ဒီလူတန်းစား၊ အုပ်စုတွေကို မလှုန်နိုင်အောင် ချုပ်ကိုင်ဖို့ကြိုးစားရာမှာ အသင်းအမှောင်ချတဲ့နည်းနဲ့ သတင်းထိန်းချုပ်တဲ့နည်းကို ထောက်လှမ်းရေးကသုံးပါတယ်။ သတင်းအချက်အလက်ကို ချုပ်ကိုင်ပြီး ထင်သလိုချယ်လှယ်နိုင်ရင် လူ့အဖွဲ့အစည်းကို

ပါ ချုပ်ကိုင်နိုင်တယ်လို့ ထောက်လှမ်းရေးက ယုံကြည်ထားပုံရပါတယ်။ တကယ်တော့အဖြစ်မှန်ကို ဖုံးကွယ်ပြီး သတင်းအမှောင်ချတာဟာ အစိုးရကိုလည်း ထိခိုက်စေပါတယ်။ အစိုးရသတင်းအမှောင်ချပြီး ပြည်သူလူထုကို အယုံသွင်းသလို ပြည်သူလူထုကလည်း မိမိရည် ရွယ်ချက်ကို အစိုးရသိအောင် သတင်းအမှောင်ချထားနိုင်ပါတယ်။

ပြည်သူလူထုအများစုက သတင်းထိန်ဝှက်ထားမယ်ဆိုရင် တိုင်းပြည်အခြေအနေအစစ်အမှန်ကို စစ်အစိုးရ မသိနိုင်ပါဘူး။ ဒီနေရာမှာ စစ်အစိုးရ 'ကိုယ်ရှူးကိုယ်ပတ်' တဲ့ သင်္ကေတ တခုကို တင်ပြပါရစေ။ မဆလ စစ်အစိုးရကို အသက်ဆက်ပေးဖို့ ရည်ရွယ်ပြီး ၁၉၉၀ ပြည့်နှစ်မှာ ပါတီစုံရွေးကောက်ပွဲ ကျင်းပပေးပါတယ်။ မဆလ တဖြစ်လဲ တစည ပါတီ အနိုင်ရမယ်လို့ ကျိန်းသေတွက်ပြီး ရွေးကောက်ပွဲကျင်းပလိုက်တာဖြစ်ပေမဲ့ ခွက်ခွက်လှန်အောင် ရှုံးသွားရတာဟာ ပြည်သူလူထုက သတင်းအမှောင်ချလိုက်တဲ့ဒါဏ်ကို စစ်အုပ်စုခံလိုက်ရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD အဖွဲ့ချုပ်ခေါင်းဆောင်တွေကို ဖမ်းထားပြီးပြီမို့ NLD ရွေးကောက်ပွဲရှုံးမှာ သေချာကြောင်း တွက်ချက်ပြီး ၁၉၉၀ ခုနှစ်က ရွေးကောက်ပွဲကျင်းပပေးခဲ့တာလို့ သိရပါတယ်။ ရွေးကောက်ပွဲမှာ မရှုံမလှတော့မှပဲ ပြည်သူဆီက သတင်းမှန်မရခဲ့တာလို့ တစည ပါတီ သဘောပေါက်သွားပါတယ်။ တပြည်လုံးက ဝိုင်းလိမ်ထားတာကြောင့် အခြေအနေမှန်ကို မသိဘူးလို့ တစည ခေါင်းဆောင်တွေက ဝန်ခံကြောင်းသိရပါတယ်။

ဓမ္မဓိဋ္ဌာန်ကျကျတွက်ကြည့်မယ်ဆိုရင် ထောက်လှမ်းရေးနဲ့ စစ်အာဏာရှိ၍အုပ်စုဟာ လက်တဆုပ်စာလူနည်းစုပါ။ ပြည်သူလူထု (၄၅)သန်းကျော်ရှိပါတယ်။ မိဘ ပြည်သူက စစ်အစိုးရကို တန်ပြန်သတင်းအမှောင်ချမယ်ဆိုရင် ထောက်လှမ်းရေးနဲ့ စစ်အုပ်စုဟာ စစ်တွင်းက ဂျပန် စစ်တပ်အဖြစ်မျိုးရောက်သွားမှာ သေချာပါတယ်။ ဒုတိယ ကမ္ဘာစစ်အတွင်းက မြန်မာပြည်ကို ဂျပန်စစ်တပ်ကြီးစိုးပေမဲ့ ပြည်သူလူထုရဲ့ စိတ်နေသဘောထားကို မသိရတဲ့အတွက် တပြည်လုံးတော်လှန်ပုန်ကန်မှာကို ကြိုတင်မခန့်မှန်းနိုင်ခဲ့ပါဘူး။ လူထုက သတင်းအမှောင်ချတာကို ဂျပန်ဖက်ဆစ်ခံလိုက်ရတာပါပဲ။

ပုဂ္ဂိုလ်ရေးဩဇာရှိမှု၊ ခေါင်းဆောင်နိုင်မှု၊ အဆက်အသွယ်ကောင်းမှု စတာတွေကြောင့် အာဏာရှင်ဆန့်ကျင်ရေး နှလုံးရည်တိုက်ပွဲကို တဦးတယောက်က အောင်မြင်စွာ ခေါင်းဆောင်နိုင်တဲ့ အချိန်အခါလည်း ရှိပါတယ်။ ဥပမာ မဟတ္တမဂန္ဒီလို ပုဂ္ဂိုလ်မျိုးကြောင့် အိန္ဒိယလွတ်လပ်ရေး နှလုံးရည်တိုက်ပွဲ အရှိန်အဟုန် ပြင်းထန်လာတာမျိုးလည်း ရှိပါတယ်။ ဒါပေမဲ့ တဦးတယောက်က ခေါင်းဆောင်လို့ဖြစ်ပေါ်လာတဲ့ လှုပ်ရှားမှုဆိုတာ အင်မတန် ရှားပါတယ်။ အထူးသဖြင့် ထင်သလိုလုပ်ဖို့ သန္နိဋ္ဌာန်ချထားတဲ့ စစ်အုပ်စုရဲ့ အာဏာရေသောက်မြစ်ကို ဖြတ်တောက်ရာမှာ တဦးတည်းမလုပ်နိုင်ပါဘူး။ နိုင်ငံရေးမှာ အင်မတန် ကျွမ်းကျင်ထက်မြက်တဲ့ ခေါင်းဆောင်ရှိနေရင်တောင် လူ့အဖွဲ့အစည်းက လွတ်လပ်ချင်တဲ့ အာသီသ မပြင်းပြဘူးဆိုရင် ဒီမိုကရေစီပြုပြင်ရေးလုပ်နိုင်မှာမဟုတ်ပါဘူး။

ပြည်သူလူထုအများစုက မိမိအင်အားကို မိမိဖာသာ ပြုစုပျိုးထောင်ရှိပြီး နည်းမျိုးစုံနဲ့ စစ်အုပ်စုကို တိုက်ခိုက်နိုင်ပါမှ အာဏာရဲ့ ရေသောက်မြစ်ကို ဖြတ်တောက်နိုင်ပါလိမ့်မယ်။ တနည်းဆိုရရင်တော့ အရပ်သားအဖွဲ့အစည်းနဲ့ လူတန်းစားအုပ်စုတွေက မိမိတို့ဖာသာ တည်ဆောက်နိုင်ပါတယ်။ တိုင်းသူပြည်သားရဲ့ ထောက်ခံမှုနဲ့ ကူညီရိုင်းပင်းမှုကြောင့် စစ်အစိုးရမှာ အာဏာရှိနေတာဖြစ်တဲ့အတွက်ပြည်သူလူထုကမကူညီဖူးဆိုရင်အစိုးရမှာလည်းအာဏာမရှိနိုင်ပါဘူး။ တဦးချင်းအနေနဲ့ရော၊ အသင်းအဖွဲ့နဲ့ပါ အကူအညီမပေးဖို့ လိုပါတယ်။

သီးခြားလွတ်လပ်တဲ့ အရပ်သားအဖွဲ့အစည်းတွေ ရှင်သန်ကြီးထွားလာမှာကို ထောက်လှမ်းရေးက အင်မတန်စိုးရိမ်ကြောက်လန့်နေတာကိုကြည့်ရင်အရပ်သားအဖွဲ့အစည်းတွေမှာရှိနိုင်မဲ့ ဩဇာအာဏာနဲ့ လုပ်နိုင်မှုစွမ်းရည်ကို ခန့်မှန်းနိုင် လောက်ပါတယ်။ NLD ပါတီဟာအကြီးဆုံး အရပ်သားအဖွဲ့အစည်းဖြစ်တာကြောင့် NLD အားကောင်းလာမှာကို တွေးကြောက်ပြီး ပါတီတခုလုံး ကွယ်ပျောက်သွားအောင် ထောက်လှမ်းရေးက ကြိုးပမ်းနေတာပါ။ အရပ်သား အသင်းအဖွဲ့လေးတွေဖြစ်တဲ့ ရပ်ကွက် စာကြည့်တိုက်အသင်း၊ သန့်ရှင်းရေးအဖွဲ့၊ ဘုရားဝတ်အသင်းကစပြီး ကြောက်ရွံ့နေတာကြောင့် အစည်းအဝေးလုပ်တိုင်း အကြောင်းကြားဖို့ ထောက်လှမ်းရေးက အမိန့်ထုတ်ထားပါတယ်။

ဒီအချက်ကိုကြည့်ရင် အရပ်သားအသင်းအဖွဲ့မှန်သမျှကို ထောက်လှမ်းရေးက ကြောက်ရွံ့နေတာ ထင်ရှားပါတယ်။ တကွဲတပြားစီဖြစ်နေတဲ့ အရပ်သားတဦးချင်းစီကို ရင်ဆိုင်ရတာဟာ အသင်းအဖွဲ့၊ အုပ်စုနဲ့ပါတီကို ရင်ဆိုင်ရတာထက်ပိုပြီးလွယ်ကူကြောင်း စစ်အုပ်စုက နားလည်ထားပါတယ်။

အာဏာရှင်စနစ်ကိုတိုက်ဖျက်ရာမှာ မိမိထောက်ခံတဲ့ နိုင်ငံရေးပါတီကို မဲဆန္ဒပေးပြီး ရွေးကောက်တင်မြှောက်လိုက်ရုံနဲ့ ပြီးသွားတာမဟုတ်သေးပါဘူး။ အာဏာရှင်စနစ်ကို ဖြစ်ပေါ်စေတဲ့ အခြေအနေနဲ့ အကျင့်ဓလေ့ကို ပြောင်းလဲပစ်ဖို့လည်းလိုပါတယ်။ နိုင်ငံရေးပါတီတခုကို မဲပေးရုံနဲ့ ပြည်သူတွေလုပ်ပိုင်ခွင့်ရပြီလို့ မပြောနိုင်ကြောင်း မြန်မာပြည်အခြေအနေက သက်သေပြနေပါတယ်။

နိုင်ငံရေးမှာ ပြည်သူလူထုလှုပ်ရှားခွင့် ရှိရပါလိမ့်မယ်။ အရပ်သားအဖွဲ့အစည်းနဲ့ လူတန်းစားအုပ်စုအသီးသီးက ဆုံးဖြတ်ပိုင်ခွင့်၊ လုပ်ပိုင်ခွင့်ရလာအောင် ကြိုးပမ်းထားတဲ့အတိုင်းအတာ ပေါ်မှာ မူတည်ပြီး ဘယ်လိုဒီမိုကရေစီ အမျိုးအစားကိုရနိုင်မယ်ဆိုတာကို ခန့်မှန်းနိုင်ပါလိမ့်မယ်။

အင်္ဂလန်နိုင်ငံသမိုင်းကိုကြည့်ရင် ပြည်သူ့ကိုယ်စားလှယ်တွေ လွှတ်တော်ထဲမရောက်ခင်ကတည်းက ပြည်သူလူထုမှာ လုပ်ပိုင်ခွင့်ရလာအောင် တဖြည်းဖြည်း တိုက်ပွဲဝင်ကြိုးစားခဲ့တာကို တွေ့ရပါတယ်။ ဒီမိုကရေစီကို မြေတောင်မြှောက်ရာမှာ ပြည်သူ့အသင်းအဖွဲ့၊ အုပ်စုတွေဟာ အလွန်အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်ပါတယ်။ ပြည်သူလူထုက မိမိတို့အရေးကိစ္စကို မိမိတို့ဖာသာ ဆုံးဖြတ်ပိုင်ခွင့်ရှိအောင် ကြိုးပမ်းတာဟာ ဒီမိုကရေစီဓလေ့ကို အုတ်မြစ်ချတာပါပဲ။ ပြည်သူလူထုက နိုင်ငံရေးကို စိတ်မဝင်စားလေလေ အစိုးရကလည်း ပြည်သူ့အာဏာကို အလွဲသုံးစားလုပ် လေလေပါပဲ။

လွှတ်လပ်ရေးရပြီး မြန်မာပြည်မှာ ကျင့်သုံးတဲ့ ဒီမိုကရေစီစနစ်ကို(၁၀)နှစ်သာခံတဲ့ အကြောင်းရင်းတွေကို သုံးသပ်မယ်ဆိုရင် အမျိုးသားခေါင်းဆောင်တွေ စီစဉ်ရေးဆွဲတဲ့ ဒီမိုကရေစီ အစိုးရစနစ်ကို ပြည်သူလူထုနားလည် သဘောပေါက်ဖို့ အချိန်မရလိုက်တဲ့အချက်လည်း ပါဝင်ပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ပြည်သူလူထုက တက်ကြွပါဝင်လှုပ်ရှားခြင်းမရှိဖူးဆိုရင်အပေါ်က ချပေးတဲ့ ဒီမိုကရေစီ စနစ်ဟာ ရေရှည်မခံကြောင်း သိသာထင်ရှားပါတယ်။

## အပိုင်း (၇)

### အာဏာရှင်စနစ်နဲ့ နာခံမှုဓလေ့အကြောင်း

လက်နက်ကိုင်တစုက အနိုင်ကျင့်ပြီး အတင်းအဓမ္မကြီးစိုးနေတာကို ငြိမ်ခံလေလေအထိနာလေလေ ဖြစ်ရတဲ့သာဓက ကမ္ဘာ့သမိုင်းမှာ အများအပြားတွေ့နိုင်ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်း နာဇီဂျာမာန်သိမ်းပိုက်ထားတဲ့ နယ်မြေတွေမှာ ပြည်ချစ်အမျိုးသားတပ်ဖွဲ့ကပြောက်ကြားနည်းနဲ့တွန်းလှန်တိုက်ခိုက်တာကို ပြည်သူလူထုကလည်း အနုနည်းနဲ့ ဆန့်ကျင်ခဲ့ကြပါတယ်။

ဒါပေမဲ့ ဂျူးလူမျိုး၊ အရှေ့ဥရောပသားနဲ့အခြား လူမျိုးစုတွေ သိန်းသန်းချီအသတ်ခံရတဲ့ ဖြစ်ရပ်ဆိုးတွေကို ပြန်ကြည့်ရင် နာဇီ မဟုတ်တဲ့ အခြားအမှုထမ်းတွေက ပူးတွဲဆောင်ရွက်ပြီး အရပ်သားတွေကိုယ်တိုင်ကလည်း မဆန့်ကျင်ပဲ ငြိမ်ခံနေတာကြောင့် အများအပြား အသတ်ခံရတာလို့ ဆိုပါတယ်။ နာဇီအမိန့်ကိုမနာခံတဲ့ နေရာဒေသတွေမှာသာ အများအပြား အသက်ချမ်းသာရာ ရကြတာ တွေ့ရပါတယ်။

လူမျိုးတမျိုးလုံးပြုတ်အောင်သတ်ပစ်ဖို့ကြံတဲ့ လူမဆန်တဲ့ စီမံကိန်းကို အများပြည်သူက လက်ခံနိုင်ပါ့မလားဆိုတာ နာဇီဂျာမန်တွေတောင် ပထမသံသယဖြစ်ခဲ့ပါတယ်။ လူ့အဖွဲ့အစည်းက လက်မခံရင်ဆက်မလုပ်ပဲ ရပ်ဆိုင်းလိုက်ဖို့ ရှိပါတယ်။ ဒါကြောင့် ဂျူးတထောင်ကျော် ကို အစမ်းသဘောနဲ့ ဖမ်းဆီးထိန်းသိမ်းခဲ့ပြီးမှ ဂျူးလူမျိုးသုတ်သင်ရေးစီမံကိန်းကို စတင်အကောင်အထည်ဖော် ကြောင်း သိရပါတယ်။

ဂျူးလူမျိုးအရပ်သားတွေကို မတရားဖမ်းဆီး နှိပ်စက်ရာမှာ ကိုယ်ထိလက်ရောက်မပါလိုတဲ့ စစ်ဗိုလ်လူသားစိတ်ရှိတဲ့ ဂျာမန်စစ်တပ်က ကန့်ကွက်ခဲ့တာကြောင့် အသေအပျောက် နည်းသွားရတဲ့ ဖြစ်ရပ်တွေလည်းရှိပါတယ်။ ဗမာစစ်အာဏာရှင်စနစ်တည်ထောင် ရာမှာလည်း အများပြည်သူက လက်ခံမယ်၊ မခံဘူးဆိုတာကို အသေအချာ မသိနိုင်တာကြောင့် ပထမပိုင်းမှာ အမျိုးမျိုး သွေးတိုးစမ်းသေးတာတွေ့ရပါတယ်။ ဗိုလ်ချုပ်နေဝင်း အာဏာသိမ်းစမှာ အလုပ်သမား၊ လယ်သမားအရေးကို ဟန်ပြဦးစားပေးပြီး ပြည်သူ့အကျိုးသယ်ပိုးတော့မဲ့ပုံပေါ်အောင် ထောက်လှမ်းရေးနဲ့ ဗကပလူထွက်တွေက ဝါဒဖြန့်တဲ့အတွက် စစ်ဘီလူးကို ကယ်တင်ရှင်အဖြစ်မြင်လာအောင် မျက်လှည့်ပြနိုင်ခဲ့ပါတယ်။

ဒီလိုအကြီးအကျယ်ဝါဒဖြန့်တာမျိုးကို မြန်မာပြည်သားတွေ မကြုံဘူးတာကြောင့် မြေပေါ်၊ မြေအောက်နိုင်ငံရေးပါတီတွေ အငိုက်မိပြီး စစ်အာဏာရှင်စနစ်နဲ့ စေ့စပ်ဆွေးနွေးသူ၊ ဆိုရှယ်လစ်လမ်းစဉ်အတုကို ထောက်ခံတဲ့သူစသဖြင့်ရှိလာခဲ့ပါတယ်။ ဒီလို အခြေအနေမျိုးကို ဘယ်လိုရင်ဆိုင်ရမယ်၊ ဘယ်နည်းနဲ့ရင်ဆိုင်ရမယ်ဆိုတာကို အများပြည်သူကမသိတဲ့အတွက်ပွဲဦးထွက်မှာ အသာရ လိုက်တာကို ရေရှည်အကျိုးအမြတ်ခံစားရအောင် စစ်အာဏာရှင် အုပ်စုက လုပ်နိုင်ခဲ့ပါတယ်။

ဒါပေမဲ့ ပြဿနာကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းနိုင်စွမ်းမရှိတာကြောင့် ၁၉၆၂ ခုနှစ်ကစပြီး ပေါ်ပေါက်လာတဲ့ ကျောင်းသားနဲ့ အလုပ်သမားအရေးတော်ပုံတွေကို အကြမ်းဖက် နှိမ်နှင်း ခဲ့ရပါတယ်။ မြန်မာပြည်သားတွေဟာ စစ်အာဏာရှင်စနစ် အောက်မှာ အဆင်းဆင်းအရဲရဲ ငြိမ်ခံလာခဲ့တာ ထုသားပေးသား ရနေပါပြီ။ ဘဝရပ်တည်ရေးအတွက် အမျိုးမျိုး အကြံအဖန် လုပ်တတ်ကြပါတယ်။ ဒါကြောင့် အခုရင်ဆိုင်နေရတဲ့ ပြဿနာက ဖိနှိပ်ညှင်းပမ်းမှု အောက်မှာ ဘယ်လိုနေထိုင်မလဲဆိုတာ မဟုတ်တော့ဘဲ စစ်အာဏာ ရှင်စနစ်ကို ဘယ်လိုတော်လှန်ပြီး ဘယ်လိုဖြိုခွင်းမလဲဆိုတဲ့ ကိစ္စပါဘဲ။

စစ်အာဏာရှင်စနစ်ကို ပျောက်ကွယ်အောင်လုပ်မဲ့ နည်းလမ်းကို ရှာဖွေဖို့နဲ့ စစ်အာဏာရှင်စနစ်ဖြစ်ပေါ်စေတဲ့ အခြေအနေကို ပြောင်းလဲပစ်ဖို့ ကြန့်ကြာလေလေ စစ်အာဏာရှင်စနစ် ဖယ်ရှားရတာ ခက်ခဲလေလေဖြစ်နေပါတယ်။ ဒီအတိုင်းကာလ ကြာရှည်နေရင် လွှတ်လပ်မှုဆိုတာ ဒဏ္ဍာရီပုံပြင်ထဲမှာသာ တွေ့နိုင် မဲ့ အဓိပ္ပါယ်မရှိတဲ့ ဝေါဟာရဖြစ်လာမှာ စိုးရိမ်ရပါတယ်။ တပြည်လုံး ကို ဒုက္ခပေးနေတာတောင် စစ်အာဏာရှင်စနစ်ကို တတ်နိုင်တဲ့ နည်းနဲ့ မဆန့်ကျင်ပဲငြိမ်ခံနေတာဟာ စစ်အာဏာရှင်စနစ်ကို ထောက်ခံတာနဲ့ အတူတူပဲလို့ဆိုရိုးရှိပါတယ်။ ဒါကြောင့် စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေးဟာ မြန်မာပြည်သားတွေရဲ့သေရေးရှင်ရေးကိစ္စ ဖြစ်လာပါတယ်။

လူတန်းစေ့နေနိုင်ရေးအတွက် စစ်အာဏာရှင်စနစ်ကို တိုက်ခိုက်ရမယ်ဆိုတော့ လက်နက်မျိုးစုံကိုင်ဆောင်ထားတဲ့ စစ်ဘီ

လူးကို ဘယ်လိုလုပ်နိုင်ပါ့မလဲလို့သိကြပါတယ်။ အနုနည်းနဲ့ ဆန့်ကျင်ရာမှာ စစ်အာဏာရှင်စနစ်ရဲ့ အားနည်းချက်တွေကို ရှာဖွေ တိုက်ခိုက်တဲ့ နည်းဖြစ်ပါတယ်။ လက်နက်ရှိတိုင်းလုပ်ချင်လို လုပ်နိုင်တာမဟုတ်ပါဘူး။ စစ်အာဏာရှင်ဟာလည်း အခြားအစိုးရတွေလိုပဲ တိုင်းသူပြည်သားတွေရဲ့ နာခံမှုနဲ့ပူးပေါင်းဆောင်ရွက်မှုကို ရယူပြီး ကြီးစိုးနေပါတယ်။

ဗမာစစ်အုပ်စုဟာ ပြည်သူ့ဆန္ဒကိုဆန့်ကျင်ပြီး အတင်းအဓမ္မအာဏာလုထားသူဖြစ်ပြီး အကြမ်းဖက်တဲ့နည်းနဲ့ ပြည်သူ့နာခံမှုကို ရယူထားတာပါ။ ဒီနာခံမှုကို ရုပ်သိမ်းလိုက်ရင် စစ်အာဏာရှင်ရဲ့ ဇာတ်သိမ်းခန်းကိုမြင်ရဖို့နီးလာပါပြီ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးဟာ စစ်ဗိုလ်ဆန့်ကျင်ရေးမဟုတ်ပါဘူး။

**စစ်သည်တော်ပီသလိုတဲ့ စစ်ဗိုလ်ဟာ စစ်အာဏာရှင် စနစ်ကို ဆန့်ကျင်သူဖြစ်ပါတယ်။ တိုင်းပြည်မှာ စစ်တပ်၊ စစ်ဗိုလ်နဲ့ စစ်သားဟာ လိုအပ်ချက်ဖြစ်ပေမဲ့ စစ်တပ်ကို အလွဲသုံးစားလုပ်ပြီး အာဏာလုယူထားတဲ့ စစ်အာဏာရှင်စနစ်ကတော့ လိုအပ်ချက် မဟုတ်ပါဘူး။**

ဒီမိုကရေစီစနစ်ကို မကြာမီက ကူးပြောင်းသွားတဲ့နိုင်ငံတွေကို ကြည့်ရင်စစ်အာဏာရှင်စနစ်ကို ဖျက်သိမ်းရာမှာ စစ်ဗိုလ်တွေက ရှေ့တန်းကပါဝင်ခဲ့ကြတာတွေ့ရပါတယ်။ စစ်တပ်သိက္ခာထိန်းသိမ်းလိုတဲ့ စစ်ဗိုလ်တွေဟာ နိုင်ငံရေးခေါင်းဆောင်တွေနဲ့ စေ့စပ်ဆွေးနွေးကာ အရပ်သားအစိုးရဖွဲ့စည်းပြီး နိုင်ငံရေးလောကက ထွက်ခွာကြတာများပါတယ်။ စစ်အာဏာရှင်အုပ်စုဟာ ထောက်လှမ်းရေးအားကိုးနဲ့ အမျိုးမျိုးခြိမ်းခြောက်၊ နှိပ်စက်၊ အကြမ်းဖက်ပြီး ပြည်သူလူထုကို အခွင့်သာသလို လုပ်နေတာကြောင့် ဘာမှမတတ်နိုင်ဘူးလို့ဆင်ခြေပေးသူတွေလည်း အတော်များများရှိပါတယ်။

ပြည်သူလူထုရဲ့ နာခံမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုကို အနိုင်ကျင့်ရယူထားတာဟာ ရေရှည်လုပ်လို့ရတဲ့ကိစ္စမဟုတ်ပါဘူး။ ထမင်းဝအောင်မစားရတဲ့ အမှုထမ်းတွေက ခိုင်းတိုင်းအလုပ်မလုပ်ပဲ တပြိုင်ထဲရှောင်နေကြမယ်ဆိုရင် စစ်အာဏာရှင်ဟာ စိတ်သွားတိုင်းကိုယ်ပါနိုင်မယ်မဟုတ်ပါဘူး။ စစ်အာဏာရှင် အစိုးရရဲ့ ဆုံးဖြတ်ချက်ကို တိုင်းသူပြည်သားတွေက အကောင်အထည်ဖော်ရတာပါ။ အကျင့်ပါနေလို့ အမိန့်နာခံတာမျိုးရှိသလို ခြိမ်းခြောက် အကြပ်ကိုင်လို့ နာခံရတာလဲ ရှိပါတယ်။ များသောအားဖြင့်ကတော့ စစ်အစိုးရအမိန့်ကို ဘယ်သူကမှ နာခံချင်တာမဟုတ်လို့ အကြပ်ကိုင် အနိုင်ကျင့် ခြိမ်းခြောက်တဲ့နည်းကိုသာ အမြဲသုံးနေရပါတယ်။

မဆလခေတ်က အကျင့်မပျောက်နိုင်လို့ မတရားတဲ့အမိန့်ကို ဆက်ပြီးနာခံနေဦးမယ်ဆိုရင်တော့ စစ်အစိုးရဟာ ပြည်သူလူထုကို အလကားခိုင်းစားနေဦးမှာပါဘဲ။အမိန့်ကိုအလိုအလျောက်မနာခံတော့ဘူးဆိုရင် ပြည်သူလူထုကို အမြဲတမ်း အကြပ်ကိုင် ခြိမ်းခြောက်နေရပါလိမ့်မယ်။ တပြည်လုံး ကိုစောင့်ကြည့်ပြီး ခြိမ်းခြောက်အကြပ်ကိုင်ဖို့ အမြဲတမ်းစဉ်စားနေရတဲ့ အစိုးရမျိုးဟာ ရေရှည်မခံနိုင်ပါဘူး။ လူနည်းစုဟာ လူများစုကို အမြဲတမ်းစဉ်စားနေရတဲ့ အစိုးရမျိုးဟာ ရေရှည်မခံနိုင်ပါဘူး၊ လူနည်းစုဟာ လူများစုကို အမြဲတမ်းချုပ်ကိုင်လို့ မရနိုင်ပါဘူး။ တနည်းဆို ရရင်တော့ တပြည်လုံးအမိန့်နာခံအောင် အမြဲတမ်းအာဏာပြ နေရတဲ့ အစိုးရဟာ တဖြည်းဖြည်းလုံးပါးပါးတဲ့ အဖြစ်မျိုးကို ရောက်သွားမဲ့ သဘောပါခင်ဗျား။



# ချင်းအမျိုးသားညီလာခံသို့ လက်ရှိနိုင်ငံရေး သုံးသပ်ချက်နှင့် ပါတ်သက်၍ ချင်းအမျိုးသားတပ်ဦးမှ တင်သွင်းသော စာတမ်း။

## စစ်တပ်တွင်းအခြေအနေ

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ စစ်တပ်အာဏာသိမ်းစဉ်က ထိပ်တန်းမှပါဝင်ခဲ့ကြသူများအနက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး မှလွဲ၍ ကျန်ဗိုလ်ချုပ်ကြီးများမှာ ဖြုတ်ထုတ်ခံရသူခံရ၊ သေဆုံးသူများ သေဆုံးခဲ့ကြပြီးဖြစ်သည်။[၁] ၂၀၀၄ခုနှစ်၊ အောက်တိုဘာလတွင် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ စစ်ထောက်လှမ်းရေးအုပ်စုနှင့် သူ့ကို ထောက်ခံသူ ထောင်ဂဏန်းကျော်ကို ဖြုတ်ထုတ်ရှင်းပစ်လိုက်ပြီးနောက် ဗိုလ်ချုပ်မှူးကြီးနှစ်ဦး အကြားအာဏာလွန်ဆွဲပွဲ ဆက်လက်ရှိနေခဲ့သော်လည်း ယခုအခါ ဗိုလ်ချုပ်မှူးကြီးသန်းရွှေမှ အသာစီးရရှိနေပြီး အာဏာတခုလုံးကို ထိန်းချုပ်နေဆဲဖြစ်သည်။[၂]နအဖစစ်ကောင်စီအတွင်း၌၄င်း၊ နအဖအစိုးရအတွင်း၌၄င်း၊ နအဖ စစ်တပ်အတွင်း၌၄င်း ပြုပြင်ပြောင်းလဲရေးကိုမလိုလားဘဲ စစ်တပ်မှအာဏာ ဆွဲကိုင်ထားရေးအပေါ် ပိုမိုဆန္ဒစွဲပြင်းထန်သည့် ပုဂ္ဂိုလ်များက စိုးမိုး နေရာယူထားလျက်ရှိသည်။ နအဖစစ်အစိုးရအတွင်း ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ရာထူးမှ ဖယ်ရှားလိုက်ပြီးနောက် ဝန်ကြီးဌာနများစွာတွင် ဝန်ကြီး အပြောင်းအလဲများပြုလုပ်ခဲ့ကာ အတွင်းရေးမှူး (၁) အဖြစ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဗိုလ်ချုပ်ညဏ်ဝင်းနှင့် ဒုတိယဝန်ကြီးအဖြစ် ဗိုလ်မှူးကြီးမောင်မြင့်တို့အား ခန့်အပ်ခဲ့သည်။ ၂၀၀၅ခုနှစ်၊ မေလတွင် နအဖစစ်တပ်အတွင်း ကြီးမားကျယ်ပြန့်သည့် အပြောင်းအရွှေ့များပြုလုပ်ခဲ့ပြီး ဒုတိယ ကာကွယ်ရေးစစ်ဦးစီးချုပ်အဖြစ် ဗိုလ်ချုပ်ကြီးသူရရွှေမန်းအား ခန့်အပ်တာဝန်ပေးအပ်ခဲ့သည်။ စစ်တိုင်းမှူး(၅) ဦးအား အသစ် ခန့်အပ်ကာ တိုင်းမှူး (၂) ဦးမှာမူ နေရာချင်းလဲလှယ်စေခဲ့သည်။ တပ်မ (၄) ခုတွင် တပ်မမှူးအစားထိုးခန့်အပ်မှုများပြုလုပ်ခဲ့ပြီး နအဖစစ်ကောင်စီဝင်လဲဖြစ်၊ တပ်မတော်အထူး စစ်ဆင်ရေးမှူးတဦးလဲဖြစ်သည့်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား တပ်မတော် လေ့ကျင့် ရေးသင်တန်းကျောင်းမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် နေရာချင်းလဲလှယ်စေခဲ့သော်လည်း မကြာမီအချိန်အတွင်းမှာပင် ပြန်လည်၍ နဂိုမူလအတိုင်း ပြန်လည်တာဝန်ထမ်းဆောင်စေခဲ့ပြန်သည်။ ယခင်ဖျက်သိမ်းခဲ့သည့် အမျိုးသားထောက်လှမ်းရေးဌာနနေရာတွင် တပ်မတော် စစ်ဖက်ရေးရာ လုံခြုံရေးဌာနအား အစားထိုး ဖွင့်လှစ်ခဲ့ပြီး စစ်ရုံးချုပ်လက်အောက်ခံဌာနတခုအဖြစ် ဖွဲ့စည်းခဲ့သည်။ အဆိုပါ တပ်မတော်စစ်ဖက်ရေးရာလုံခြုံရေးဌာနအရာရှိ ချုပ်အဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေအား ခန့်အပ်တာဝန်ပေးအပ်ခဲ့သည်။ ၂၀၀၆ခုနှစ်၊ ဇန်နဝါရီလ(၂၇) ရက်နေ့တွင် ရန်ကုန်တိုင်းတိုင်းမှူးအဖြစ် ဗိုလ်မှူးချုပ်လှဌေးဝင်းအား ခန့်အပ်တာဝန်ပေးခဲ့သည်။ ဗိုလ်မှူးချုပ်လှဌေးဝင်းသည် တပ်မ (၁၁) တပ်မမှူးတာဝန် ထမ်းဆောင်နေသူဖြစ်ပြီး ယခင်မြို့တော်ရန်ကုန်နှင့် နအဖ စစ်ဗိုလ်ချုပ်ကြီးများ၏ လုံခြုံရေးကို တာဝန်ယူနေရသူလဲဖြစ်ရာ နအဖခေါင်းဆောင်များ၏ လူယုံတော်တဦးဖြစ်သည်။ ယခုကဲ့သို့ ရန်ကုန်တိုင်းတိုင်းမှူးအဖြစ်ခန့်ထားရာတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဗိုလ်ချုပ်မှူးကြီးမောင်အေးတို့ နှစ်ဦးစလုံး၏ ညှိနှိုင်းသဘောတူညီချက်အရ ခန့်အပ်တာဝန်ပေးအပ်ခြင်းဖြစ်သည်ဟုဆိုသော်လည်း ဗိုလ်ချုပ်မှူးကြီးမောင်အေး၏ လူယုံတော်တဦးဖြစ်သည်ဟုဆိုသည်။ ယခုကဲ့သို့ စစ်တပ်အတွင်း အပြောင်းအရွှေ့ များပြုလုပ်ခြင်းသည် စစ်အာဏာရှင်စနစ် တည်တန့်ခိုင်မြဲရေးအတွက် စစ်တပ်ကိုအခြေခိုင်အောင်ပြုလုပ်ခြင်း ဖြစ်သည်ဟု သုံးသပ်ရပေသည်။[၃] တပ်မတော်အစိုးရအနေဖြင့် ပျဉ်းမနားကြပ်ပြေးအရပ်တွင် မြို့တော်သစ် (၂၀၀၆ခုနှစ်၊ မတ်လ ၂၂ရက်နေ့မှစ၍ နအဖ သတင်းမီဒီယာများတွင် နေပြည်တော်ဟု စတင်သုံးစွဲသည်)ကို ဆောက်လုပ်ခဲ့ရာ ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ(၆) ရက်နေ့မှစတင်၍အစိုးရရုံးများ ပြောင်းရွှေ့မှုပြုလုပ်ခဲ့ကြပြီး ယခုအခါ စစ်အစိုးရဝန်ကြီး ဌာနအားလုံး ပြောင်းရွှေ့ခဲ့ကြပြီးဖြစ်သည်။ ထို့အပြင်စစ်ရုံးချုပ်ကိုလည်း နေပြည်တော်သို့ ပြောင်းရွှေ့ပြီး စစ်တပ်တခုလုံးကိုနေပြည်တော်မှ ဦးစီးအမိန့်ပေးနေပြီဖြစ်သည်။ စစ်တိုင်း(၁၀)တိုင်းဖြင့် နေပြည်တော်တိုင်းစစ်ဌါနချုပ်ကို တိုးချဲ့ဖွဲ့စည်းခဲ့ပြီး တိုင်းမှူးအဖြစ်ဗိုလ်ချုပ်ရွှေမန်း၏ လက်သတ်မွေး တပည့်ဗိုလ်ချုပ် တင်ငွေအား ခန့်အပ်တာဝန်ပေးခဲ့သည်။ ယခုကဲ့သို့ မြို့တော်သစ်တည်ဆောက်၍ စစ်ရုံးချုပ်ကိုပါ ပြောင်းရွှေ့လိုက်ခြင်းသည် စစ်တပ်မှ နိုင်ငံတော်၏ အာဏာကို ရေရှည် ထိန်းချုပ်ထားရန် ရည်ရွယ်ချက်ရှိသဖြင့် ပြည်သူလူထုအုံကြွမှုရန်မှ ကာကွယ် ရန်နှင့်နိုင်ငံခြားကျူးကျော်မှုရန်မှ ကာကွယ်ရန်တို့အတွက် ကြိုတင်အကွက်ချ စီစဉ်ထားခြင်းဖြစ်သည်ဟု ပြည်သူလူထု အများစုက ယူဆကြသည်။ သံတမန်ရပ်ကွက်နှင့် စစ်ရေးအကဲခတ်သူများကမူ ပျဉ်းမနားသည်ဗမာပြည်၏ အလယ်ဗဟိုဖြစ်ခြင်းကြောင့် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကရင်နီပြည်နယ်တို့နှင့် ပိုမိုနီးကပ်ထိစပ်မှုရှိသဖြင့် တော်လှန် ပုန်ကန်မှုများကို

ကိုင်တွယ်နှိမ်နင်းရာတွင် ပိုမိုလွယ်ကူစေရန်အတွက် ယခုကဲ့သို့ မြို့တော်နှင့် စစ်ရေး ကွပ်ကဲရေးဌာနချုပ်ကို ပြောင်းရွှေ့ခြင်းဖြစ်သည်ဟုဆိုသည်။ [၄]နအဖ၏ ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းမှ သတင်းစာ ရှင်းလင်းပွဲတခု၌ပြောကြားရာတွင် "ပျဉ်းမနားသည် တိုင်းပြည်၏ အလယ်ဗဟိုတွင် တည်ရှိသဖြင့် ဒေသအသီးသီးမှ ဆက်သွယ်ရလွယ်ကူခြင်းကြောင့် ယခုကဲ့သို့ မြို့တော်ကို ပြောင်းရွှေ့ရခြင်းဖြစ်သည်" ဟုဆိုသည်။ ၁၉၈၈ခုနှစ်တွင် စစ်တပ်အင်အား တစ်သိန်းရှစ် သောင်းခန့် ရှိခဲ့ရာမှ ယခုအခါ (၄)သိန်းအထိ တိုးချဲ့ဖွဲ့ စည်းခဲ့ပြီး တရုတ်နှင့်ရုရှားထံမှ ခေတ်မှီလက်နက်များ ဝယ်ယူတင်သွင်း၍ ၎င်း၏ စစ်တပ်အားတပ်ဆင်ပေးခဲ့သည်။ ယင်းကဲ့သို့ စစ်တပ်အင်အား တိုးချဲ့ရခြင်းရည်ရွယ်ချက်သည် ပြည်ပကျူးကျော်မှုရန်ထက် စစ်တပ်က နိုင်ငံရေးအာဏာကို လက်ဝါးကြီးအုပ်ထားနိုင်ရေးနှင့် တိုင်းရင်းသားလူမျိုးစုများ၊ ဒီမိုကရေစီရေးလှုပ်ရှားသူများနှင့်ပြည်သူ့အုံကြွမှုများကို နှိမ်နင်းနိုင်ရေးအတွက်သာ ဖြစ်သည် ဟုသုံးသပ်ရပေသည်။[၅]

## နအဖ နှင့် ၎င်း၏အမျိုးသားညီလာခံ

နအဖအနေဖြင့် တရားဝင်အစိုးရဖြစ်လာရေးအတွက် တခုတည်းသောထွက်ပေါက်မှာ အမျိုးသားညီလာခံကို အောင်မြင်စွာ ကျင်းပ၍ ၎င်းတို့အလိုကျ ရေးဆွဲသည့်အခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲ ကျင်းပပြီး ပြည်သူလူထု ထောက်ခံသော အစိုးရဖြစ်သည်ဟု ကျေညာကာ တိုင်းပြည်၏ အာဏာ အရပ်ရပ်ကို ၎င်းတို့ အလိုကျ ထိန်းချုပ်ထားရေးပင်ဖြစ်သည်။ တပ်မတော်အစိုးရအနေဖြင့် ပြည်ထောင်စု မပြိုကွဲရေးအတွက် မြန်မာ့နိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်မှ တိုက်ရိုက် ဝင်ရောက် ပါဝင်နေရာယူရေးသည် အဓိကလိုအပ်ချက်တရပ်ဖြစ်သည်ဟု ယုံကြည်ထားပေသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး တည်ဆောက်ရာတွင် "တသွေး၊ တသံ၊ တမိန့်" အတိုင်း တည်ဆောက်ရမည်ဟုလည်း ယုံကြည်ထားပေသည်။ ယင်းသို့ယုံကြည် ထားသည်နှင့် အညီ ၂၀၀၃ ခုနှစ်၊ ဩဂုတ်လတွင် အဆင့် (၇) ဆင့်ပါသော နိုင်ငံရေးလမ်းပြမြေပုံကို ကျေညာကာ ၂၀၀၄ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင် ယခင်ရပ်ဆိုင်းထားသော အမျိုးသားညီလာခံကို ပြန်လည်ကျင်းပခဲ့သည်။ ယခုအခါ အရေးပါသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေရေးအပိုင်းများကို ၂၀၀၅ ခုနှစ်၊ ဩဂုတ်လတွင် အတည်ပြုလိုက်ပြီဖြစ်သည်။ နအဖအနေဖြင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်နှင့် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလူမျိုးစုများ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးရေး တောင်းဆိုချက်များ၊ ကမ္ဘာ့ ကုလသမဂ္ဂနှင့် နိုင်ငံတကာ၏ တောင်းဆိုချက်များကို လစ်လျူရှု၍ ၂၀၀၅ခုနှစ်၊ ဒီဇင်ဘာလ(၅)ရက်နေ့တွင် အမျိုးသားညီလာခံကို ပြန်လည် ကျင်းပခဲ့သည်။ သို့သော် ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ(၃၀)ရက်နေ့တွင် အမျိုးသားညီလာခံကို ပြန်လည်ရပ်နားခဲ့ပြီးနှစ်ကုန်ပိုင်းတွင် ပြန်လည်စတင်မည်ဟုဆိုသည်။ နအဖ အနေဖြင့် ၂၀၀၈ခုနှစ်အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေကို အပြီး သတ်ရေးဆွဲပြီး လူထုဆန္ဒခံယူပွဲပြုလုပ်ကာ အထွေထွေရွေးကောက်ပွဲပါ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း မကြာသေးမီကရန်ကုန်ကိုသွားရောက်ခဲ့သော မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဟာမစ်အယ်လ်ဘာက ပြောကြားခဲ့သည်ဟု ထိုင်းအစိုးရ ပြောခွင့်ရပုဂ္ဂိုလ်မစ္စတာကစ်တီက ပြောကြားခဲ့သည်။[၆] နအဖအနေဖြင့် ၎င်း၏ အစီအစဉ်အတိုင်း ဖော်ဆောင်နိုင်ရေးအတွက် ပြည်သူ့ စစ်မဟာဗျူဟာကို ကိုင်စွဲထားသည်ဖြစ်ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံသမီးများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းများအဖွဲ့၊ ပြည်သူ့စွမ်းအားရှင်များနှင့် ပြည်သူ့စစ်ကိုခိုင်မာစွာတည်ဆောက်၍ ၎င်းတို့ မျှော်မှန်းထားသည့် စည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရန် စိုင်းပြင်းလျက်ရှိပေသည်။ ထို့ကြောင့် နအဖအနေဖြင့်အသစ် ရေးဆွဲပြဌာန်းသော ဖွဲ့စည်းပုံအခြေခံဥပဒေအားဖြင့် ၎င်းတို့အာဏာကို အခိုင်အမာ တည်ဆောက်ကာကွယ်ပြီးမှသာ နိုင်ငံတကာကိုသော်၎င်း၊ ဒီမိုကရေစီအင်အားစုများကိုသော်၎င်း၊ တိုင်းရင်းသားအင်အားစုများကိုသော်၎င်း တွေ့ဆုံစကားပြောလိမ့်မည်ဟု ယုံကြည် ယူဆရပေသည်။ အခြားတဖက်တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေဦးဆောင်သော နအဖအနေဖြင့် မိမိအာဏာဆုပ်ကိုင်မှုကို စိတ်ချယုံကြည်နေသည့် ကာလပတ်လုံး ၎င်းတို့၏ (Road map) သည်လည်း အကောင်အထည် ဖေါ်နိုင်မည် မဟုတ်ဟုယုံကြသည်။ နအဖ ရေးဆွဲပြီးဖြစ်သော အခြေခံမူများသည် တိုင်းရင်းသားများ၏ နှစ်ပေါင်း (၅၀)ကျော် တိုက်ပွဲဝင် တောင်းဆိုလာခဲ့သော တိုင်းရင်းသားလူမျိုးများ၏ လိုလားချက်ဖြစ်သော ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်၊ နိုင်ငံရေးတန်း တူခွင့်နှင့် ဒီမိုကရေစီအခွင့်အရေးများ ပါဝင်ထည့်သွင်းထားခြင်းမရှိသည့်အပြင် မဟာလူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်ပေးရေးအတွက် ချမှတ်ထားသော အခြေခံမူများပင်ဖြစ်ပေသည်။

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အခြေအနေ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၁၉၉၀ခုနှစ် ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရရှိပြီးနောက် နအဖ အနေဖြင့် ၎င်း၏ဂတိအတိုင်း အာဏာလွှဲပြောင်းပေးခြင်းမပြုလုပ်သည့်အပြင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များနှင့်ပါတီဝင်များအားဖမ်းဆီး

ထောင်ချဖိနှိပ်လျက် ရှိပေသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် အဖွဲ့ချုပ်ရုံးများပြန်လည်ဖွင့်ခွင့်ပြုရန်နှင့်အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ်ဒု–ဥက္ကဋ္ဌဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည် တို့အားပြန်လည်လွှတ်ပေးပါက နအဖကျင်းပလျက်ရှိသောအမျိုးသားညီလာခံတွင် ပါဝင်တက်ရောက်ရန်ကမ်းလှမ်းခဲ့သော်လည်း နအဖအနေဖြင့် လက်မခံဘဲပယ်ချခဲ့သည်။ ၂၀၀၄ခုနှစ်မေလ (၁၄) ရက်နေ့တွင်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်ကော်မီတီမှ "နအဖကျင်းပသောအမျိုးသား ညီလာခံ တွင် ပါဝင်ခြင်းအားဖြင့်တိုင်းပြည်ကိုအကျိုးပြုနိုင်မည်ဟုမယုံကြည်သောကြောင့်အမျိုးသားညီလာခံသို့မတက်ရောက်ရန်ဆုံးဖြတ်သည်" ဟုကြေညာချက်ထုတ်ပြန်ကာ နအဖညီလာခံသို့မတက်ရောက်ခဲ့ပေ။[၇] အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် သင်ပုန်းချေရေးလမ်းစဉ်ကို ကိုင်ဆွဲကာ နအဖ နှင့်တွေ့ဆုံဆွေးနွေးမှုပြုလုပ်ရန် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ(၂) ရက်နေ့တွင်တကြိမ်၊ ဒီဇင်ဘာလ (၂၃) ရက်နေ့တွင်တကြိမ် ကမ်းလှမ်းမှုပြု လုပ်ခဲ့သော်လည်း နအဖအနေ ဖြင့်မည်သို့မျှ တုန့်ပြန်မှုမပြုလုပ်ခဲ့သည့်အပြင် ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့အား ထောင်ဒဏ်သက်တမ်းတနှစ်စီတိုးပေးခဲ့သည်။[၈] အဖွဲ့ချုပ်ဝင်အများစု ပါဝင်သော နိုင်ငံရေးအကျဉ်းသား ၂၅၀ ခန့်အား ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ (၆) ရက်နေ့တွင် သက်ဆိုင်ရာအာဏာပိုင်များမှလွှတ်ပေးခဲ့သော်လည်း နအဖအကျဉ်းထောင်များတွင် နိုင်ငံရေးအကျဉ်းသား (၁၁၀၀) ခန့်ကျန်ရှိနေဆဲဖြစ်သည်။ တဖက်တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အားနိုင်ငံရေးလှုပ်ရှားခွင့်များတဖြည်းဖြည်းကန့်သတ်ဖျက်သိမ်းလျက်ရှိပြီးအဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ဦးကျော်ဆန်း၊ ဦးကျော်ခင်၊ ဦးကျော်မင်း၊ ဦးသန်းဌေးနှင့်ဦးစောလှိုင်တို့အပါအဝင်အဖွဲ့ချုပ်ဝင် အများအပြားအား မတရားအမှုဆင်ထောင်ချခြင်း၊ အဖွဲ့ချုပ်လူငယ်တဦးဖြစ်သူကို အောင်လှိုင်ဝင်းအား မတရားရိုက်နှက်စစ်ဆေး၍ အသက်ဆုံးရှုံးရခြင်း စသည်များဆက်လက်လုပ်ဆောင်နေပေသည်။[၉] စစ်အစိုးရ အနေဖြင့်အဖွဲ့ချုပ်အပါအဝင် ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရပါတီအားလုံးကို တဖြေးဖြေး အင်အားချိနဲ့ပျောက်ကွယ်သွားစေရန် စနစ်တကျ လုပ်ဆောင်နေခြင်းဖြစ်ပြီး ထိပ်တိုက်ရင်ဆိုင်မှုများပြုလုပ်လာလျှင်လည်း အင်အားသုံး၍ တင်းတင်းမာမာနှိပ်ကွပ်သွားရန်ဆုံးဖြတ်ထားပြီး ဖြစ်သည်ဟုသုံးသပ်ရပေသည်။ အဖွဲ့ချုပ်အနေဖြင့်လစဉ်ပုံမှန် အစည်းအဝေးများ အပါအဝင် စည်းရုံးရေးလုပ် ငန်းများကို သာရေး နာရေး လူမှုရေး ကိစ္စရပ်များကို အကြောင်းပြု၍အခက်အခဲအမျိုးမျိုးကြားမှကြိုးပမ်းလုပ်ဆောင်ခဲ့သည်။ လူ့ အခွင့်အရေးကြေညာချက်များ ဖြန့်ဝေခြင်း၊ **HIV/AIDS** ပညာပေးစာစောင်များဖြန့်ဝေခြင်း၊ နေ့ထူးနေ့မြတ်များတွင်တွေ့ဆုံ စည်းဝေးခြင်း၊ ဆွမ်းကပ်ခြင်း၊ ဘုရားဖူးခြင်းများပြုလုပ်၍ နိုင်ငံရေးကိစ္စရပ်များဆွေးနွေးခြင်းစသည့် လူထုလှုပ်ရှားမှုများကို တိုးမြှင့်လုပ်ဆောင်ခဲ့သည်။[၁၀] အဖွဲ့ချုပ်၏ ဗဟိုအလုပ်အမှုဆောင် အဖွဲ့အနေဖြင့် ထိရောက်သော နိုင်ငံရေးအရ တုန့်ပြန်နိုင်မှုမရှိဘဲ တွေ့ဆုံဆွေးနွေးရေး၊ သင်ပုန်းချေရေး၊ အမျိုးသားပြန်လည် ရင်ကြားစေ့ရေးလမ်းကြောင်းပေါ်တွင်ခိုင်မာစွာ ရပ်တည်သည့်အတွက် နည်းဗျူဟာပြောင်းလဲမှုကိုလိုလားသော ပါတီဝင်ထု၏ ဆန့်ကျင်ဝေဖန်မှုကိုခံခဲ့ရပေသည်။ အချို့လွှတ်တော်အမတ်များနှင့် ပါတီဝင်ထုအနေဖြင့် စင်ပြိုင်အစိုးရမျိုးဖွဲ့စည်း၍ ထိရောက်သောလှုပ်ရှားမှုများပြုလုပ်စေလိုကြပေသည်။ အဖွဲ့ချုပ်အနေဖြင့် စင်ပြိုင် အစိုးရဖွဲ့စည်းခြင်းသည် အဖွဲ့ချုပ်၏မူဝါဒ မဟုတ်ကြောင်း ကြေညာပြီး ၂၀၀၅ ခုနှစ်ဖေဖော်ဝါရီလ (၁၆)ရက်နေ့တွင်လွှတ်တော် ကိုယ်စားလှယ်တချို့နှင့် ပါတီဝင်တချို့ကို ပါတီမှ အရေးယူထုတ်ပယ်ခဲ့သည်။ ယင်းကဲ့သို့ အရေးယူမှုအား မကျေနပ်ကြောင်းနှင့် ပါတီ၏စည်းမျဉ်းစည်းကမ်းများနှင့်အညီ တရားမျှတစွာ ဖြေရှင်း ပေးရန် ထုတ်ပယ်ခံရသူများနှင့် ထောက်ခံသူပါတီဝင်တချို့၏ တောင်းဆိုကန့်ကွက်မှုများကို ရင်ဆိုင်နေရပေသည်။[၁၁] အဖွဲ့ ချုပ် အနေဖြင့် ပါတီအတွင်း စည်းလုံးညီညွတ်မှုရရှိရေးကျိုးပမ်းနေရ သည့်နည်းတူ တဖက်တွင် နအဖ၏ တိုက်ခိုက်ဖိနှိပ်မှုများကိုပိုမို ရင်ဆိုင်နေရသောအခြေအနေတွင်ရောက်ရှိနေပေသည်။ မည်သို့ ပင်တိုက်ခိုက်မှုရှိစေကာမူကြံ့ကြံ့ခံရပ်တည်လျက် အဖွဲ့ချုပ်မူလဖွဲ့ စည်းစဉ်ကထားရှိခဲ့သည့်မူဝါဒနှင့်ရွေးကောက်ပွဲ ဂတိကဝတ်များ မှမသွေဖီဘဲ စစ်မှန်သောဒီမိုကရေစီအစိုးရပေါ်ထွန်းရေးကို ဦးတည် ရှေ့ရှုလျက်လှုပ်ရှားနေသည်ကိုတွေ့ရှိရပေသည်။ ၂၀၀၆ခုနှစ်ဖေ ဖော်ဝါရီလ (၁၂) ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အ နေဖြင့် အထူးကြေညာချက် ၁၊ ၀၂၊ ၀၆ထုတ်ပြန်၍ မြန်မာ့ နိုင်ငံရေး ပြဿနာအားနိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းရန်အလို့ငှာအမျိုးသားပြန်လည်သင့်မြတ်ရေးကိုဦးတည်သော အကြံပြုချက်ကို ထုတ်ပြန်ခဲ့သည်။ယင်းအကြံပြုချက်တွင် နအဖအနေဖြင့် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတွင်အနိုင်ရရှိသည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့်ပြည်သူ့လွှတ်တော်တရပ်ခေါ်ယူပေးရန်နှင့်ယင်း လွှတ်တော်မှ နအဖအား အသွင်ကူးပြောင်းရေးကြားကာလအတွက် တာဝန်ယူရ သော အစိုးရ(ဝါ) ဥပဒေအရ အုပ်ချုပ်သော ကောင်စီ ဖြစ်လာစေရန်ကြေညာပေးမည်ဟုဆိုသည်။ ယခုကဲ့သို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကမ်းလှမ်းချက်သည် အမျိုးသား ပြန်လည်သင့်မြတ်ရေးကိုဦးတည်သည့်ဆောင်ရွက်ချက်တခုအနေဖြင့် အသိအမှတ်ပြုသော်လည်းအသွင်ကူးပြောင်းရေးကာလ တခုအတွင်း၌ တိုင်းရင်းသားလူမျိုးများ၏ အခန်းကဏ္ဍနှင့်သုံးပွင့် ဆိုင်ဆွေးနွေးပွဲကိစ္စကိုထည့်သွင်းဖော်ပြထားခြင်းမရှိသဖြင့်အချိန်ကာလတခု

အထိ စောင့်ကြည့်လေ့လာစမ်းစစ်ရန်လိုအပ်သည်ဟု တိုင်းရင်းသားလူမျိုးစုများမှဆိုသည်။[၁၂] ၂၀၀၆ခုနှစ် ဧပြီလ ၂၁ရက်နေ့တွင် တိုင်းပြည် အထွေထွေအကြပ်အတည်းမှ လွတ်မြောက်ရန် ရည်ရွယ်ပြီး စတင်ဆွေးနွေးမှုပြုလုပ်ရန် တောင်းဆိုထားသည့် အန်အယ်လ်ဒီ၏ပြည်ထောင်စုနေ့ အထူးကြေညာချက်၏ နောက်ဆက်တွဲကို ထုတ်ပြန်ထားပြီးယင်းတောင်းဆိုချက်အားပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နှစ်ပတ်လည်နေ့ဖြစ်သည့် မေလ (၂၇)ရက်နေ့တွင် အကြောင်းပြန်ရန် မျှော်လင့်သည်ဟု ကြေညာချက်တွင်ဖော်ပြထားသည်။ ယင်းကြေညာချက်တွင်မြန်မာနိုင်ငံ၌ ကုန်ဈေးနှုန်းများတက်နေခြင်း၊ ငွေကြေးကြောက်ခမန်း လိုလို ဖောင်းပွနေခြင်း၊ လူအများစုစားဝတ်နေရေးကြပ်တည်းနေခြင်း၊ မူးယစ်ဆေးဝါးနှင့် ကူးစက်ရောဂါပြဿနာများကာကွယ် တားဆီးရန် အခက်အခဲကြုံနေပြီး လူသားချင်းစာနာသည့် အကူအညီများ အထူးလိုအပ်နေသည့် အခြေအနေနှင့်ရင်ဆိုင်လျက်ရှိသည်ဟုဖော်ပြထားသည်။[၁၃] ၂၀၀၆ ခုနှစ် ဧပြီလ (၂၆)ရက် နေ့တွင် နအဖ ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မှသတင်းစာရှင်းလင်းပွဲပြုလုပ်ရာ၌ အန်အယ်လ်ဒီ၏ နောက်ဆုံး ကမ်းလှမ်းချက်ကိုပယ်ချခဲ့ပြီး အန်အယ်လ်ဒီပါတီအနေဖြင့်အကြမ်းဖက် အဖွဲ့အစည်းများနှင့်ပြည်ပရောက် တရားမဝင် အဖွဲ့အစည်းများနှင့် ဆက်သွယ်မှုများရှိနေပြီး တရားမဝင်ပါတီအဖြစ်ကျေညာရန်လုံလောက်သောအထောက်အထားများ ရရှိထားပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။[၁၄]

## တိုင်းရင်းသားလူမျိုးစုများအခြေအနေ

တိုင်းရင်းသားလူမျိုးစုများအနေဖြင့်တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အခြေခံသောစစ်မှန်သည့် ဖက်ဒရေပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် မြန်မာနိုင်ငံလွတ်လပ်ရေးရစကတည်းက စတင်ကြိုးပမ်းခဲ့ကြသည်။ သို့သော် တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အခြေခံသော စစ်မှန်သည့် ဖက်ဒရေပြည်ထောင်စု တည်ဆောက်နိုင်ရေးကို မည်သည့်ဗမာ အစိုးရ၊ စစ်အစိုးရ အဆက်ဆက်ကမျှ လက်ခံခဲ့ခြင်း မရှိသဖြင့် ယနေ့ထိတိုင် လက်နက်စွဲကိုင်တော်လှန်တိုက်ပွဲဝင်ခဲ့ကြရပေသည်။ တိုင်းရင်းသား လူမျိုးစုများအနေဖြင့် မြန်မာ့နိုင်ငံရေးပြဿနာအား သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းအားဖြင့် နိုင်ငံရေးအရ အဖြေရှာရန် တစိုက်မတ်မတ် တောင်းဆိုလျက်ရှိပေသည်။ ပြည်တွင်းတွင် စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများမဟာမိတ်အဖွဲ့ **(UNA)**နှင့် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီ အဖွဲ့ချုပ် **(UNLD)** တို့သည် အမျိုးသားညီလာခံအား နအဖအနေဖြင့် အခြေခံမူ (၁၀၄)ချက်၊ ဦးတည်ချက်(၆)ချက်ဘောင် အတွင်း ဆက်လက်ကျင်းပရန် ဆုံးဖြတ်ထားခြင်း၊ နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးခြင်းမပြုသည့်အပြင် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးတို့အား ဆက်လက် ဖမ်းဆီးချုပ်နှောင်ထားခြင်း၊ တိုင်းရင်းသားခေါင်းဆောင်များဖြစ်သော ဦးခွန်ထွန်းဦး၊ ဦးစိုင်းညွန့်လွင်၊ ဗိုလ်ချုပ်ဆေထင်နှင့် ခေါင်းဆောင်တချို့အား ဖမ်းဆီးထိန်းသိမ်းထားခြင်းတို့ကြောင့် နအဖညီလာခံသို့ မတက်ရောက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ပြည်တွင်းတိုင်းရင်းသားပါတီများအနေဖြင့် နအဖ၏ ဖိနှိပ်မှု၊ ကန့်သတ်ချုပ်ချယ်မှုကြီးမားမှုကြောင့် ထိထိရောက်ရောက် လှုပ်ရှားမှု မပြုလုပ်နိုင်ခဲ့ကြပေ။ ဤအပစ်ခတ်ရပ်စဲရေးပြုလုပ်ထားသော တိုင်းရင်းသား လူမျိုးစုများအနေဖြင့် နအဖ၏ အမျိုးသားညီလာခံအားမိမိတို့လိုလားသည့် နိုင်ငံရေး အခွင့်အရေးများ တောင်းဆိုနိုင်ရေးအတွက် အခွင့်အရေးတရပ်အနေဖြင့် အသုံးပြုလိုသဖြင့် ရှမ်းပြည်တပ်မတော် **(SSA-N)** နှင့် **(SS-NA)** တို့မှ လွဲ၍ ကျန်အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့အစည်းများ နအဖညီလာခံသို့ တက်ရောက်ခဲ့ကြသည်။ ယခုအခါ အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား နည်းမျိုးစုံဖြင့်ဖိအားပေးကာ လက်နက်ချခိုင်းလျက်ရှိရာ ပလောင်ပြည်နယ် လွတ်မြောက်ရေး တပ်မတော် **(PS-LA)**သည် ၂၀၀၅ခုနှစ် ဧပြီလ(၂၉) ရက်နေ့တွင်၄င်း၊ [၁၅]ရှမ်းပြည်အမျိုးသားတပ်မတော်**(SSNA)**မှ ဒု–ဗိုလ်မှူးကြီး ဂန်န ဦးဆောင်သည့် တပ်မဟာ ၁၁ သည် ဧပြီလ (၁၃) ရက်နေ့တွင် ၄င်း၊ ဒု–ဗိုလ်မှူးကြီး ဂုဏ်ခေး ဦးဆောင်သည် တပ်မဟာ ၁၉ သည် မေလ (၂၁)ရက်နေ့တွင်၄င်း၊ စိုင်းရီ ဦးဆောင်သော **SSA(North)** နှင့်ဒုတိယ တပ်မဟာမှူးစိုင်းကူ ဦးဆောင်သည့် **(SS NA)** တပ်မဟာ ၆ တို့မှ တပ်ဖွဲ့ဝင် ၁၁၉ တို့သည် ဇူလိုင်လ ၂၄ရက်နေ့များတွင် နအဖထံ လက်နက်ချ အညံ့ခံခဲ့ကြသည်။[၁၆] အပစ်အခတ် ရပ်စဲထားသည့် ရှမ်းပြည်အမျိုးသားတပ်မတော် **(SSNA)** မှ ဗိုလ်မှူးကြီး စိုင်းရီ ဦးဆောင်သောတပ်မဟာ ၃ ခုမှာမူ ၂၀၀၅ခုနှစ် မေလ (၂၁)ရက်နေ့တွင်ရှမ်းပြည်တပ်မတော် **(SSA-S)**နှင့် လက်တွဲ တိုက်ပွဲဝင်ရန် ပူးပေါင်းခဲ့ကြသည်။[၁၇]နအဖသည်အပစ်ခတ်ရပ်စဲ ထားသောတပ်အင်အား ၁၆၀၀၀ ရှိသည့် ဝ ပြည်သွေးစည်းညီညွတ်ရေး တပ်မတော် **UWSA** ကို"အထူးရဲ တပ်ဖွဲ့" အဆင့်အတန်းသို့ သတ်မှတ်ခဲ့ပြီး ၄င်းကို အသုံးချ၍ ရှမ်းပြည်တပ်မတော် **(SSA-S)** ၏ အဓိကအမာခံစခန်းအား စစ်ဆင် တိုက်ခိုက်စေခဲ့ရာ နှစ်ဖက်အကျအဆုံးများပြားခဲ့ပြီး ရှမ်းပြည်တပ်မ တော်**(SSA-S)**အနေဖြင့် ၄င်း၏အမာခံစခန်းကိုထိန်းချုပ်ထားနိုင်ခဲ့သည်။[၁၈] မွန်ပြည်သစ်ပါတီအနေဖြင့်၂၀၀၅ခုနှစ် ဒီဇင်ဘာလ(၅)ရက်နေ့တွင်ပြန်လည် စတင်ခဲ့သည့် အမျိုးသားညီလာခံသို့ မတက်ရောက်ရန်ဆုံးဖြတ်ခဲ့သော်လည်း၄င်း၏ပါတီနှင့် တပ်မတော်၏ရပ်တည်ချက်ကို မထိပါးသရွေ့

နအဖ စစ်အစိုးရနှင့် ငြိမ်းချမ်းရေး ရယူထားမည်ဖြစ်ပြီး အပစ်အခတ်ရပ်စဲရေးလမ်းကြောင်းပေါ်၌ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တွေ့ဆုံဆွေးနွေးရေးအတွက် စောင့်ဆိုင်းနေဆဲဖြစ်သည်ဟုဆိုသည်။[၁၉] ကချင်လွတ်မြောက်ရေးအဖွဲ့ **(KIO)** အနေဖြင့်ညီလာခံပြီးဆုံးအောင်တက်တာကလွဲပြီး တခြားနည်းလမ်းမရှိကြောင်း၊ နအဖအစိုးရသည် **KIO** နှင့်လက်တွဲပြီး တိုင်းပြည်ငြိမ်းချမ်းရေးကို တဆင့်ပြီး တဆင့်လုပ်ဆောင်နေကြောင်း ၂၀၀၆ ခုနှစ် ဧပြီလ(၆)ရက်နေ့တွင်ပြုလုပ်သည့်ညီလာခံနှင့်ပတ်သက်သည့် ကချင်လူထုထံရှင်းလင်းပွဲတရပ်တွင် **(KIO)** ဒု-ဥက္ကဌဒေါက်တာတူးဂျာမှ ပြောကြားခဲ့သည်။[၂၀] အပစ်အခတ်ရပ်စဲရေးအဖွဲ့များ၏ ညီလာခံသို့တင်ပြချက်များအနက် တချို့ကို မှတ်တမ်းတင်ထားပြီး အခြေခံဥပဒေရေးဆွဲသည့်အခါ ထည့်သွင်း စဉ်းစားလိမ့်မည်ဟု **(KIO)** ဒု-ဥက္ကဌဒေါက်တာ တူးဂျာမှ ၂၀၀၅ခုနှစ် မတ်လ (၂၀) ရက်နေ့က ပြောကြားခဲ့သည်။[၂၁] အပစ်ရပ် နယ်မြေများတွင် နအဖတပ်များကို တိုးချဲ့ ချထားနေပြီး ဖိအားပေး အကြပ်ကိုင်မှုများ ပြုလုပ်လျက်ရှိသည်။ **(SSA)** (တောင်ပိုင်း) နှင့် **(KNPP)** ဌာနချုပ်များအနီး ရှမ်း-ကယား နယ်စပ်တွင် အင်အားအကြီးအကျယ်ဖိတင်းလျက်ရှိသည်။ ကယန်း ပြည်သစ်ပါတီလှုပ်ရှားရာ နယ်မြေများတွင်လည်း နအဖတပ်ရင်းသစ်များတိုးချဲ့ချထားလျက်ရှိသည်။ စစ်အစိုးရအနေနှင့် အပစ်ခတ်ရပ်စဲထားသောအဖွဲ့အစည်းများအားလုံး နည်းအမျိုးမျိုးဖြင့် ဖိအားပေးလျက်ရှိပြီး တချို့အဖွဲ့ငယ်များကို အပြီးအပိုင်လက်နက်အပ်ခိုင်းလျက်ရှိသည်။ အပစ်အခတ်ရပ်စဲရေး ပြုလုပ်ထားသောအဖွဲ့များ တည်ရှိနေမှုသည် နအဖအတွက် ဖြေရှင်းရခက်သော ကိစ္စတရပ်အဖြစ် ဆက်လက်တည်ရှိနေပြီး အပစ်အခတ်ရပ်စဲထားသော အဖွဲ့အစည်းများအနေဖြင့်လည်း နအဖအလိုကျ ရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံ ဥပဒေရေး ဆွဲပြဌာန်းပြီးပါက ၎င်းတို့၏ ဆက်လက် ရပ်တည်လှုပ်ရှားရေး အတွက် စိန်ခေါ်မှုများ တသီတတန်းကြီး ထွက်ပေါ်လာတော့မည်ဖြစ်ရာ အပစ်အခတ်ရပ်စဲထားသော အဖွဲ့အစည်းများအနေဖြင့် မြေပေါ် နိုင်ငံရေးပါတီ အဖြစ်ရပ် တည်မည်လား၊ ပြန်လည်၍ နအဖနှင့် တိုက်ခိုက်ကြမည်လားဟူ သည်မှာ မကြာခင်ဆုံးဖြတ်ကြရတော့မည်ဖြစ်သည်။ ဤပစ်ခတ်ရပ်စဲရေး မပြုလုပ်ကြသည့်တိုင်းရင်းသားအင်အားစုများနှင့် တိုင်းရင်းသား နိုင်ငံရေးပါတီများအနေဖြင့် တိုင်းရင်းသားလူမျိုးများ ကောင်စီ **(ENC)**တွင် စုစည်းခဲ့ကြပြီး ဒီမိုကရေစီစနစ်ထွန်းကားရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကိုအာမခံချက် ပေးနိုင်သောဖက်ဒရေပြည်ထောင်စု တည်ဆောက်ရေးအတွက် တိုက်ပွဲဝင်လျက်ရှိပေသည်။ တိုင်းရင်းသားလူမျိုးများကောင်စီသည်မြန်မာ့ နိုင်ငံရေးပြသနာ အဖြေရှာရာတွင် ၁၉၉၄ခုနှစ်မှစ၍ ကုလသမဂ္ဂ အထွေထွေညီလာခံမှ ချ မှတ်ပေးထားသော”သုံးပွင့် ဆိုင် တွေ့ဆုံဆွေးနွေးပွဲ” ကို ခေါ်ယူ၍ မြန်မာပြည်၏ ပဋိပက္ခကို နိုင်ငံရေးနည်းဖြင့် အဖြေရှာရန် တစိုက်မတ်မတ် ကြိုးပမ်းလာခဲ့ သည်။ **(ENC)**အနေဖြင့် ယခုလက်ရှိ ကျင်းပနေသောနအဖ၏ အမျိုးသားညီလာခံသည် ဒီမိုကရေစီစနစ်သို့ ဦးတည်နိုင်မည်မဟုတ်ဟုယုံကြည်ထားရာ ပြင်ဆင်လုပ်ဆောင်ရမည့် အချက်(၇)ကိုလည်း မတ်လ(၅)ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်ပြီး နအဖ ထံတောင်းဆိုခဲ့သည်။[၂၂] ၂၀၀၅ ခုနှစ် ဧပြီလ ၂၈မှ မေလ ၁ ရက်နေ့ထိ တိုင်းရင်းသားလူမျိုးများညီလာခံတရပ်ကို ကျင်းပပြုလုပ်ခဲ့ရာတိုင်းရင်းသား လူမျိုးများကောင်စီ အားတပ်ပေါင်းစု၊ ပါတီနှင့်ပြည်နယ်အခြေခံ၍ ပြန်လည် ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့ကြသည်။ ၂၀၀၅ခုနှစ်ဖေဖော်ဝါရီလ (၁၂)ရက်နေ့တွင် တိုင်းရင်းသားပေါင်းစုံနှင့် အတိုက်အခံ ဒီမိုကရေစီအင်အားစုများ စုစည်းညီညွတ်စွာဖြင့် အနာဂတ် ဖက်ဒရေမူဆိုင်ရာအချက် (၈)ချက်ကို အခြေခံ၍ အနာဂတ် မြန်မာနိုင်ငံဖွဲ့စည်းပုံ မူကြမ်းတရပ်ကိုရေး ဆွဲပြီး ဖြစ်ရာ နအဖ၏ အခြေခံဥပဒေနှင့် အပြိုင်ရေးဆွဲ၍ ပြည်သူလူထု၏ ရင်တွင်းဆန္ဒအမှန်ကိုဖော် ထုတ်နိုင်ရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိ သည်။ **(ENC)** အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂ၏အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကြားဝင်ဆောင်ရွက်ပေးနေမှုအား အားပေးထောက်ခံလျက် အိမ်နီးချင်းနိုင်ငံများ အပါအဝင် အာဆီယံနိုင်ငံများ၏ဦးဆောင်ဦးရွက်ပြုလျက် မြန်မာ့နိုင်ငံရေးကြားဝင် ဖြေရှင်းပေးရေးအား တိုက်တွန်းကြိုးပမ်းလျက် ရှိပေသည်။ ၂၀၀၅ခုနှစ် နိုဝင်ဘာလ (၅)ရက်နေ့တွင် နအဖစစ် အစိုးရက ရှမ်းအမျိုးသား ခေါင်းဆောင်များဖြစ်ကြသည့် ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဌ ဦးခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုင်းညွန့်လွန်နှင့် စစ်အစိုးရနှင့် အပစ်အခတ် ရပ်စဲထားသော ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) နှင့် ရှမ်းပြည်အမျိုးသား တပ်မတော်၏နယကဗိုလ်ချုပ်ဆေထင် အပါအဝင် ရှမ်းအမျိုးသားခေါင်းဆောင် (၈)ဦးအား နှစ်ရှည် ထောင်ဒဏ်များ ချမှတ်ခဲ့ပေသည်။ ထိုသို့ နအဖမှ တရားဝင်နိုင်ငံရေးပါတီများ၏ ခေါင်းဆောင်များ၊ ၎င်းနှင့် အပစ်အခတ် ရပ်စဲထားသော အပစ်ရပ်အဖွဲ့၏ ခေါင်းဆောင်များအပေါ် နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ထားခြင်းသည် တရားဝင်နိုင်ငံရေးပါတီများနှင့်အပစ်အခတ်ရပ်စဲထားသော အဖွဲ့အစည်းများအနေဖြင့် နအဖ၏ လုပ်ရပ်၊ ထင်မြင်ယူဆချက်များနှင့် ဆန့်ကျင်သည့် မည်သည့် အတွေးအခေါ်၊ အယူအဆ နှင့်လုပ်ရပ်ကိုမျှ နအဖအနေဖြင့် လက်ခံနိုင်မည်မဟုတ်ကြောင်း ပြသလိုက်ခြင်းပင်ဖြစ်သည်။ ၎င်းအပြင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီတည် ဆောက်ရေးတို့သည် နအဖ စစ်အုပ်စု၏ လက်အောက်တွင် မည်သို့မျှ လုပ်ဆောင်၍ မဖြစ်နိုင်ကြောင်း ထင်ရှားစွာပြသခြင်း ဖြစ်သည်။[၂၃]

## နိုင်ငံတကာအခြေအနေ

ကမ္ဘာ့ကုလသမဂ္ဂအနေဖြင့် ၁၉၉၄ ခုနှစ်မှစ၍ ၂၀၀၅ ခုနှစ်အထိမြန်မာပြည်ဆိုင်ရာ **(UNGA)** ဆုံးဖြတ်ချက်များမှ တဆင့် ၁၉၉၀ ပြည့်ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ရေးကိုနအဖအားနှစ်စဉ် တောင်းဆိုခဲ့သည်။ **(UNGA)**၏ ဆုံးဖြတ်ချက်များတွင်နအဖ၏လမ်းပြမြေပုံသည် နိုင်ငံရေး အင်အားစုများ၊ တိုင်းရင်းသားလူမျိုးစုများ ပါဝင်နိုင်သောစီမံချက်မရှိသည့်အပြင် အချိန်ဇယားလည်း မပါရှိ ကြောင်းထောက်ပြ ဝေဖန်ခဲ့ပြီး အမျိုးသားညီလာခံ၏ ရလဒ်အား အသိအမှတ်ပြုမည်မဟုတ်ကြောင်းဖော်ပြခဲ့သည်။[၂၄] ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ရာဇာလီအိစ်မေးလ်သည်အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်အတွက် မြန်မာနိုင်ငံသို့ ၁၂ ကြိမ်တိုင်တိုင်သွားရောက်ခဲ့ပြီးဖြစ် သော်လည်း တိုးတက်မှု တစုံတရာမရရှိခဲ့သည့် အပြင်၂၀၀၄ ခုနှစ် မတ်လမှစ၍ ယနေ့တိုင် မြန်မာနိုင်ငံသို့ ဝင်ရောက်ရန် နအဖ၏ ပိတ်ပင်မှုကိုခံခဲ့ရသည်။ ဇူလိုင်လ၌ လာအိုနိုင်ငံ၊ ဗီယံသီယံမြို့တွင် ပြုလုပ်သည့် အာဆီယံဝန်ကြီးများအစည်းအဝေးတွင် တက်ရောက်လာသည့် မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးညဏ်ဝင်းအား ရာဇာလီအနေဖြင့် တွေ့ဆုံရန်ကြိုးပမ်းခဲ့ရာ ဦးညဏ်ဝင်းမှ တွေ့ဆုံရန် ငြင်းပယ်ခဲ့သည်။ ရာဇလီအနေဖြင့် ယခုကဲ့သို့ မြန်မာနိုင်ငံသို့ဝင်ရောက်ရန် ငြင်းပယ်ခံခဲ့ရသည့်အပြင် ပြည်ပ၌ပြင်လျှင် မြန်မာစစ်ခေါင်းဆောင်များနှင့် တွေ့ဆုံခွင့်မရရှိနိုင်ခြင်းကြောင့် ၂၀၀၆ခုနှစ်၊ ဇန်နဝါရီလ(၃) ရက်နေ့တွင် ကုလသမဂ္ဂ၏အထူးသံတမန် တာဝန်မှနုတ်ထွက်သွားခဲ့သည်။ ကုလသမဂ္ဂ၏ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် ပီညဲရိုးသည်လည်း မြန်မာနိုင်ငံသို့ (၆) ကြိမ်ဝင်ရောက်ခဲ့ပြီး ယခုအခါ ဝင်ရောက်ခွင့် ပိတ်ပင်ခြင်းခံခဲ့ရသည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကိုဖီအာနန် သည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင်ကျင်းပသည့် အာရှ–အာဖရိကခေါင်းဆောင်များဆွေးနွေးပွဲ တက်ရောက်လာသည့် ဗိုလ်ချုပ်မှူးကြီးသန်း ရွှေနှင့် ၂၀၀၅ ခုနှစ်ဧပြီလ (၂၃) ရက်နေ့တွင် အလွတ်သဘောတွေ့ဆုံခဲ့ရာ ဒေါ်အောင်ဆန်းစုကြည်နှင့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွင် ပါဝင်ခွင့်ပြုရန် ထပ်မံ တောင်းဆိုခဲ့သည်။[၂၅] ကုလသမဂ္ဂ အနေဖြင့် မြန်မာ့နိုင်ငံရေး အခြေအနေ တိုးတက်ကောင်းမွန်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း နအဖ အနေဖြင့် အပြုသဘော တုန့်ပြန်မှုမျှပင်မပြုလုပ်ခဲ့သည့်အပြင် ၎င်း၏မူလအစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိပေသည်။ ဇွန်လ(၂၄)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ အစည်းအဝေးတွင် မြန်မာ့အရေးအား ထည့်သွင်း ဆွေးနွေးရန် အမေရိကန် ပြည်ထောင်စုမှ အဆိုပြုခဲ့သော်လည်း တရုတ် နှင့် ရုရှားတို့မှဆန့်ကျင်ကန့်ကွက်သဖြင့် မအောင်မြင်ဘဲဖြစ်ခဲ့ရသည်။[၂၆] ၂၀၀၅ခုနှစ် စက်တင်ဘာလ(၂၀)ရက်နေ့တွင်ချက် သမတဟောင်းဗာကလပ်ဟာဗလ်နှင့်တောင်အာဖရိကမှ ဘုန်းတော်ကြီး ဒက်(စ) မွန်တူးတူးတို့မှ မြန်မာ့အရေးအား လုံခြုံရေးကောင်စီတွင် ဆွေးနွေးမှုများပြုလုပ်ရန်စာတမ်းတစောင် တင်သွင်းခဲ့ကြသည်။ ကုလသမဂ္ဂအနေဖြင့် ၁၉၉၄ခုနှစ်မှစ၍ယနေ့ထိတိုင် စစ်အစိုးရ၏ လူ့အခွင့်အရေး ချိုးဖောက်မှု၊ အတင်းအဓမ္မ အလုပ်စေခိုင်းမှုများ အပေါ်ကန့်ကွက်ရှုတ်ချမှုများနှစ်စဉ်ပြုလုပ်သော်လည်း မြန်မာစစ်အစိုးရအနေဖြင့် မထီမဲ့မြင်ပြု၍ မြန်မာပြည်သူများအပေါ် ဆက်လက်ဖိနှိပ်လျက်ရှိနေပေသည်။ အမေရိကန်ပြည်ထောင်စုနှင့်အနောက်နိုင်ငံများ၏ တောင်းဆိုတင်ပြမှုကြောင့် ၂၀၀၅ခုနှစ် ဒီဇင်ဘာလ (၁၆) ရက်နေ့တွင် လုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံ၏ အခြေအနေနှင့် ပတ်သက်၍ကြားနာမှုတခုကိုပြုလုပ်ခဲ့သည်။ ယင်းကြားနာမှုတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး ချိုးဖောက်ခံရမှု အခြေအနေ၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝ ဝင်နိုင်ငံရေးအကျဉ်းသားများ၏အခြေအနေ၊ ကုလသမဂ္ဂအထူးသံတမန်နှင့် လူ့အခွင့်အရေး အထူးကိုယ်စားလှယ်များ မြန်မာနိုင်ငံအတွင်း ဝင်ရောက်နိုင်မှုမရှိခြင်း စသည်တို့ ပါဝင်သည့်တင်ပြ ဆွေးနွေးမှုကိုကုလသမဂ္ဂနိုင်ငံရေးရာလက်ထောက်အထွေထွေအတွင်းရေးမှူး အိဗရာဟင်ကမ်ဘာရီမှ ၂၅မိနစ်ကြာပြုလုပ်ခဲ့သည်။ အထွေထွေအတွင်းရေးမှူးချုပ်ကိုဖီအာနန်ကလည်း တင်ပြမှုပြုလုပ်ရာတွင် မြန်မာနိုင်ငံအတွင်းနအဖ၏ ဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေမှုများနှင့် နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရေးအတွက် အာဆီယံအနေဖြင့် မလေးရှားနိုင်ငံခြားရေး ဝန်ကြီးအား မြန်မာနိုင်ငံသို့စေလွှတ်မည့်အပေါ် အရောက်တိုင်း အားတက်မိသည်ဟုဆိုသည်။[၂၇]ကုလသမဂ္ဂလုံခြုံရေးကောင်စီ တွင်မြန်မာနိုင်ငံအရေးအား အာဂျင်ဒါအဖြစ်တင်ပြဆွေးနွေးမှုမျိုး မပြုလုပ်နိုင်သေးဘဲကြားနာမှု အဆင့်တွင်သာ ရှိနေသေးပေသည်။ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှု၊ အတင်းအဓမ္မ အလုပ်စေခိုင်းမှုများ ဆက်လက်ဖြစ်ပွားနေပြီး နိုင်ငံရေးအရ တိုးတက်ဖြစ် ထွန်းမှုတစုံတရာမရှိပါက လုံခြုံရေးကောင်စီတွင် အာဂျင်ဒါအဖြစ် ဆွေးနွေးမှုမျိုးပြုလုပ်လာနိုင်ပေသည်။

အမေရိကန် ပြည်ထောင်စုသည် ၁၉၈၈ ခုနှစ်မှစ၍မြန်မာနိုင်ငံ အပေါ်အရေးယူပိတ်ဆို့မှုပေါင်း ၁၁ ခုပြုလုပ်ခဲ့ပြီး ၂၀၀၃ ခုနှစ် ဇူလိုင်လတွင် ချမှတ်သော **(Burma Freedom and Democracy Act ၂၀၀၃)** သည် အထိရောက်ဆုံးဖြစ်သည်။

၂၀၀၅ ခုနှစ်မေလ (၁၇) ရက်နေ့တွင် အဆိုပါ အရေးယူမှုသက်တမ်းကို တနှစ်ထပ်မံ သက်တမ်းတိုးခဲ့သည်။[၂၈] "နအဖ၏ အမျိုးသားညီလာခံသည် အတိုက်အခံ ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးစုများ မပါဝင်ခြင်းကြောင့် မြန်မာပြည်သူများ၏ နိုင်ငံရေးအာသီသအား ရောင်ပြန်ဟပ်စေနိုင်မည် မဟုတ်သည့်အပြင် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်လိုအပ်သော အဓိပ္ပါယ်ပြည့်ဝသည့် တွေ့ဆုံဆွေးနွေးပွဲ လုပ် ဆောင်ပေးနိုင်မည် မဟုတ်ပေ။အမျိုးသားညီလာခံမှ ထွက်ပေါ်လာမည့်ပြည်သူ့ ဆန္ဒခံယူပွဲနှင့် ရွေးကောက်ပွဲများသည်လည်း တရားဝင် ဖြစ်မှုကင်းမဲ့ခြင်းကြောင့်မြန်မာ့ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် မှန်ကန်သောလုပ်ဆောင်မှုမဟုတ်ကြောင်း" အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌါနမှ မတ်လ(၃၁)ရက်နေ့တွင် ပြောကြားခဲ့သည်။[၂၉] အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရစ်ပ်၏၂၀၀၆ခုနှစ် မတ်လ အင်ဒိုနီးရှားခရီးစဉ်တွင် အကယ်၍ အာဆီယံတွင်မြန်မာစစ်အစိုးရပါဝင်နေသရွေ့အာဆီယံနှင့် ပုံမှန်စီးပွားရေးပြုလုပ်နိုင်မည်မဟုတ်ဟုသတိပေးခဲ့ပြောကြားခဲ့ပြီး အာဆီယံအနေဖြင့်မြန်မာနိုင်ငံအတွင်းပြုပြင်ပြောင်းလဲမှုဖြစ်ပေါ်လာရေးအတွက် အားပေးထောက်ခံမှုအားချီးကျူးပြောဆိုခဲ့သည်။[၃၀] အမေရိကန်ပြည်ထောင်စု သည် သံတမန်ရေးအရသော်၄င်း၊ စီးပွားရေးအရသော်၄င်းမြန်မာဒီမိုကရေစီ ဖြစ်ထွန်းရေးအတွက် ကြိုးပမ်းမှုများ ပြုလုပ်လျက်ရှိပေသည်။ ဥရောပသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံအပေါ်ထားရှိသော ဘုံရပ်တည်ချက်ကို ၁၉၉၆ခုနှစ်မှစတင်ချမှတ်ခဲ့ရာ ၁၉၉၈ ခုနှစ်မှစ တင်၍ လက်နက် ရောင်းချမှုပိတ်ပင်သည်မှစ၍ မြန်မာနိုင်ငံအား အရေးယူ ပိတ်ဆို့သော **(Sanction)** ပေါင်း(၈)ကြိမ်အထိ ချမှတ်ခဲ့သည်။ ပိတ်ဆို့မှုများထဲတွင် စစ်အစိုးရ အဖွဲ့ဝင်များနှင့် ၄င်း၏မိသားစုများပြည်ဝင်ခွင့် ဗီဇာ ပိတ်ပင်ခြင်း၊ ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများရှိ ကုမ္ပဏီများ၊ အဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံသို့ရင်းနှီးမြှုပ်နှံမှုမပြုလုပ်ကြရေးတို့ပါဝင်သည်။ ၂၀၀၅ ခုနှစ် ဧပြီလ (၂၅)ရက်နေ့တွင်မြန်မာနိုင်ငံအပေါ် **(EU)** ၏ဒါဏ်ခတ်ပိတ်ဆို့မှုအား တနှစ်သက်တမ်း ပြန်လည် တိုးမြှင့်ခဲ့ ပြီး ယမန်နှစ်က ပိတ်ဆို့မှုအပြင် ဖြည့်စွက်အရေးယူမှုများကိုလည်း ချမှတ်ခဲ့ကြသည်။[၃၁] နအဖအနေဖြင့် နိုင်ငံရေးအရ ပြုပြင်ပြောင်းလဲမှု မပြုလုပ်ပါက အမျိုးသားညီလာခံက ထွက်လာမည့် ရလဒ်ကို အသိအမှတ်ပြုမည်မဟုတ်ကြောင်း **(EU)** အနေဖြင့် ထုတ်ဖော် ပြောကြားခဲ့ပြီးဖြစ်သည်။

**(ASEAN)**နိုင်ငံများအနေဖြင့်မြန်မာနိုင်ငံ ဒီမိုကရေစီဖြစ်ထွန်းရေးတွင်အခြေခံအားဖြင့် **"Constructive Engagement Policy"** ကိုကျင့်သုံးဆဲဖြစ်သည်။ အမေရိ ကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂ၏ ဖိအားကြောင့် အာဆီယံ အလှည့်ကျဥက္ကဋ္ဌရာထူးကို မြန်မာနိုင်ငံအနေဖြင့် စွန့်လွှတ်ရေးအား **(ASEAN)** အနေဖြင့်သံတမန်နည်းအရ ဆောင်ရွက်နိုင်ခဲ့သည်။ **(ASEAN)** အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်အား အမြန်ဆုံး လွှတ်ပေးရန်နှင့် ၄င်း၏ **Road Map** အား အမြန်ဆုံး အကောင်အထည်ဖော်ရန် တိုက်တွန်းပြောဆိုမှုများပြုလုပ်လာသည်။ ၂၀၀၆ခုနှစ်မတ်လတွင်မလေးရှားနိုင်ငံခြားရေးဝန်ကြီး **SYED HAMID ALBAR** သည် အာဆီယံ ကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံသို့သွားရောက်ခဲ့ပြီး နအဖ ဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီး၊ ညီလာခံကျင်းပရေးကော်မီရှင်ဥက္ကဋ္ဌ ဦးအောင်တိုး၊ ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦးတို့နှင့်တွေ့ဆုံခဲ့သည်။ သို့သော် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဒေါ်အောင်ဆန်းစုကြည်နှင့်အတိုက်အခံနိုင်ငံရေး ပါတီမှ ခေါင်းဆောင်များကိုမူ တွေ့ဆုံခဲ့ခြင်းမရှိပေ။ နအဖအနေဖြင့် ၂၀၀၈ခုနှစ်အတွင်း ၄င်း၏လမ်းပြမြေပုံပါဖွဲ့စည်းပုံအခြေခံဥပဒေကို အပြီးသတ်ရေးဆွဲမည်ဖြစ်ပြီး ပြည်သူ့ဆန္ဒခံယူပွဲနှင့် ရွေးကောက်ပွဲကိုလည်းကျင်းပပြုလုပ်သွားမည်ဟု အာဆီယံ ကိုယ်စားလှယ်အား ပြောကြားခဲ့သည်။ ထိုင်းနိုင်ငံခြားရေးဝန်ကြီးမှပြောကြားရာတွင် နအဖအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဒီမိုကရေစီ အတိုက်အခံအင်အားစုများ၏ပူးပေါင်းလုပ်ဆောင်မှုများကို လုပ်ဆောင်သင့်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို တိကျသော ကာလသတ်မှတ်ချက်အတွင်းတွင်နိုင်ငံတကာလူ့အဖွဲ့အစည်း များနှင့်အတူ အပြည့်အဝ ဆောင်ရွက်သင့်သည်ဟုဆိုသည်။[၃၂] အာဆီယံပါလီမန်အမတ်အချို့အနေဖြင့် မြန်မာနိုင်ငံအားအာဆီယံမှထုတ်ပယ်ရန်တိုက်တွန်းတောင်းဆိုမှုများပင်ပြုလုပ်လာခဲ့သော်လည်း အာဆီယံအနေဖြင့်၄င်း၏အပြုသဘော ဆက်ဆံရေး မူဝါဒသည်မြန်မာပြည်သူများအတွက်မရှိမဖြစ်လိုအပ်သည်ဟုယုံကြည်ယူဆလျက် ရှိပေသည်။ အိန္ဒိယနိုင်ငံအနေဖြင့်မြန်မာနိုင်ငံနှင့်နယ်စပ်ကုန်သွယ်ရေးတိုးမြှင့်လုပ်ဆောင်ခဲ့ပြီးနယ်စပ်လုံခြုံရေးအတွက်ပူးတွဲလုပ်ဆောင်မှုများပြုလုပ်ခဲ့သည်။ အိန္ဒိယ–တရုတ် အစဉ်အဆက်ရန်ဘက်ပြသနာကြောင့် တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံအပေါ် စစ်ရေး၊ စီးပွားရေးလွှမ်းမိုးမှုလျော့နဲသွားစေရေးနှင့် အိန္ဒိယနိုင်ငံအရှေ့မြောက် ပြည်နယ်များ၏ခွဲထွက်ရေးလှုပ်ရှား မှုချေမှုန်းနိုင်ရေးအတွက် မြန်မာနိုင်ငံနှင့် ပိုမိုဆက်ဆံမှုပြုလုပ်ခဲ့ပြီး မြန်မာ့ဒီမိုကရေစီလှုပ်ရှားမှုနှင့်အစဉ်အလာရှိသော ထောက်ပံ့မှုများကိုလျော့ ချခဲ့သည်။

တရုတ်နိုင်ငံသည်မြန်မာနိုင်ငံအား အဓိကကြားကန်ပေးထားသောနိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့အပယ်ခံဘဝရောက်ရှိသွားသည့်အတွက် တရုတ်ကို မှီခိုအားကိုးလာခဲ့ ပေသည်။ တရုတ်နိုင်ငံအနေဖြင့်စီးပွားရေးနှင့်မဟာဗျူဟာရေးကြောင့်

စစ်အစိုးရ နှင့် လက်တွဲနေ ချင်းဖြစ်ရာ တရုတ်၏ ဖိအားကြောင့်တရုတ်နယ်စပ်အခြေပြုတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများနအဖနှင့်ငြိမ်းချမ်းရေးလုပ်ခဲ့ကြရသည်။ တရုတ်နိုင်ငံအနေဖြင့် နအဖအား အဓိကလက်နက်ထောက်ပံ့ခဲ့ပြီးစီးပွားရေးအရလည်း ကျားကန်ပေးထားပေသည်။[၃၃] တရုတ်ထိပ်တန်းခေါင်းဆောင်များနှင့်နအဖတို့ အပြန်အလှန်လည်ပတ်ခြင်းဖြင့်နအဖ တရားဝင်မှုကိုကြားကန်ပေးထားပေသည်။မြန်မာ့အရေးအားလုံခြုံရေးကောင်စီဆွေးနွေးရမည့် အစီအစဉ်အဖြစ် ထည့်သွင်းရေးကို တရုတ်နိုင်ငံအနေဖြင့်ကန့်ကွက်၍ စစ်အစိုးရ ရေရှည် တည်တံ့ရေးအတွက် လုပ်ဆောင်ပေးလျက်ရှိသည်။

၂၀၀၆ခုနှစ်ဧပြီလတွင် နအဖစစ်ကောင်စီ ဒု–ဥက္ကဌ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ကိုယ်စားလှယ်အဖွဲ့သည်ရုရှားနိုင်ငံသို့သွားရောက်ခဲ့ရာ၄င်း၏ ခရီးစဉ်အာဂျင်ဒါထဲတွင် အမေရိကန်ပြည်ထောင်စုအနေဖြင့် မြန်မာ့အရေးအား လုံခြုံရေး ကောင်စီသို့ဆွေးနွေးရန်တင်သွင်းလာပါက ရုရှားနိုင်ငံအနေဖြင့် ဗီတိုအာဏာသုံး၍အကာအကွယ်ပေးရေး အစီအစဉ်ပါဝင်သည်ဟုဆိုသည်။ ဤခရီးစဉ်တွင်စစ်အင်အား ပိုမိုအား ကောင်းလာစေရေး၊ နည်းပညာနှင့် စီးပွားရေးများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေးနှင့် စစ်လက်နက်ပစ္စည်းများဝယ်ယူရေး စသည့်နှစ်နိုင်ငံသဘောတူညီချက်များကိုပြုလုပ်နိုင်ခဲ့ကြသည်။[၃၄]ရုရှားနိုင်ငံသည် ၂၀၀၁ခုနှစ်တွင် ဒေါ်လာသန်း၁၃၀ တန်ဖိုးရှိ သည့် **MIG–၂၉** ၁၀စီး အားမြန်မာနိုင်ငံသို့ရောင်းချပေးခဲ့ပြီး မြန်မာနိုင်ငံတွင်နယူးကလီယားခါတ်ပေါင်းဖိုဆောက်လုပ်ပေးရေးကိုလည်း မူအရ သဘောတူညီခဲ့ကြသည်။[၃၅]

အချုပ်အားဖြင့် အနောက်နိုင်ငံများအနေဖြင့် စစ်အစိုးရမှ အပြောင်းအလဲ ပြုလုပ်လာစေရန် ပိတ်ဆို့ အရေးယူမှု မဟာဗျူဟာကိုကိုင်ဆွဲထားပြီး**(ASEAN)**နှင့်အိန္ဒိယနိုင်ငံများအနေဖြင့် အပြုသဘောဆက်ဆံရေး မဟာဗျူဟာကို ကိုင်ဆွဲကာဒီမိုကရေစီ ဖြစ်ထွန်းရေးဆီသို့ ဆွဲခေါ် စည်းရုံးနေသည်ဟုဆိုသည်။ တရုတ်နိုင်ငံနှင့်ရုရှား နိုင်ငံများအနေ နှင့်မူ ၄င်း၏ အကျိုးစီးပွားနှင့်စစ်ရေးမဟာဗျူဟာကြောင့် စစ်အစိုးရအား ကြားကန်ပေးလျက်ရှိပေသည်။ မည်သို့ပင် ဆိုစေကာမူ မြန်မာနိုင်ငံအတွင်း အပြောင်းအလဲ ဖြစ်ပေါ်လာရေးအတွက် ကမ္ဘာ့နိုင်ငံများအနေဖြင့် တူညီသော မဟာဗျူဟာချမှတ်ရန် လိုအပ်ပေသည်။

**(Footnotes)**

[၁] **Alternative ASEAN Focus Group** မှ ၂၀၀၅ ခုနှစ် ဩဂုတ်လတွင်ထုတ်ဝေသည့် **Asian Analysis** တွင် ဖော်ပြထားသည့် **Robert H Taylor** ၏**Post-Khin Nyunt Politics** စာတမ်း မှ ကောက်နုတ်ဖော်ပြသည်။

[၂] ၂၀၀၅ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့**Bang kok Post**သတင်းစာ **Opinion & Analysis** ကဏ္ဍမှ ဆောင်းပါးရှင် **Larry Jagan** ၏ **“General Strengthen Their hold Power“** ဆောင်းပါး မှကောက်နုတ်ဖော်ပြသည်။

[၃] ၂၀၀၅ ခုနှစ်၊ မေလထုတ် **Political Defiance Committee** ၏ **News Commentary** ၊ ၂၀၀၅ ခုနှစ် ဇွန်လ (၈) ရက်နေ့ထုတ် **Bangkok Post** သတင်းစာတွင် ဆောင်းပါးရှင်**Larry Jagan**၏**“Dark days amid relentless Juntacrackdown“** ဆောင်းပါးနှင့် ၂၀၀၆ ခုနှစ် ဇန်နဝါရီလ(၂၇)ရက်နေ့ထုတ် နိရဉ္စရာ သတင်း မှ ကောက်နုတ်ဖော်ပြသည်။

[၄] ၂၀၀၅ ခုနှစ် နိုဝင်ဘာလ(၁၃)ရက်နေ့တွင် ထုတ်လွှင့်သည့် ဒီဗီပီ သတင်းမှ ကောက်နုတ်ဖော်ပြသည်။

[၅] ဦးအောင်ခင် ရေးသားသည့် **“Burma: Prospects for a Demo-craticFuture“**အခန်း(၆) “စစ်တပ်၏အခန်းကဏ္ဍ” ဆောင်းပါးမှကောက်နုတ်ဖော်ပြသည်။

[၆] ၂၀၀၆ခုနှစ်ဧပြီလ (၂၆)ရက်နေ့တွင်ထုတ်လွှင့်သည့် ဒီဗွီဘီ သတင်းမှ ကောက်နုတ်ဖော်ပြသည်။

[၇] ၂၀၀၄ခုနှစ် မေလ(၁၄)ရက်နေ့တွင်ထုတ်ပြန်သည့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟိုအလုပ်အမှု ဆောင်ကော်မီတီ၏ ကြေညာချက်မှ ကောက်နုတ်ဖော်ပြသည်။

[၈] ၂၀၀၄ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့တွင်ထုတ်ပြန်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟို အလုပ်အမှုဆောင်ကော်မီတီ၏ ကြေညာချက်မှ ကောက်နုတ်ဖော်ပြသည်။

[၉] ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ (၇) ရက်နေ့တွင်ထုတ်ပြန်သည့်ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသား ညွန့်ပေါင်းအစိုးရ၏ နိုင်ငံရေးအကျဉ်းသားများပြန်လည်လွှတ်ပေးခြင်းကိစ္စနှင့် စပ်လျဉ်း၍သဘောထား ထုတ် ပြန်ချက်မှကောက်နုတ်ဖော်ပြသည်။

[၁၀] ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလထုတ်**National Council of the Union of Burma /Political Defiance Committee News Commentary** မှကောက်နုတ် ဖော်ပြသည်။

[၁၁] ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလနှင့်ဧပြီလထုတ် **National Council of the Union of Burma / Political Defiance Committee** ၏**News Commentary** မှကောက်နုတ်ဖော်ပြသည်။

[၁၂] ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ(၂၀)ရက်နေ့စွဲပါ ချင်းအမျိုးသားတပ်ဦး၏၅၈ နှစ်မြောက်ချင်းအမျိုးသားနေ့ ထုတ်ပြန်ကျေညာချက်မှ ကောက်နုတ်ဖော်ပြသည်။

[၁၃] ၂၀၀၆ခုနှစ်၊ဧပြီလ(၂၁)ရက်နေ့ထုတ် ခေတ်ပြိုင်သတင်းမှကောက်နုတ်ဖော်ပြသည်။

[၁၄] ၂၀၀၆ခုနှစ်၊ဧပြီလ(၂၆)ရက်နေ့ထုတ်ဘီဘီစီသတင်းမှကောက်နုတ် ဖော်ပြသည်။

[၁၅] ၂၀၀၅ ခုနှစ်၊ ဇွန်လ (၂၁) ရက်နေ့ထုတ် ဘီဘီစီညပိုင်းအစီအစဉ်မှ ကောက်နုတ်ဖော်ပြသည်။

[၁၆] ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ တွင် ထုတ်လွှင့်သည့်ဒီဗီဘီအစီအစဉ်နှင့် ၂၀၀၅ ခုနှစ်၊ ဇူလိုင်လထုတ် **National Council of the Union of Burma ၊ Political Defiance Committee** ၏ **News Commentary** မှကောက်နုတ်ဖော်ပြသည်။

[၁၇] ၂၀၀၅ ခုနှစ်၊ မေလ ၂၅ ရက်နေ့ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (**RCSS)** နှင့် ရှမ်းပြည်အမျိုးသားတပ်မတော် **(SSNA)** တို့၏ ပူးတွဲကြေ ညာချက် ၀၀၁၊၂၀၀၅ မှကောက်နုတ်သည်။

[၁၈] ၂၀၀၅ ခုနှစ် မေလထုတ် ဧရာဝတီသတင်းစဉ်တွင်ထုတ်လွှင့်သည့် **"Ceasefire Groups Receive SpecialPolice Status"**မှ ကောက်နုတ်ဖော်ပြသည်။

[၁၉] ၂၀၀၅ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့ထုတ် ခေတ်ပြိုင်ဂျာနယ် သတင်းစဉ် ၁၇၉ ၏"မွန်ပြည်သစ် ပါတီငြိမ်းချမ်းရေးဆက်လက်ဆုပ် ကိုင်ထားမည်" သတင်းစဉ်မှကောက်နုတ်ဖော်ပြသည်။

[၂၀] ၂၀၀၆ခုနှစ်၊ဧပြီလ(၆)ရက်နေ့တွင်ထုတ်လွှင့်သည့်ဒီဗွီဘီသတင်းမှ ကောက်နုတ်ဖော်ပြသည်။

[၂၀] ၂၀၀၅ ခုနှစ်၊ မတ်လထုတ် **National Council of the Union of Burma / Political Defiance Committee**၏**News Commentary**မှကောက်နုတ် ဖော်ပြသည်။

[၂၂] ၂၀၀၅ ခုနှစ်၊ မတ်လ (၅) ရက်နေ့တွင်ထုတ်ပြန်သော တိုင်းရင်းသားလူမျိုးများကောင်စီ၏ ထုတ်ပြန်ကြေညာချက်အမှတ် ၁၊ ၂၀၀၅ မှ ကောက်နုတ်ဖော်ပြသည်။

[၂၃] ၂၀၀၅ ခုနှစ် နိုဝင်ဘာလ (၈) ရက်နေ တွင် ထုတ်ပြန်သည့် ချင်းအမျိုးသားတပ်ဦး၏ ထုတ်ပြန်ချက်မှကောက်နုတ်ဖော်ပြသည်။

[၂၄] ၂၀၀၄ခုနှစ်၊မေလ၂ရက်နေ့တွင်ပြုလုပ်သည့်ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ သတ္တမအကြိမ်ညီလာခံသို့တင်သွင်းသော နိုင်ငံရေးအစီရင်ခံစာ မှကောက်နုတ်ဖော်ပြသည်။

[၂၅] ၂၀၀၅ခုနှစ်၊ဧပြီလ(၂၅)ရက်နေ့ထုတ် **New Era Journal Agencies**သတင်းစဉ် မှကောက် နုတ်ဖော်ပြသည်။

[၂၆] ၂၀၀၅ ခုနှစ် ဇွန်လ(၂၄)ရက်နေ့တွင်ထုတ်ဝေသည့် **Reuters** သတင်းဌာန မှ သတင်းထောက် **Evelyn Leopold** ၏သတင်းပေးပို့ချက်မှ ကောက်နုတ်ဖော်ပြသည်။

[၂၇] ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ (၁၆)ရက်နေ့ထုတ် UNITED NATIONS (AFP)သတင်းစဉ်မှကောက် နုတ်ဖော်ပြသည်။

[၂၈] ၂၀၀၅ခုနှစ်၊ မေလ (၁၇) ရက်နေ့ ၊ အိမ်ဖြူတော်၊ သတင်းထောက်ပြန်ရေးအတွင်းရေးမှူးရုံးထုတ်ပြန် ချက်မှကောက်နုတ် ဖော်ပြသည်။

[၂၉] ၂၀၀၅ခုနှစ်မေလ (၃) ရက်နေ့၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းစဉ်ထုတ်ပြန်ချက်မှ ကိုးကားဖော်ပြသည်။


[၃၀] ၂၀၀၆ခုနှစ်၊မတ်လ (၁၅)ရက်နေ့ထုတ် အေဖက်စ်အက်စ်**AFX News Limited)**သတင်းမှ ကိုးကားဖော်ပြသည်။

[၃၁] ၂၀၀၅ခုနှစ်ဧပြီလ (၂၅) ရက်နေ့၊ ဗီအိုအေညနေပိုင်း အစီအစဉ်မှ ကောက်နုတ်ဖော်ပြသည်။

[၃၂] ၂၀၀၆ခုနှစ်၊ဧပြီလ(၂၆)ရက်နေ့ထုတ် ဒီဗွီဘီသတင်းမှ ကောက်နုတ်ဖော်ပြသည်။

[၃၃] ဦးအောင်ခင် ရေးသားသည့် **"Burma: Prospects for a Democratic Future"** ဆောင်းပါးအခန်း (၄) "ဒေသဆိုင်ရာ လုံခြုံရေးနှင့် မြန်မာနိုင်ငံ"ဆောင်းပါးမှ ကောက်နုတ်ဖော်ပြသည်။ [၃၄] ၂၀၀၆ခုနှစ်ဧပြီလတွင် ထုတ်လွှင့်သည့်Larry Jagan ရေးသား၏"Myanmar woos China,Russia" ဆောင်းပါး မှကောက်နုတ်ဖော်ပြ သည်။

[၃၅] ၂၀၀၆ခုနှစ်၊ ဧပြီလ ထုတ် Xinhua သတင်းဌါနမှကောက် နုတ်ဖော်ပြသည်။



# Civil Society ၏ အဓိပ္ပါယ်ကို စူးစမ်းရှာဖွေခြင်း

**ဓမ္မဝဒ့်ဘာ**

Civil Society ဆိုသည်မှာ မည်သည်ကို အတိအကျ ရည်ညွှန်းဆိုလိုချင်ပါသနည်း? လူကြိုက်များ ကျော်ကြားသည့် စိုင်းခမ်းလိတ်၏ သီချင်းများအနက် "မေးရန် လွယ်ပေမဲ့ အဖြေခက်"ဟူသော တေးသွားလေးလိုပင်ဖြစ်သည်။ ထိုတေးစာသားက အထက်ပါမေးခွန်းအတွက် အဖြေရကျပ်သောအခြေအနေကို ကောင်းစွာထင်ဟပ် ဖော်ပြနေပါသည်။ လူအများကြားတွင်ရေပန်းစားပြောဆိုနေကြသော်လည်း Civil Society ဟူသောအဓိပ္ပါယ်ဖွင့်ဆိုချက်အပေါ် သက်ဆိုင်သူများအကြား အများသဘောညီ စံညှိလက်ခံထားနိုင်ခြင်းမရှိသေးပေ။ တကယ့်ကိုမထင်မှတ်စရာပင်။ 'ဘာမြူလာ' (Bahmueller)က "ဒီကနေ့ဒီအကြောင်းအရာနဲ့ပတ်သက်လို့ ရာနဲ့ချီတဲ့ စာအုပ်စာတမ်းတွေ၊ မရေတွက်နိုင်တဲ့ လူထုဆွေးနွေးပွဲ တွေ၊ ဒီကိစ္စအပေါ် အာရုံစိုက် သီးသန့်ကျင်းပခဲ့တဲ့ ပညာရှင်တွေရဲ့နီးနှောပွဲတွေ ရှိခဲ့လုပ်ခဲ့ကြပြီးတဲ့ နောက်မှာတောင် Civil Society နဲ့ပတ်သက်လို့ အများသဘောတူအဓိပ္ပါယ်ဖွင့်ဆို ချက်တခုမှ ဖြစ်ထွန်းမလာသေးဘူး၊ဖြစ်လာနိုင်မယ့် အလားအလာလည်း မရှိသေးပါဘူး"ဟု ရေးသားခဲ့ဖူးသည်။

ဤသို့ဆိုခြင်းအားဖြင့် Civil Society ကို အဓိပ္ပါယ်ဖွင့် ဆိုထားချက် တခုမှမရှိသေးဟု ဆိုလိုခြင်းမဟုတ်ပေ။ အမှန် ရင်ဆိုင် ကြုံတွေ့နေရသော ပြဿနာကား ဝေါဟာရနှင့် ပတ်သက်သော အဓိပ္ပါယ်ဖွင့်ဆိုချက်များ ရှုထောင့်အသီးသီး၊ အမြင်အသီးသီးမှ များစွာရှိနေခြင်းဖြစ်သည်။ မတူကွဲပြားသော သူများက မတူ ကွဲပြားသော ရှု ထောင့်အသီးသီးမှနေ၍ Civil Society ကို ၎င်းကာ ဖွင့်ခဲ့ကြသည်။ ရံဖန်ရံခါ ဆိုသကဲ့သို့လည်း ကွဲပြားသောအမြင်များ စေ့စပ်ညှိနှိုင်း၍ မရနိုင်အောင်ရှိခဲ့ကြသည်။ အချို့သောသူများက Civil Society နှင့်ပတ်သက်၍ တိတိကျကျ သတ်မှတ်သော အဓိပ္ပါယ်ဖွင့်ဆိုချက်တခုဖြစ်ထွန်း လာရေးန် ကြိုးစားနေကြခြင်းသည် အဓိပ္ပါယ်မရှိဟု ထင်မြင်နေကြသည်လည်းရှိသည်။

အကြောင်းရင်းအများအပြားရှိသည့်အနက် ဖြစ်နိုင်ကောင်းသောအချက်တခုမှာ Civil Society ဟူသော အယူအဆ သဘောတရားနှင့် ဝေါဟာရသည် သမိုင်းကြောင်းအလျောက် နှစ်ပရိစ္ဆေဒရှည်ကြာစွာ ခရီးနှင်ဖြတ်သန်းခဲ့ရပြီး အချိန်ကာလနှင့် ဒေသအပေါ်မူတည်၍ အဓိပ္ပါယ်သတ်မှတ်ချက်နှင့် သဘောသဘာဝများ ပြောင်းလဲတိုးတက်လာခဲ့ခြင်းဖြစ်သည်။ ပို၍အရေးကြီးသောအချက်မှာ ဤအကြောင်းအရာအပေါ် တွေးခေါ်ဆင်ခြင် ကြည့်ခဲ့သော နိုင်ငံရေးအတွေး အခေါ်ပညာရှင်များအသီးသီးတို့က Civil Society နှင့် ပတ် သက်၍ ၎င်းတို့၏ကိုယ်ပိုင်အယူအဆ သဘောတရားများကို တည်ဆောက်ခဲ့ကြပြီး အနည်းဆုံးအားဖြင့် Civil Society သည် မည်သို့စံလက္ခဏာသတ်မှတ်ချက်များရှိသင့်သည်။ မည်သို့မည်ပုံဖြစ်သင့်သည်ဆိုသည့် တွေးခေါ်ချက်များကိုပါ ထည့်သွင်းဖော်ပြခဲ့ ကြခြင်းကြောင့် ဖြစ်သည်။

ထို့ကြောင့် ယနေ့ခေတ်ပြိုင်ကာလအတွင်းရှိ Civil Society နှင့်ပတ်သက်သော ဆွေးနွေးချက်များကို နားလည်နိုင်ရန်နှင့် "Civil Society ဟူသည်မှာ အဘယ်နည်း" ဟူသော မေးခွန်း၏ အဖြေကိုရရန်မှာ ဤအယူအဆ၏ သမိုင်းကြောင်းအရ ဖြစ်ထွန်းပြောင်းလဲတိုးတက်လာပုံကို လေ့လာဆန်းစစ်ရန် လိုအပ်လိမ့်မည်ဟု ကျွန်ုပ်အနေဖြင့် အဆိုပြုပါသည်။

ဤအဆိုပြုချက်၏ နောက်ကွယ်ရှိ ရည်ရွယ်ချက်များမှာကား Civil Society ဟူသော သဘောတရားအတွင်းတွင် အနက်အဓိပ္ပါယ်များ မည်မျှထိ များမြောင်လှသည်ကို ပေါ်လွင်စေချင်၍ဖြစ်သည်။ Civil Society နှင့်ပတ်သက်သော အတွေးအမြင်၊ အယူအဆသည် ကေသဘော မဆောင်ပဲ၊ ဗဟုသဘောကို ဆောင် ပါသည်။ ၎င်းနှင့် ပတ် သက် သော အတွေးအမြင် အယူအဆများတွင် မူကွဲများ များလွန်းလှပြီး သမိုင်းကြောင်းအရလည်း ရှည် လျားလှပါသည်။ တထိုင်တည်းဖြင့် အချိန်တို ကလေးအတွင်းတွင် ပြည့်စုံကုံလုံအောင် ဖော်ပြနိုင်ရန်မှာ မဖြစ်နိုင်မရှိလျှင်တောင်မှ အလွန်ခက်ခဲမည့် ကိစ္စဖြစ်လေသည်။ ထို့ပြင် Civil Society နှင့်ပတ်သက်သော ယနေ့ခေတ်ပြိုင် ဆွေးနွေးချက်များ အဓိပ္ပါယ်ဖွင့်ဆိုချက်များသည် မကြာခဏ ဆိုသလို ရှည်လျား လှသောသမိုင်းကြောင်းအတွင်းက ကာလတခုခု၊ အတွေးအခေါ်ပညာရှင်တဦးဦးကို ဆွဲယူကိုးကား၍ ဖော်ပြနေကြလေ့ရှိသည့် အတွက်ကြောင့်လည်း အထက်ကျွန်ုပ်၏ အဆိုပြုချက်က လျော်ကန်မှုရှိမည်ဟု ယူဆပါသည်။ ထိုအတွက် ကြောင့်Civil Society အကြောင်း ပြောဆိုဆွေးနွေးကြမည်ဆိုလျှင် မည် သည့်အယူအဆ၊ မည်သူ၏အတွေးအမြင်ကို ရည်ညွှန်း၍ ပြောဆိုဆွေးနွေးနေသည် ဆိုသည်ကို အရင် မေးရန်(သို့) မည်သည့်အယူအဆ၊ မည်သူ၏အတွေးအမြင်ကိုကောက်နုတ်ဆွေးနွေးမည် ဆိုသည်ကို ရွေးချယ် သတ်မှတ်ရန် မလွဲမသွေလိုအပ်လိမ့်မည်ဟု ကျွန်ုပ်မြင်သည်။ အကြောင်းမှာအနက် အဓိပ္ပါယ်ဖွင့်ဆိုချက်အရ ရော၊ ကာလဒေသ အသီးသီးရှိ ပတ်ဝန်းကျင်အခြေအနေများပါ ကွဲလွဲလွန်းနေကြပြီး ညှိနှိုင်းယူရန်လည်း ခက်ခဲလှသောကြောင့် ဖြစ်သည်။ အကယ်၍ မိမိတို့အနေဖြင့် Civil Society အယူအဆ၏ ဆင့်ကဲ ပြောင်းလဲဖြစ်ထွန်းမှု သမိုင်းရုပ်ပုံကို သိမြင်ထားခြင်း မရှိပါက လွန်စွာရှုပ်ထွေးဖွယ်ရာရှိသည်။ ဤ ဝေါဟာရတခုတည်းကိုပင် သုံးနေကြသော်လည်း ဆိုလိုပုံချင်းတူကြလိမ့်မည်မဟုတ်ဘဲ တယောက်ချင်းစီက မူကွဲတခုစီကို ကိုင်စွဲ၍ ဆွေးနွေးကြခြင်းသာဖြစ်လိမ့်မည်။

ထိုအတွက်ကြောင့် ယနေ့ခေတ်ပြိုင်ကာလအတွင်း ဤအကြောင်းအရာနှင့်ပတ်သက်သည့် ဆွေးနွေးပြောဆိုချက်များ အပေါ် ပိုပြီးရှင်းလင်းစွာ သိမြင်နိုင်ရန်မှ ဤအယူအဆ၏ သမိုင်းဖြစ်ထွန်းမှုကို ကောင်းစွာလေ့လာဆန်းစစ်ကြည့် ရန်လိုအပ်ပါလိမ့်မည်။ ပိုပြီးအရေးကြီးသောကိစ္စမှာ ဤသို့ Civil Society နှင့်ပတ်သက်၍ ကောင်းစွာသိမြင်ထားခြင်းအားဖြင့် မည်ကဲ့သို့သော Civil Society သဘောတရားသည် မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီစနစ်ဖြစ်ပေါ်တိုး တက် ရေးနှင့် လူမှု

ရေး၊ နိုင်ငံရေးပြဿနာများ ပြေလည်စေရေးအတွက် အသုံးဝင်နိုင်မည်ဆိုသည်ကို မိမိတို့ကောင်းစွာ လေ့ လာအကဲဖြတ်နိုင်ကြမည်ဖြစ်သည်။ ထို့အပြင် ထိုသို့ပြုခြင်းအားဖြင့် ဤအခန်း၏ အဖွင့်တွင်မေးခဲ့သော Civil Society ဆိုသည်မှာ အဘယ်နည်းဟူသော မေးခွန်းကို ချက်ချင်း ဖြေဆို သေးရန်မလိုပဲ Civil Society ဆိုသည်မှာ မည်သည် ဖြစ်သည်ဆိုသည်ကို နားလည်သဘောပေါက်လာနိုင်လိမ့်မည်။ အကြောင်းမှာ Civil Society ၏နောက်ခံသမိုင်းကြောင်းကို မလေ့လာမသိရှိသေးဘဲနှင့် Civil Society အား အနက်အဓိပ္ပါယ်ဖွင့်ဆိုရန်မှာ အန္တရာယ်ကြီးသကဲ့သို့ရှုပ်ရှုပ်ထွေးထွေးလည်း ဖြစ်စေလိမ့်မည်ဟု ကျွန်ုပ်ယူဆသောကြောင့်ဖြစ်သည်။

ထိုအတွက်ကြောင့် Civil Society ဆိုသည်မှာ မည်သို့ ဖြစ်သည်ဟူသော မေးခွန်းကိုမဖြေဆိုမီ မိမိတို့ အနေဖြင့် Civil Society သဘောတရားများနှင့် ဝေါဟာရ တို့၏ ဆင့်ကဲဖြစ်ထွန်း ပြောင်းလဲလာပုံကို ခြေရာကောက်ကြည့်ရန်ဖြစ်ပါသည်။ ကျွန်ုပ်အနေဖြင့် ယနေ့ခေတ်တွင် ရေးသားထားကြသော အထောက်အထားများအပေါ် ကိုးကားပြီး ၎င်းသဘောတရားမြစ်ဖျားခံရာသို့ ခြေရာ ကောက်ကြည့်ပါမည်။ ပြီးမှသာ Civil Society ဆိုသည်မှာ အဘယ်နည်းဟူသော မေးခွန်းဆီသို့ ပြန်လှည့်လာမည်ဖြစ် သည်။ ထို့နောက် ယနေ့ခေတ် Civil Society များ ဦးတည် ရွေ့လျားနေရာ ရေစီးကြောင်းများ အကြောင်းကိုပါ ဆက် လက်ဆွေးနွေးသွားမည်ဖြစ်သည်။

## Civil Society ၏ သမိုင်းကြောင်းဆိုင်ရာ ဖြစ်ထွန်းပြောင်းလဲလာမှု (အကျဉ်းချုပ်)

စတင်ဆွေးနွေးရမည်ဆိုလျှင် Civil Society ဟူသောအယူအဆ၊ သဘောတရားသည် ဥရောပနိုင်ငံ Civil Societyရေးဆိုင်ရာ ယဉ်ကျေးမှုတွင် မြစ်ဖျားတည်ခဲ့သည်။ Civil Society ဟူသော ဝေါဟာရ၏ မူလ ဇစ်မြစ်ကို ဂန္တဝင်ခေါမ–ရောမခေတ်ကာလ (Classical Antiquity)နှင့် အရစ္စတိုတယ်လ်၏ "ကောင်းသောဘဝ၊ ကောင်း မြတ်သော လူ့အဖွဲ့အစည်းနှင့် နိုင်ငံရေး"ဟူသော အယူအဆများ ဖြစ်ထွန်းခဲ့ချိန်အထိ နောက်ကြောင်းပြန် ခြေရာကောက်နိုင်သည်။ 'စီဆေရို'(Cicero)သည် ဤဝေါဟာရကို ပထမဦးဆုံးသုံးစွဲခဲ့ သော ရောမလူမျိုးဖြစ်သည်။ ဤဝေါဟာရသည် မူလလက်တင် ဘာသာမှဆင်းသက်လာ၍ Civil Societatis မှ မွေးယူထားခြင်းဖြစ်ပြီး "တရားဥပဒေ အုပ်စိုးမှုရှိသောငြိမ်းချမ်း၍ စနစ်ကျနသည့်လူ့အဖွဲ့အစည်း" ကို ရည်ညွှန်းသည်။

နောက်ပိုင်းကာလများတွင်ဥရောပတိုက်ရှိတွေးခေါ်ရှင်များ၊ နိုင်ငံရေး ဒဿနပညာရှင်များက ဤဝေါဟာရ အယူအဆနှင့်ပတ်သက်၍ ဆန်းစစ်တွေးခေါ်ခဲ့ကြပြီး အဓိပ္ပါယ် ဖွင့်ဆိုခဲ့ကြသည်။ ဤအယူအဆကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဆန်းသစ်ခဲ့ကြပြီး အဓိပ္ပါယ်ဖွင့်ဆိုချက်များမှာလည်း တကျောင်းတဂါထာ၊ တရွာတပုဒ်ဆန်းဆိုသလို ညှိနှိုင်းယူ၍မရနိုင်လောက်အောင် အကွဲကွဲအပြားပြားဖြစ်ခဲ့သည်။

(**မှတ်ချက်**။ ။ အချိန်နှင့်နေရာ အကန့်အသတ် ကြောင့် အဆိုပါပုဂ္ဂိုလ်များအားလုံး၏ အတွေးအခေါ်များကို ဖော်ပြရန်မတတ် နိုင်ပါ။ ဤနေရာတွင် လေ့လာသူများနှင့် ပညာရှင်များက Civil Society နှင့်ပတ်သက်၍ အထင်ကရအဖြစ်ဆုံးဟု သတ်မှတ်ခြင်း ခံထားရသူ အတွေးအခေါ်ရှင်အချို့တို့၏ အတွေးအခေါ်များကိုသာ အဓိကထား၍ အကျဉ်းတင်ဆက်သွားပါမည်။ ဤနေရာတွင် အလေးပေး ဖော်ပြလိုသော တွေးခေါ်ရှင်များမှာ . . .

– ဗြိတိသျှတွေးခေါ်ပညာရှင် ဂျွန်လော့ခ်(John Locke)
– စကော့လူမျိုးဉာဏ်အလင်းပြပညာရှင် အဒမ်စမစ်နှင့် အဒမ်ဖဂူဆန်(Scottish Enlightenment Thinkers Adam Smith & Adam Ferguson)
– ဂျာမန်တွေးခေါ်ပညာရှင် ဂျီ ဒဗလျူ အက်ဖ် ဟေဂယ်နှင့် ကားလ်မာ့ခ်စ်(G.W.F Hegel and Kari Marx)
– လစ်ဘရယ်တွေးခေါ်ပညာရှင် ပြင်သစ်လူမျိုးအဲလက်စ်ဒေါ့ကဗီးလ်(Alexis de Tocqueville)
– အီတလီလူမျိုး မာ့ခ်စ်ဝါဒီ အန်တိုနီယို ဂရမ်ဇီ (AntonioGramsci)တို့ပင်ဖြစ်ပါသည်။)

ဤဝေါဟာရသည် (၁၉)ရာစုအလယ်ပိုင်း လောက်မှစ၍ ဥပရောပ၏ နိုင်ငံရေးစာပေလောကအတွင်းမှ ထူးဆန်းစွာပျောက်ကွယ်သွားခဲ့သည်။ (၂၀)ရာစု၏ အစောပိုင်းနှစ်များအတွင်းမှာမှ အီတလီလူမျိုး မာ့ခ်စ်ဝါဒီ 'အန်တိုနီယိုဂရမ်ဇီ'က ၎င်း၏ထောင်အတွင်းမှာ ရေးသားသည့် စာစုတခုတွင် ထိုဝေါဟာရကို တဖန် ပြန်လည်သုံးစွဲခဲ့သည်။ ထို့နောက်ပိုင်း ဆယ်စုနှစ်များစွာအကြာတွင် အရှေ့ဥရောပမှ နိုင်ငံရေးအတိုက်အခံများ၊ တတ်သိပညာရှင်များနှင့် တက်ကြွ လှုပ်ရှားသူများက (ဂရမ်ဇီ၏ အယူအဆများနှင့် များစွာနီးစပ် သော) Civil Society ၏သဘောတရားများကို အသုံးပြု၍ ၎င်းတို့၏ အောင်မြင်သော ဒီမိုကရေစီလှုပ်ရှားမှုများအကြောင်းအား ပြင်ပကမ္ဘာသို့ ရှင်းပြပြီးနောက်ပိုင်းတွင် Civil Society နှင့် သက်ဆိုင်သော အယူအဆ၊ သဘောတရားသည် ပြန်လည် သက်ဝင်လှုပ်ရှားလာခဲ့ပြီး ကမ္ဘာတဝှမ်းသို့ တောမီးကဲ့ သို့ပင် လျင်မြန်စွာ ပြန်နှံ့သွားခဲ့သည်။

ဤအယူအဆနယ်ပယ်တွင် ရေးကျသော အထင်ကရ တွေးခေါ်ရှင်ကြီးများမှာ 'ဂျွန်လော့ခ်'နှင့် စကော့ လူမျိုးဉာဏ်အလင်းပြ တွေးခေါ်ရှင်ကြီးများ(Scottish Enlightenment thinkers)ဖြစ်ကြသည့် အဒမ်ဖာဂူဆန်၊ အဒမ်စမစ်နှင့် ဒေးဗစ်ဟုမ်းတို့ဖြစ်ကြပြီး ၎င်းတို့က Civil Society နှင့် ပတ်သက်သည့် ခေတ်သစ်အယူအဆကို မွေးဖွားပေးခဲ့ကြသည်။

John Locke ဂျွန်လော့ခ်(၁၆၃၂ –၁၇၀၄)က Civil Society ဟူသော အယူအဆနှင့်ပတ်သက်၍ ထူးခြားကွဲလွဲစွာ စတင်တင်ပြခဲ့သူဖြစ်သည်။ ဂျွန်လော့ခ်၏ အဓိကအာရုံစူးစိုက်မှုမှာ "သဘာဝတရားအရ လွတ်လပ်မှုနှင့် တန်းတူ ညီမျှမှု"တို့ဖြစ်ပြီး ထိုအရာများကို မည်ကဲ့သို့ ကာကွယ်ရမည်နည်းဟူသောအချက်ဖြစ်သည်။ လော့ခ်၏ အမြင်မှာ လူသားတို့၏ လွတ်လပ်ခွင့်နှင့် တန်းတူညီမျှရေးကို Civil

Society အတွင်း၌သာလျှင် ထိထိ ရောက်ရောက် ကာ ကွယ်နိုင်မည်ဟုမြင်သည်။

လော့ခ်ကလူသားများသည် ခရစ်ယာန်ဘုရားသခင်၏ ဖန်ဆင်းမှုဖြစ်သည့် သဘာဝတရား၏ ဥပဒေသ (Natural Law) အရ လည်ပတ်နေသော "သဘာဝအခြေအနေ (the state of nature)"အတွင်း နေထိုင်နေကြသူ များကြသည်ဟု ယူဆသည်။ "သဘာဝအခြေအနေထဲတွင် လူသားများအားလုံးသည် တန်းတူညီမျှပြီး ကိုယ်စီကိုယ်ငှ လွတ်လပ်မှုရှိကြသည်။ သို့သော် စုစည်းနေထိုင်လာသော လူဦးရေနှင့် လူမှုအဖွဲ့အစည်းကြီးထွား ကျယ်ဝန်းလာသည်နှင့်အမျှ လူများအနေဖြင့် လူ့ဘောင်လူ့အဖွဲ့အစည်း တခုထဲတွင် အတူအကွ ပေါင်းစည်းနေထိုင်နိုင်မည့် ဖွဲ့စည်းမှုပုံစံအသစ်တရပ် လိုအပ်လာသည်။ ထို့ကြောင့် "သဘာဝအခြေအနေ"သည် အလုံးစုံအဆင်ပြေမှု၊ ပြီးပြည့်စုံမှုမရှိဘဲ ပြုပြင်ပြောင်းလဲမှုများ၊ ဖြည့်စွက်မှုများလိုအပ်သည်ဟု လော့ခ်ကမြင်သည်။

ဤအနေအထားတွင် အရေးတကြီးလိုအပ်ချက်မှာ "သဘာဝအခြေအနေ"မဟုတ်သည့် အခြားရွေးချယ်စရာနည်း လမ်းတရပ်ဖြစ်သည်။ လော့ခ်ကမြင်သော အခြားရွေးချယ်စရာမှာ Civil Society ပင်ဖြစ်လေသည်။ လော့ခ်က Civil Society ဆိုသည်ကို "သဘာဝအခြေအနေ"နှင့် ကွဲကွဲပြားပြားဖြစ်စေရန် ခွဲခြားပြထားခဲ့သည်။

လော့ခ်ကမြင်သော Civil Society ဆိုသည်မှာ လူသား များအနေဖြင့် "သဘာဝအခြေအနေကို စွန့်ခွာ၍ အစိုးရတရပ် (သို့)တရားဝင်မှုရှိသော အာဏာပိုင်တရပ် ဖွဲ့စည်းနိုင်ရန်အတွက် လူမှုပဋိညာဉ်(Social contract) တရပ်ချုပ်ဆိုပြီး မိမိတို့၏ အချို့သော လွတ်လပ်မှုများကို စွန့်လွှတ်ရန် သဘောတူညီခြင်းပင်ဖြစ်သည်။ တနည်းအားဖြင့် လော့ခ်အဖို့ Civil Society ဆိုသည်မှာ လူသားများအနေဖြင့် "သဘာဝအခြေအနေ"ကိုစွန့်ခွာ၍ လူသားတို့၏ လွတ်လပ်မှုနှင့် ပစ္စည်းဥစ္စာတို့ကို ပိုမိုထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် အစိုးရတရပ် ဖွဲ့စည်းရန်အလို့ငှာ ၎င်းတို့ကိုယ်ကို လူမှုပဋိညာဉ်စာချုပ်များနှင့် စည်းနှောင်ထားခြင်းပင်ဖြစ်သည်။

ထို့ကြောင့် လော့ခ်အတွက် Civil Society ဆိုသည်မှာ "သဘာဝအခြေအနေ"၏ လက္ခဏာများကို ချုပ်ငြိမ်းစေသော နိုင်ငံရေးဆိုင်ရာအဖွဲ့အစည်း Political Society (သို့) နိုင်ငံတော်အစိုးရ (State)ပင်ဖြစ်သည်။ Civil Society ဆိုသည်မှာလည်း နိုင်ငံတော်အစိုးရနှင့်အတူတူ တခုတည်းဖြစ်သည်။ လော့ခ်နေထိုင်ခဲ့သော ခေတ်ကာ လတွင် Civil Society နှင့်နိုင်ငံတော်အစိုးရ (State)တို့ကို တိတိလင်းလင်း ခွဲခြားထားခြင်းမရှိပဲ ရောရောထွေးထွေး သုံးနှုန်းခဲ့သည်။ အပြန်အလှန် အစားထိုးသုံးစွဲခဲ့သော ဝေါဟာရများဖြစ်နေခဲ့ကြသည်။

လော့ခ်နောက်ပိုင်းကာကတွင် Civil Society ဟူသော အယူအဆကို ဆက်လက်တင်ပြလာကြသောသူများမှာ စကော့လူမျိုးဉာဏ်အလင်းပြပညာရှင်ကြီးများ (Scottish Enlightenment thinkers)များဖြစ်ကြပြီး အထူးသဖြင့် အဒမ်ဖဂူဆန် (Adam Ferguson)နှင့် အဒမ်စမစ်(Adam Smith)(၁၇၂၃– ၁၇၉၀)တို့ဖြစ်သည်။

စကော့လူမျိုးဉာဏ်အလင်းပြပညာရှင်ကြီးများက အရင်းရှင်စနစ်၏ အာရုံဦးကာလတွင် အသက်ရှင်နေထိုင်ခဲ့ကြရသည့်အလျောက် ထိုစဉ်ကဖြစ်ထွန်းလာနေသော 'ကုန်သွယ်မှုနှင့် ကူးသန်းရောင်းဝယ်မှု'တို့သည် ခေတ်သစ် လူ့အဖွဲ့အစည်း(သို့) ခေတ်သစ်ယဉ်ကျေးမှုအတွင်း၌ အရေး ကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လာလိမ့်မည်ဟု သုံးသပ်ယူ ဆခဲ့ကြသည်။ တနည်းအားဖြင့် ဆိုသော် လူသားတဦးချင်းစီတို့က မိမိတို့၏ကိုယ်ပိုင်အကျိုးစီးပွားအတွက်သာ ရည်ရွယ် ဆောင်ရွက်နေကြသော ရုပ်ဝတ္ထုပစ္စည်း ကြွယ်ဝချမ်းသာရေးအတွက်သာ ရှေ့တန်းတင်နေကြသော၊ ကုန်သွယ်မှုနှင့် အပြန်အလှန်ရောင်းဝယ်ဖလှယ်မှုတိုက်ကသာ ကြီးစိုးနေသည့် 'ကုန်သွယ်ဖောက်ကားနေကြသော လူ့အဖွဲ့အစည်း'အတွင်း၌ အဆိုပါပညာရှင်များ နေထိုင်ခဲ့ကြရခြင်းဖြစ်သည်။

ထိုအတွက်ကြောင့် လော့ခ်နှင့်နှိုင်းစာလျှင် ထိုစကော့လူမျိုးပညာရှင်ကြီးများမှာ ကုန်သွယ်မှု၊ ကူးသန်းရောင်းဝယ်မှုတို့နှင့် ပတ်သက်ဆက်နွယ်နေသည့် တိုင်းသူပြည်သားများ၏ အခန်းကဏ္ဍ၊ ကုန်သွယ်ရောင်း ဝင်ဖောက်ကား နေကြသော လူ့အဖွဲ့အစည်း (အစောပိုင်းအရင်းရှင်လူ့အဖွဲ့အစည်း)အတွင်းရှိ လူတဦးချင်းစီများ/တသီး ပုဂ္ဂလများ အချင်းချင်းကြား ဆက်ဆံရေးတို့အပေါ် ပို၍ စိတ်ဝင်စား ခဲ့ကြသည်။

ခေတ်ပြိုင်များဖြစ်သည့်အပြင် သူငယ်ချင်းများလည်း ဖြစ်ကြသော်လည်း ဤစကော့လူမျိုးပညာရှင်တို့က Civil Society နှင့်ပတ်သက်လာလျှင် တဦးနှင့်တဦးယူဆပုံခြင်း ဖော်ပြပုံ ခြင်း မတူညီကြပေ။ တဖက်တွင် အဒမ်စမစ်က အခြားသော စကော့လူမျိုးအတွေးအခေါ်ပညာရှင်ဖြစ်သူ ဒေးဗစ်ဟူးမ်း(David Hume)နှင့်အတူ Civil Society သည် စီးပွားရေးဆိုင်ရာ လုပ်ဆောင်မှုများကြောင့် ပေါ်ပေါက်လာရသည်ဟုမြင်ပြီး ထိုစီးပွားရေး လုပ်ဆောင်မှုများမှာလည်း နိုင်ငံရေးလုပ်ဆောင်မှုများကဲ့သို့ တန်းတူအရေးကြီးသည်ဟု ယူဆကြသည်။ သို့သော် အခြားတဖက်တွင် အဒမ်ဖဂူဆန်က ခေတ်သစ်လူမှုအဖွဲ့အစည်းတွင် ပြည်သူတို့ကသာ အဓိကကျကြောင်း တွင်တွင်ကြီးပြောဆိုခဲ့သည်။

ခြုံ၍ပြောရလျှင် စကော့လူမျိုးဉာဏ်အလင်းပြ ပညာရှင် များဖော်ပြသောCivil Society ဟူသော အယူအဆသည် တရားဥပဒေအရ အုပ်ချုပ်မှုလုပ်ပိုင်ခွင့်အာဏာ အကန့်အသတ်ရှိသော အစိုးရ၊ နိုင်ငံသားများ၏ တက်ကြွစွာပါဝင်ဆောင်ရွက်မှုစသည့် လက္ခဏာများရှိသည့် နိုင်ငံတော်အစိုးရ (State)ဟူသော အယူအ ဆနှင့် တထပ်တည်းကျနေသေးသည်။ အရေးကြီးဆုံးအချက်မှာ ဈေးကွက်(Market)သည် ၎င်းတို့၏ Civil Society အယူအဆ အား ပုံဖော်ပေးရာ၌ အဓိက အခန်းကဏ္ဍမှ ပါဝင်ခဲ့လေသည်။ ၎င်းတို့က ၎င်းတို့၏ Civil Society အယူအဆကို ရက်စက်ကြမ်းကြုတ်သော လူ့အဖွဲ့အစည်းများနှင့် ကွဲပြားအောင်နှိုင်းယှဉ်ဖော်ပြခဲ့ကြသည်။

ရက်စက်ကြမ်းကြုတ်သော လူ့အဖွဲ့အစည်း၊ ရိုင်းစိုင်းသော လူ့အဖွဲ့အစည်းနှင့်ပတ်သက်၍ အဒမ်စမစ်နှင့် ဟုမ်းတို့က အောက်ပါအတိုင်းဖော်ပြခဲ့ကြသည်။ “အတိတ်ကာလ (ကုန်သွယ် ရောင်းဝယ်ဖောက်ကားသော လူ့အဖွဲ့အစည်းမတိုင်မီအကြိုကာလ)က လူသားများအချင်းချင်းအကြား ဆက်ဆံရေးမျိုးမှာ ဆွေမျိုးသားချင်းဆက်ဆံရေး၊ မြေပိုင်ရှင်နှင့်ကျွန်ဆက်ဆံရေး(တနည်းအားဖြင့် အထက်အောက်ဆက်ဆံရေး)မျိုးဟူ၍ တသမတ်တည်းသာရှိသည်။ သို့သော် ဈေးကွက်ပေါ်လာသောအခါ လူစိမ်းများအကြားဆက်ဆံသော လူမှုဆက်ဆံရေးစနစ်ပုံစံ တမျိုးပေါ်ထွန်းလာပြီး နောက်ထပ်အဆင့်တဆင့်မြှင့်တက်လာသော လူသားများ အချင်းချင်း စုစည်းမှုပုံစံသစ်ကို ဖြစ်ပေါ်စေသည်။ ဤအနေအထားက ပင်အလွန်ရက်စက်ကြမ်းကြုတ်သော၊ ရိုင်းစိုင်းသော လူ့အဖွဲ့အစည်းမှ ထွက်ခွာလာပြီး ပို၍ယဉ်ကျေးသိမ်မွေ့သော လူ့အဖွဲ့အစည်းအတွင်းသို့ ဝင်ရောက်ခြင်း”အဖြစ် စမစ်နှင့် ဟူးမ်တို့က ယူဆကြသည်။

ရိုင်းစိုင်းသော လူ့အဖွဲ့အစည်း၊ ဖောက်ပြန်ပျက်စီးနေသော လူ့အဖွဲ့အစည်းများဆိုရာ၌ အဒမ်ဖာဂူဆန်မှ ဆိုလိုသည်မှာ ၎င်းတို့၏ ရုပ်ဝတ္ထုအကျိုးစီးပွားအတွက်သာ ကြည့်သည့် လူတို့ ဖြင့် ပြည့်နှက်နေသော၊ လူအများကောင်းကျိုး၊ အစိုးရလုပ်ငန်း ကိစ္စများကို ပစ်ပယ်ထားကြသော လူ့အဖွဲ့အစည်းကိုဆိုလိုခြင်းဖြစ်သည်။ ဖာဂူဆန်အနေဖြင့် ကျေးကွက်အခြေခံအရင်းရှင်စနစ် စတင်ပေါ်ပေါက်လာပုံကို နှစ်လိုဖွယ်ရာစိတ်ဝင်တစားလေ့လာကြည့်ရှု့နေခဲ့သော်လည်း တသီးပုဂ္ဂလများအနေဖြင့် အများပြည်သူတို့ဘဝ(သို့) အများ၏ အကျိုးကို ထိခိုက်စေနိုင်လောက်အောင် ၎င်းတို့၏ ကိုယ်ပိုင်အကျိုးစီးပွားအတွက်ကိုသာ အတ္တကြီးစွာ ရှာကြံလုပ်ဆောင်နေကြသည့်အချက်အပေါ်လွန်စွာစိုးရိမ်ပူပန်မိခဲ့လေသည်။ ဖာဂူဆန်က ပြည်သူ့ရီပတ်ဘလီကင်ဆင်မ်(Civic Republicanism)တနည်းအားဖြင့် အစိုးရ၏လုပ်ငန်းဆောင်တာများ၌ ပြည်သူများတက်ကြွစွာပါဝင်ဆောင်ရွက်ခြင်းဟူ သော အယူအဆကို တိုက်တွန်းဟောပြောခဲ့သည်။

ထို့ကြောင့် စကော့လူမျိုးပညာရှင်များအဖို့ Civil Society ဆိုသည်မှာ ရက်စက်ကြမ်းကြုတ်သော လူ့အဖွဲ့အစည်း၊ ရိုင်းစိုင်းသော လူ့အဖွဲ့အစည်း၊ ဖောက်ပြန်ပျက်စီးနေသော လူ့အဖွဲ့အစည်းများနှင့် ဆန့်ကျင်ဖက်ပင်ဖြစ်သည်။ ၎င်းတို့နှင့်ကျမ Civil Society သည် ‘ယဉ်ကျေးသော လူ့အဖွဲ့အစည်း’ဟူသော အဓိပ္ပါယ်ကို ဆောင်လာသည်။

နောက်ပိုင်းတွင် G.W.F Hegel ဂျီ–ဒဗလျူ–အက်ဖ်ဟေဂယ်လ်(၁၇၇၀–၁၈၃၁)က အဒမ်ဖာဂူဆန်ရေးသားသည့် ‘*An Essay on the History of Civil Society*’(Civil Society ၏ *သမိုင်းနှင့်ပတ်သက်သော အက်ဆေးစာတမ်းများ*) ဟူသော စာအုပ်အပေါ်စဉ်းစား ဆင်ခြင်သုံးသပ်ခဲ့ပြီးနောက် Civil Society ၏ သဘောတ ရားများကို တဖန်စုစည်းဖော်ထုတ်မှု(သို့) သမူဟ(synthesis)ပြုခဲ့ပြန်သည်။

ဟေဂယ်လ် စိတ်ဝင်စားသောအကြောင်းအရာမှာ လော့ခ်နှင့် စီးပွားရေးပညာဆိုင်ရာ တွေးခေါ်ရှင်များ အာရုံစူးစိုက်ခဲ့သော ‘ဈေးကွက်’၊ ‘တသီးပုဂ္ဂလနှင့် လူ့အသိုင်းအဝိုင်း’ဟူသော အကြောင်းအရာများမှ မကင်းလွတ်နိုင်ခဲ့။ ဟေဂယ်လ်က သူနေထိုင်ရာခေတ်ကာလအတွင်း ဈေးကွက်၏ ကျယ်ပြန့်လာပုံ၏ အရေးပါမှုကိုပါ သတိပြုမိခဲ့သည်။

ယခင်က စီးပွားရေးစနစ်သည် ပုဂ္ဂလိကတဦးချင်းအဆင့်၊ မိသားစုအဆင့်တွင်သာ ဖြစ်ပျက်နေခဲ့ရာမှ ယခုအခါ မိသားစုများ၏ နယ်နိမိတ်ကို ဖောက်ထွက်လာပြီး လူမှုအသိုင်းအဝိုင်းအပေါ် စိုးမိုးနေခဲ့သည်။ ဤအချက်သည်ပင် ယခင်က တွေးထင်ယူဆ ထားခဲ့ကြသော Civil Society ဆိုင်ရာ အယူအဆများမှာ လုံးဝပြောင်းလဲသွားပြီဟု ဟေဂယ်လ်အား ယူဆစေခဲ့သည်။

တချိန်က နိုင်ငံတော်အစိုးရ (State)နှင့် တထပ်တည်း ကျခဲ့ပြီး စီးပွားရေးစနစ်ကို ထည့်သွင်းခြင်းမပြုခဲ့သော Civil Society သည် ယခုအခါ စီးပွားရေးစနစ်ကိုပါ ထည့်သွင်းလာပြီး နိုင်ငံတော်အစိုးရ(State)ဆိုသည်မှာလည်း သီးခြားတကဏ္ဍဖြစ်သည့် နိုင်ငံရေးနယ်ပယ် (Political Sphere)အဖြစ် ပေါ်ပေါက်လာခဲ့သည်။ ဟေဂယ်လ်က ကုန်ကူးသန်းရောင်းဝယ်မှုပြုသော စီးပွားရေးစနစ်ကို ၎င်းဘာသာ မောင်းနှင်လည်ပတ်ရန် ခွင့်မပြု သင့်ဘဲ နိုင်ငံတော်အစိုးရမှ ပဲ့ကိုင်တည့်မတ်ပေးသင့်သည်ဟု ယူဆသည်။

၎င်း၏ သမူဟ (Synthesis)တွင် ဟေဂယ်လ်က Civil Society ဆိုသည်မှာ နိုင်ငံတော်အစိုးရ၏ ပြင်ပတွင်ရှိနေသော အကျိုးစီးပွားဆိုင်ရာ သီးခြားနယ်ပယ်တရပ်အဖြစ်လည်းကောင်း၊ ကွဲပြားခြားနားမှုများ မြောက်များစွာရှိ နေသော ပဋိပက္ခပြွမ်းသည့် လူမှုရေးနယ်ပယ်/လူအများ၏ နယ်ပယ်အဖြစ်လည်းကောင်း သုံးသပ်ပြီး အဆိုပါမြောက် များစွာသော ကွဲပြားခြားနား မှုများ၊ ပဋိက္ခများ သဟဇာတ ဖြစ်ရေးကို နိုင်ငံတော်အစိုးရကသာ လျှင် စွမ်းဆောင်ပေး နိုင်မည်ဟုဆိုသည်။ ဟေဂယ်လ်သည် Civil Society ကို နိုင်ငံတော်အစိုးရ (State)မှ သီးခြားဖြစ်အောင် ခွဲထုတ်ခဲ့သည့် ပထမဦးဆုံးသော နိုင်ငံရေး ဒဿနပညာရှင်အဖြစ် ထင်ရှားသည်။ ဟေဂယ်လ်မှ စတင်ပြီး Civil Society ကို နိုင်ငံတော် အစိုးရနှင့် ကွဲကွဲပြားပြားဖြစ်အောင် ခွဲထုတ်ခဲ့သော်လည်း ၎င်းတို့နှစ်ရပ် Civil Society နှင့် State ကား တခုနှင့်တခု အပြန်အလှန်ဆက်စပ်၊ တည်မှီနေဆဲ ဖြစ်သည်။

Civil Society ဆိုသည်မှာ မိသားစုများနှင့် နိုင်ငံတော် အစိုးရအကြားတွင် တည်ရှိသည်ဟူသော ယနေ့ကာလအတွင်း လူအများလက်ခံထားသည့် Civil Society အယူအဆမှာ ဟေဂယ်လ်၏ အယူအဆမှ မြစ်ဖျားခံလာခြင်းဖြစ်သည်။

ဟေဂယ်လ်အပေါ်ဝေဖန်ချက်များကို Karl Marx ကားလ်မာ့ခ်စ် (၁၈၁၈–၁၈၈၃)၏ Civil Society နှင့်ပတ်သက်သော ဆွေးနွေးချက်များတွင် တွေ့ရှိနိုင်သည်။ မာ့ခ်စ်အနေဖြင့် ဟေဂယ်လ်၏ ဩဇာလွှမ်းမိုးခြင်းကိုခံရပြီး ဟေဂယ်လ်၏ အတွေးအခေါ် တော်တော်များများကို အသုံးပြုခဲ့သော်လည်း ဟေဂယ်လ်၏နိုင်ငံတော်အစိုးရနှင့် Civil So-

ciety ဆိုင်ရာ အယူအဆကို နှစ်ရပ်စလုံးကို ဝေဖန်ခဲ့သည်။

မာ့ခ်စ်က"Civil Society သည် လူတဦးချင်းစီတို့အား ၎င်းတို့၏ ကိုယ်ပိုင်အကျိုးစီးပွားများအတွက် ရှာဖွေဆောင်ရွက်ရန် ခွင့်ပြုထားသော ဈေးကွက်အခင်းအကျင်းအတွင်းတည်ရှိပြီး ထိုဈေးကွက်မှာလည်း နိုင်ငံတော်အစိုးရမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာရသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ဈေးကွက်စီးပွားရေး ကျင့်သုံးသည့် လူ့အဖွဲ့အစည်းအားအများကောင်းကျိုး၊ ဘုံအကျိုးအတွက် လုပ်ကိုင်ဆောင်ရွက်ပေးလိုသော စိတ်ဓါတ် နှင့် လူမှုအသိုင်းအဝိုင်းစိတ်ဓါတ်တို့ကို ဆောင်ကျဉ်းပေးသည်" ဟူသော ဟေဂယ်လ်၏ ယူဆချက်ကို ပယ်ချခဲ့သည်။

မာ့ခ်စ် "ကိုယ်ကျိုးစီးပွားအတွက် လွတ်လွတ်လပ်လပ်ရှာဖွေလုပ်ကိုင်ခွင့်ပြုထားရသော Civil Society တွင် နိုင်ငံတော်အစိုးရမှပြဋ္ဌာန်းထားသော အများကောင်းကျိုးဆောင်ရွက်ရေးဟူသော အယူအဆကို လိုက်နာရသည့်တိုင် အများကောင်းကျိုး၊ ဘုံအကျိုးအတွက် လုပ်ကိုင်ဆောင်ရွက်ပေးလိုသော စိတ်ဓါတ်နှင့် လူမှုအသိုင်းအဝိုင်းစိတ်ဓါတ်တို့ဖြစ်ပေါ်လာမည်ဟု မယုံကြည်ပေ။ ယင်းကဲ့သို့သော အခင်းအကျင်းအနေဖြင့် မိမိ၏တဦးချင်းကိုယ်ကျိုးစီးပွားကိုသာကြည့်သော အများ၏ကောင်းကျိုးအတွက် ဖော်ဆောင်ရန်စိတ်ဝင်စားမှု အနည်းအကျဉ်းသာရှိသော (သို့) လုံးဝမရှိသော တသီးပုဂ္ဂလများကိုသာ မွေးထုတ်ပေးနိုင်လိမ့်မည်"ဟု မာ့ခ်စ်က ဆိုလေသည်။

မာ့ခ်စ်က နိုင်ငံတော်အစိုးရဆိုသည်မှာ ဘူဇွာများကြီးစိုး လွှမ်းမိုးသော Civil Society ၏ ရောင်ပြန်ဟပ်ချက်၊ ပုံရိပ်ပင်ဖြစ်သည်ဟုဆိုပြီး ဘူဇွာတို့၏ လူ့အဖွဲ့အစည်းနှင့် Civil Society တို့အား ညီမျှခြင်းချခဲ့သည်။ ထိုအတွက်ကြောင့် မာ့ခ်စ်အတွက် Civil Society ဟူသည်မှာ အခြားမဟုတ်၊ အရင်းရှင်ဘူဇွာတို့၏ လူ့အဖွဲ့အစည်း (Burgerliche Gesellschaft)သာဖြစ်သည်။ ထို့ကြောင့် မာ့ခ်စ် ဝါဒီများ အားလုံးလိုလိုက Civil Society အပေါ် အဆိုးမြင်ကြသည်။

အခြားအရေးကြီးသော နိုင်ငံရေးတွေးခေါ်ပညာရှင်တဦးမှာ လစ်ဘရယ်ဝါဒီဖြစ်သူ Alexis de Tocqueville အဲလက်စစ်ဒီဒေါ့ကဗီးလ် (၁၈၅၀–၁၈၅၉)ဖြစ်ပြီး သူက Civil Society နှင့်ပတ်သက်သော အယူအဆကို များစွာဆက်လက် ဖြည့်ဆီးပေးခဲ့သည်။ သူသည် လူမှုရေးဗေဒ ပညာရှင်တဦးဖြစ်သကဲ့သို့ ပြင်သစ်နိုင်ငံမှ နိုင်ငံရေးသမားတဦး လည်းဖြစ်သည်။ ၁၈၃၁ခုနှစ်တွင် အမေရိကန် ပြည်ထောင်စုသို့ သွားရောက်လည်ပတ်လေ့လာရန် ကော်မရှင်အစီအစဉ်တခုကို သူကလက်ခံခဲ့သည်။ ၎င်းကော်မရှင်၏ ရည်ရွယ်ချက်မှာ 'ဤမျှကြီးမားသော သမ္မတနိုင်ငံတော်ကြီးက မည်ကဲ့သို့သော ပုံစံပေါက်နေပြီး မည်သို့မည်ပုံ လုပ်ကိုင်ဆောင်ရွက်နေသည်' ဆိုသည်ကို လေ့လာရန်ဖြစ်သည်။ သူ၏(၉)လတာ လေ့လာရေးခရီးအတွင်း တွေ့ကြုံခဲ့ရသော အမေရိကန်ပြည်ထောင်စုအတွင်းရှိ ဒီမိုကရေစီအခြေအနေအပေါ် သူ၏အမြင်များကို 'Democracy in America' (အမေရိကတွင်းရှိ ဒီမိုကရေစီ)ဟူသော စာအုပ်အတွင်း၌ မှတ်တမ်းတင်ရေးသားထားခဲ့သည်။ အမေရိကန်ပြည်ထောင်စုတွင်သူမြင်တွေ့ခဲ့ရသည့် မြောက်များလှစွာသော မိမိတို့၏ ဆန္ဒသဘောဖြင့်လာရောက်စုစည်းထားကြသည့် အသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းအသင်းများကို သူ့အနေဖြင့် အံ့အားသင့်ခဲ့ရသကဲ့သို့ လေးလည်းလေးစားခဲ့ရသည်။ အမေရိကန်ပြည်ထောင်စုတွင် "ပွဲလမ်းများကျင်းပရန်၊ ကျောင်းဆောက်ရန်၊ စာအုပ်များဖြန့်ဝေရန်၊ ချတ်ချ်များ (ဘုရားကျောင်းများ)တည်ဆောက်ရန်စသည့် အမျိုးမျိုးသော လုပ်ရှားမှုပေါင်းစုံနှင့် အမျိုးမျိုးသော အခါသမယပေါင်းစုံအတွက် အမျိုးမျိုးသော ပြည်သူ့အသင်းအဖွဲ့များ ရှိနေသည်။"

"အမေရိကန်ပြည်ထောင်စုတွင်နေထိုင်သော ပြည်သူများက အကြံအစည်တခုရလာသောအခါ (သို့) ကမ္ဘာပေါ်တွင် ကိစ္စရပ်တခုခုကို အလေးပေးမြှင့်တင်ဆောင်ရွက်ရန် လိုသည်ဟု ခံစားလာမိသောအခါ သူတို့က အချင်းချင်းအပြန်အလှန် အကူ အညီပေးနိုင်မည့်နည်းလမ်းကို ရှာ ဖွေကြသည်။ အမြင်ချင်းတူသူ များကို တွေ့သည်နှင့် စုစည်း ကြသည်။ ထိုအချိန်မှစ၍ သူတို့သည် သီးခြားသင်းကွဲ ဖြစ် နေသော တူများမဟုတ်ကြတော့။ အင်အားရှိလာသည်။ ၎င်းတို့၏ လှုပ်ရှားဆောင်ရွက်မှုက အခြားသူများအ တွက် အတုယူစရာ စံနမူနာဖြစ်လာပြီး အခြားသူများကိုလည်း ၎င်းတို့အားနားထောင်လာစေသည်။ . . . . . .အကယ်၍ လူသားများအနေဖြင့် ဆက်လက်၍ ယဉ်ကျေးလိုပါက လူအများပေါင်းစည်း လှုပ်ရှားသော ပေါင်းစပ်စုဖွဲ့ခြင်းဆိုင်ရာ အနုပညာ(the art of associating )သည် တိုးပွားမြှင့်တက်လာရမည်။"ဟု ဒေါ့ကဗီးလ်က မှတ်ချက်ချထားခဲ့သည်။

ဤသို့သော အဖွဲ့ကလေးများအတွင်းလှုပ်ရှားဆောင်ရွက်မှုများသည် လူ့ဘောင်တခုလုံးအတိုင်းအတာဖြင့် လုပ်ဆောင်နေသော လှုပ်ရှားဆောင်ရွက်မှုများနှင့် နှိုင်းစာလျှင် လူအနည်းစုကိုသာ အကျိုးသက်ရောက်မှု ရှိစေပါလိမ့်မည်။ သို့သော်လည်း ဤသို့သော အဖွဲ့ငယ်ကလေးများတွင် ပါဝင်လုပ်ဆောင်ရသော အတွေ့အကြုံများ (ဥပမာအားဖြင့် စီးပွားရေးလုပ်ငန်းများဆောင် ရွက်နေသူများအဖို့)က မိမိ၏ကိုယ်ကျိုးစီးပွားကိစ္စကို ဆောင်ရွက်နေစဉ်မှာပင် မိမိ၏အုပ်စုအတွင်းရှိ အဖွဲ့ဝင်များအတွက်သာမကဘဲ အခြားသော အုပ်စုများ၏ အဖွဲ့ဝင်များအပါအဝင် လူ့ဘောင် လူ့အဖွဲ့အစည်းတရပ်လုံးရှိ လူများအားလုံး၏ အကျိုးစီးပွားများအတွက်ပါ လုပ်ဆောင်ပေးရန်လိုအပ်သော ကျင့်ဝတ်များ အကြောင်းကို သင်ပြပေးသည်။ ဤကဲ့သို့သော ပြည်သူ့အသင်းအပင်းများတွင် ပါဝင်ခြင်းအားဖြင့်လည်း အမေရိကန်လူနေမှုစနစ်၏ အားနည်းချက်တရပ်ဟု ဒေါ့ကဗီးလ်က မြင်ထားသည့် အစွန်းရောက်တသီးပုဂ္ဂလဝါဒများကို ဇက်သတ်၊ ထိန်းညှိပေးနိုင်လိမ့်မည် ဟု ဒေါ့ကဗီးလ်က ယူဆသည်။

ထို့အပြင် "ဤကဲ့သို့သော ဘုံအကျိုးစီးပွားအတွက် စိတ်ပါဝင်စားမှုများ ပိုမိုများပြားလာလေလေ လူသားများအနေဖြင့် အားစိုက်ရန်မလိုဘဲ ပိုမိုကြီးမားသော ဘုံရည်မှန်းချက်ကြီး ပေါက်မြောက်အောင်မြင်အောင် ဆောင်ရွက်ရန်

အတွက် စွမ်းရည် များပိုမိုရရှိလာလေလေပင် ဖြစ်သည်။''ထို အတွက်ကြောင့် လူမှု အသင်းအဖွဲ့များသည် နိုင်ငံရေးအသင်း အဖွဲ့များဖြစ်လာမည့် (နိုင်ငံရေးသဘောသဘာဝဆောင်လာ မည့်)လမ်းစများရှိလေသည်။

ဒေါ့ကဝီးလ်က ကျိုးကြောင်းပြသည်မှာ လူတဦး ချင်းစီ၏ လွတ်လပ်ခွင့်များကို အာမခံပေးထားသော အရာမှာ ဒေါ့ကဝီးလ်မှ 'ဒီမိုကရေစီ၏ အထောက်အကူများ'ဟု ခေါ် ဆိုသည်။ အဆိုပါ အချက်အပေါ်တွင် မူတည်သည် ဟုဆို သည်။ အဆိုပါအချက်တွင် ဒေသန္တရအစိုးများ၊ ဘာသာရေး နှင့် နိုင်ငံရေးခွဲခြားထားမှု၊ လွတ်လပ်သော သတင်းစာများ၊ တိုက်ရိုက်မပတ်သော ရွေးချယ် တင်မြှောက်မှုစနစ်၊ လွတ် လပ်သော တရားစီရင်ရေးစနစ်နှင့် အ ရေးကြီးဆုံးမှာ 'အစုအ ဝေး အသင်းပင်းဖြင့် နေထိုင်သောဘာဝ' တို့ပါဝင်သည်။

ဒေါ့ကဝီးလ်၏ Civil Society အယူအဆကို ခြုံငုံဖော်ပြရသော် Civil Society ဆိုသည်မှာ ချတ်ချ်ဘုရား ကျောင်းများနှင့် လွတ်လပ်သော သတင်းများအပါအဝင် အရောင်အသွေးစုံလင် များပြားသည့် မိမိတို့၏ သဘောဆန္ဒ အရ လာရောက်စုဖွဲ့ထားကြ သည့် အသင်းအဖွဲ့များ၊ စေတ နာ့ဝန်ထမ်းအဖွဲ့အစည်းများအားလုံးကို ရည်ညွှန်းလွှမ်းခြုံ ထားပြီး ထို Civil Society မှာ တသီးပုဂ္ဂလများ/မိသားစု များက တဖက်နှင့်အခြားတဖက်မှ နိုင်ငံတော် (အစိုးရ) အ ကြားတွင် တည်ရှိနေသည်။ ဤသို့အိုရီအရ Civil Society ဆိုသည်မှာ နိုင်ငံတော်အစိုးရနှင့် သီးခြားကင်းလွတ်ရုံမျှသာ မကပဲ နိုင်ငံတော်ကိုထိန်းချုပ်နိုင်ရန် အပြိုင်အဆိုင်ကြိုးပမ်းနေ ကြသော နိုင်ငံရေးပါတီကဲ့သို့သော အုပ်စုများနှင့်ပါ မတူညီ ဘဲ အမျိုးအစားကွဲပြားစွာ သီးခြားတည်ရှိနေသည်။ သီးခြား လွတ်လပ်၍ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော နိုင်ငံတော်နှင့် မိသား စုဘဝအကြားတွင်တည်ရှိသည့် နိုင်ငံသူနိုင်ငံသားတို့၏ အ သင်းအပင်း များအဖွဲ့အစည်းများသည် ဒီမိုကရေးစီစနစ်ကြီး ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် အဓိကသော့ချက်ဖြစ် သည့် အပြင် နိုင်ငံတော်အ စိုးရကိုလည်း စစ်ဆေးပေးနိုင်သော အာဏာချိန်ခွင်လျှာ ထိန်းညှိ ပေးနိုင်သော အင်အားစုအဖြစ် ဒေါ့ကဝီးလ်ကမြင်သည်။

အဒေါ့ဝီးလ်ပြီးနောက်ပိုင်ကာလတွင် Civil Society နှင့် ပတ်သက်သော အယူအဆ၊ ဆွေးနွေးချက်များ ဥ ရောပ၏နိုင်ငံရေးစာပေနှင့် နိုင်ငံရေးငြင်းခုံ ဆွေးနွေးမှုများမှ ထူးထူးဆန်းဆန်း ပျောက်ကွယ်သွားခဲ့သည်။ ရာစုနှစ်တခုနီး ပါး ပျောက်ကွယ်နေခဲ့ပြီး မှ Civil Society ဟူသော စကားလုံး ကို အီတလီလူမျိုး မာခ်စ်ဝါဒီ အတွေးအခေါ်ပညာရှင်တဦး ဖြစ် သူ Antonio Gramsci အန်တို နီယိုဂရမ်ဇီ (၁၈၉၁– ၁၉၃၇)က ပြန်လည်ဖော်ထုတ်သုံးစွဲလာခဲ့သည်။ သို့သော် Civil Society ၏ သဘောတရားကိုပုံဖော်ပြရာ၌ ဂရမ်ဇီ၏ အယူအ ဆများမှာ ရှေးဆရာကြီးများ၏ အယူအဆ၊ ရှေးက ရှိခဲ့သည့် တွေးခေါ်ချက်များနှင့် များစွာကွာခြားလှသည်။

၁၉၆၂ ခုနှစ်တွင် အာဏာရှင်မူဆိုလိုနီက ၎င်းအား ထောင်သွင်းအကျဉ်းချထားစဉ်ကာလမတိုင်မီအထိ ဂရမ်ဇီမှာ အီတလီကွန်မြူနစ်ပါတီ၏ အထွေထွေအတွင်းရေးမှူးချုပ် အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ကားလ်မာ့ခ်စ်နောက်ပိုင်း တွင် ဂရမ်မှာ Civil Society နှင့်ပတ်သက်၍ ထပ်မံဆွေးနွေး သည့် တဦးတည်းသော မာ့ခ်စ်ဝါဒီဖြစ်သည်။ ထို Civil Society နှင့်သက်ဆိုင်သော ဆွေးနွေးချက်များကို သူရေးသား သော '*Prison Notebooks (အကျဉ်းထောင်မှတ်စုများ)*' (၁၉၂၉ ခုနှစ်) စာအုပ်တွင် ဖော်ပြထားခဲ့သည်။

မာ့ခ်စ်ဝါဒီတဦးဖြစ်သော်လည်း Civil Society ဟူ သော အယူအဆနှင့်ပတ်သက်လာလျှင် မာ့ခ်စ်ဝါဒီတို့၏ ရှေးရိုးစဉ်လာ ရပ်တည်ချက်မှ သူကခွဲထွက်ခဲ့သည်။ မာ့ခ်စ်၏ Civil Society ဆိုသည်မှာ စီးပွားရေးနှင့် ဘူဇွာတို့၏ နယ် ပယ်သာဖြစ်သည်ဟူသော အယူအဆကို ပြန်လည် ပြင်ဆင် ချဲ့ထွင်ခဲ့သည်။ သို့သော်လည်း မာ့ခ်စ်ဝါဒီဖြစ်သည့်အ လျောက် မာ့ခ်စ်၏ အတွေးအခေါ်များကို လုံးဝပစ်ပယ်ခြင်း ကားမပြုခဲ့။

သူ၏*အကျဉ်းထောင်မှတ်စုများ* စာအုပ်တွင် ဂရမ်ဇီ က အဓိကအားဖြင့် မာ့ခ်စ်မှ ကြိုတင်နိမိတ်ဖတ်ခဲ့သည့် အောင် မြင်သော အလုပ်သမား(ပစ္စည်းမဲ့) လူတန်းစားတော်လှန်ရေး တရပ် သူ၏အီတလီနိုင်ငံတွင် ဝန်းကျင်အခြေအနေများက ရင့်မှည့်နေပါလျက်နှင့် မည်သည့်အတွက်ကြောင့် မဖြစ်ပေါ်ခဲ့ သနည်းဟူသောမေးခွန်းကို အဖြေထုတ်ရန်သာ အဓိက လုံးပမ်းနေခဲ့သည်။ ထိုမေးခွန်း၏ အဖြေကို သူကအောက်ပါ အတိုင်း တွေ့ရှိအဖြေရခဲ့သည်။

ဂရမ်ဇီတွေ့ရှိသော အဓိကအချက်ကား ဈေးကွက် ဆိုသည်မှာ ကျင့်ဝတ်ဆိုင်ရာကိစ္စများနှင့် လုံးဝကင်းကွာသော ဖုံဒေသတခုမဟုတ်။ အရင်းရှင်များက အလုပ်သမားလူတန်း စားအပေါ် မာ့ခ်စ်ကယူဆထားသလို စီးပွားရေးအရသာ ပြောင်ကျကျ သွေးစုပ်ချယ်လှယ်နေခြင်းမဟုတ်။ အရင်းရှင် များက ယဉ်ကျေးမှု ဆိုင်ရာ အတွေးအခေါ်ဆိုင်ရာ တန်ဖိုး များကို အလုပ်သမားလူ တန်းစားအသွင်းသို့ သွတ်သွင်းပေး ထားပြီး အရင်းရှင်လူတန်းစားနှင့် အလုပ်သမားလူတန်းစား အကြားတွင်ရှိနေသော ဆက်ဆံရေးကို တရားမျှတနေသ ယောင် လျော်ကန်နေသယောင်ဖြစ်အောင် ဖန်တီးထား သည်။ အလုပ်သမားလူတန်းစားကိုယ်၌ကလည်း သိလျက် နှင့်ဖြစ်စေ၊ မသိဘဲနှင့်ဖြစ်စေ သူတို့အပေါ်သွတ်သွင်းထား သော ယဉ်ကျေးမှုဆိုင်ရာစံတန်ဖိုးများကို လက်ခံနေကြသည်။ အကျိုးဆက်အားဖြင့် သူတို့အပေါ် စိုးမိုးပိုလ်ကျမှုများကို လိုက် လျော၊ နာခံ၊ ကျိုးနွံလာရသည်။ ဤနည်းအားဖြင့် အရင်းရှင် များ၏ ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများကို သက်ဆိုးရှည်နေ စေပြီး အရင်းရှင်တို့အပေါ်ဆန့်ကျင်မည့် တော်လှန်ရေးတရပ် ဆိုသည်မှာလည်း ပေါ်ပေါက်လာဖွယ်ရာ အကြောင်းမရှိ တော့။

သို့သော်လည်း ဂရမ်ဇီက အရင်းရှင်များကို တော် လှန်ဖယ်ရှားပစ်နိုင်မည့် ဖြစ်နိုင်ရေးအလားအလာကို Civil Society အတွင်း၌ တွေ့မြင်ထားသည်။ ဂရမ်ဇီက Civil Society ဟုဆိုရာ၌ "နိုင်ငံရေးပါတီများ၊ အလုပ်သမားသမဂ္ဂ များ၊ တက္ကသိုလ်များ၊ စာနယ်ဇင်းမီဒီယာများ၊ မိမိတို့၏ ဆန္ဒ သဘောထားများအရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းမျိုးစုံ

များနှင့် အထူးသဖြင့် ချတ်ချ် (ခရစ်ယာန်ဘာသာရေး ကျောင်းတော်)များပါဝင်သော ယဉ်ကျေးမှုဆိုင်ရာ အဝန်းအဝိုင်း နယ်ပယ်ကိုဆိုလိုပြီး” ထို အဖွဲ့အစည်းများက စိုးမိုးအုပ်ချုပ်နေသူလူတန်းစား၏ အတွေးအခေါ်များကို ဖြန့်ဖြူးပေးရာ ဌာနများလည်းဖြစ်ကြသည်။

ထို့ကြောင့်လည်း အုပ်စိုးခံလူတန်းစားများထက် အရင်းရှင်လူတန်းစားများက ယဉ်ကျေးမှုနှင့် အတွေးအခေါ်အရ အသာစီးရသောအခြေအနေကို ဖြစ်ပေါ်စေသည်။ သို့သော်လည်း တပြိုင်နက်တည်းမှာပင် ဂရမ်ဇီကမြင်သည်မှာ ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်းများသည် တစုံတရာသော အတိုင်းအတာတရပ်အထိ လွတ်လပ်မှုရှိနေပြီး ထိုယဉ်ကျေးမှုဆိုင်ရာ အဝန်းအဝိုင်းနယ်ပယ်လည်း ပညာတတ်များနှင့် အလုပ်သမားလူတန်းစားများမှ အုပ်စိုးသူလူတန်းစား၏ စိုးမိုးချယ်လှယ်မှုများကို ခုခံဆန့်ကျင်နိုင်မည့် နယ်ပယ်ဟု ယူဆသည်။ ဤနည်းအားဖြင့် အုပ်စိုးခံများသည် Civil Socieyty ၏ အဝန်းအဝိုင်းနယ်ပယ်များမှစတင်၍ အရင်းရှင်လူတန်းစားများနှင့် ယှဉ်ပြိုင်နိုင်မည်။ ခုခံရေးစစ်ပွဲကို ဆင်နွဲနိုင် မည်ဟုယူဆသည်။ သို့သော်လည်း ဤစစ်ပွဲသည် ရေရှည် ကြာမြင့်မည့် စစ်ပွဲဖြစ်ပြီး ‘နေရာယူစစ်’(သို့) ‘ရပ်တည်ချက် စစ်ပွဲ’ (war of position)ဟုသူက တနည်းခေါ်တွင်သည်။ ရုရှကဲ့သို့သော် တော်လှန်ရေးကို လျှင်မြန်အောင်မြင်စွာ ဆင်နွဲခဲ့သည့် အရှေ့နိုင်ငံများနှင့် မတူဘဲ (အီတလီအပါအဝင်ဖြစ်သည့်) အနောက်နိုင်ငံများအတွင်းရှိ ပစ္စည်းမဲ့လူတန်းစား များနှင့် မာ့ခ်စ် ဝါဒီများသည် ဘူဇွာအရင်းရှင်လူတန်းစားကို တိုက်ဖျက်လှိုက်စား နိုင်စေရန် ယဉ်ကျေးမှုဆိုင်ရာစစ်ပွဲကို ရေရှည်ဆင်နွဲရလိမ့်မည်ဟုမြင် သည်။ ဤသို့ ‘နှလုံးသားများနှင့် စိတ်ပေါင်းများစွာ’ တို့ကို အောင်နိုင်မည့်တိုက်ပွဲကို အနိုင်တိုက်နိုင်မှသာလျှင် တော်လှန်ရေး အောင်ပွဲခံနိုင်မည်ဟု သူကမြင်ထားသည်။

အဓိကအားဖြင့် ဂရမ်ဇီက Civil Society ကို လွှမ်းမိုးထိန်းချုပ်မှုများ ပြုလုပ်ရာနယ်ပယ်ဟုမြင်သည်။ သို့သော်လည်း တချိန်တည်မှာပင် အဆိုပါနယ်ပယ်အတွင်းမှပင် လွှမ်းမိုးထိန်းချုပ်မှုများကို ဆန့်ကျင်ခုခံတိုက်ခိုက်နိုင်သည်ဟု သူကယူဆသည်။ ထို့ ကြောင့် Civil Society သည် ဂရမ်ဇီအ ဖို့ လွှမ်းမိုးထိန်းချုပ်မှုများ ပြုလုပ်ပေါ်ပေါက်ရာ အရပ်ဖြစ် သကဲ့သို့ ထိုလွှမ်းမိုးမှုများကို တန်ပြန်ခုခံဆန့် ကျင်သည့်အရပ်လည်း ဖြစ်သည်။ အလုပ်သမား လူတန်းစားနှင့် ပညာတတ်လူတန်းစားတို့၏ အုပ်စုများသည် လွှမ်းမိုးချုပ်ကိုင်မှုဝါဒ (hegemony)ကို ဤအရပ် Civil Society မှနေ၍ ခုခံဆန့်ကျင်ရမည်။ ၎င်းတို့၏ အကျိုးစီးပွားများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ၎င်းတို့၏ အင်အားစုများကို ပူးပေါင်း၍ Civil Society အတွင်းတွင် တိုက်ပွဲကို စနစ်တကျဆင်နွဲ ရမည်ဟာမြင်သည်။ ထို့ပြင် Civil Society ဆိုသည်မှာ ဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုများ အကျယ်အပြန့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်း(a broad transfomation of customs and culture)လည်း ဖြစ်သည်။

မှတ်သားရန် အရေးကြီးသောအချက်တခုမှာ ဂရမ်ဇီက သူ့အယူအဆဖြစ်သည့် Civil Society ကို နိုင်ငံတော်(အစိုးရ)အ ပိုင်းနှင့်လည်း မသက်ဆိုင်၊ စီးပွားရေးပိုင်း နှင့်လည်း မသက်ဆိုင်သော လူမှုဆက်ဆံရေးနယ်ပယ်အဖြစ် မြင်ပြီးယင်း Civil Society ကို ရေတိုကာလအတွက်နှင့် တော်လှန်ရေးဆင်နွဲရန်အတွက် မဟာဗျူဟာမြောက်နည်းလမ်း၊ လက်နက်တခုအဖြစ်သာအသုံးချရန် ရည်ရွယ်ထားသည်ဆိုသည့်အချက်ဖြစ်သည်။ အခြားသော မာ့ခ်စ်ဝါဒီများလိုပင် သူကယုံကြည်သည်မှာ နိုင်ငံတော်အစိုးရ ကင်းမဲ့သော ကွန်မြူနစ်လူ့ဘောင်ကို ဖွဲ့စည်းတည်ဆောက် နိုင်ရေးအတွက် လမ်းဖွင့်ပေးရန် နောက်ဆုံးအဆင့်မအခြေအနေတွင် ဤ Civil Society ကို ဖျက်ဆီးပစ်ရမည်ဟု သူကယူဆသည်။

ဤနေရာတွင် ဂရမ်ဇီက Civil Society ကို အဓိပ္ပါယ်ဖွင့်ပုံမှာ *သဘာဝအခြေအနေ* ဟူသော အယူအဆနှင့် လုံးဝမသက်ဆိုင်တော့ပေ။ စက်မှုတော်လှန်ရေးပြီးနောက်ပိုင်း လူ့ဘောင်လူ့အဖွဲ့အစည်း (industrial society) နှင့်လည်း မသက်ဆိုင်လှ။ ထို့အပြင် နိုင်ငံတော်အစိုးရများ မပေါ်ပေါက်မီကာလက လူ့ဘောင်လူ့အဖွဲ့အစည်း(pre-state society)နှင့်လည်း မသက်ဆိုင်ဘဲ လွှမ်းမိုးချုပ်ကိုင်မှုဝါဒ(hepemony)အကြောင်းနှင့်သာ သက်ဆိုင်သည်။

Civil Society ဟူသော အယူအဆနှင့်ပတ်သက်၍ ဆွေးနွေးရာတွင် ဂရမ်ဇီက လူ့အဖွဲ့အစည်းကို အပိုင်း(၃)ပိုင်း ခွဲပုံးစံထုတ်ဖော်ပြခဲ့သည်။ ဂရမ်ဇီက ပြည်သူ့လူ့အဖွဲ့ အစည်း Civil Society ကို စီးပွားရေးဆိုင်ရာကဏ္ဍမှ ခွဲထုတ်ခဲ့ပြီး လူ့ဘောင်လူ့အဖွဲ့အစည်းများ(Society)တရပ်ကို ‘နိုင်ငံရေးအဖွဲ့အစည်းများ (political society)’၊ ‘ပြည်သူ့လူ့အဖွဲ့အစည်းများဟူသော အပိုင်း(၃)ပိုင်ဖြင့် ဖွဲ့စည်းထားသည်ဟုမြင်သည်။ မိမိတို့အနေဖြင့် ဂရမ်ဇီထံမှ Civil Society ဟူသည် ဈေးကွက်နှင့်ဖြစ်စေ၊ နိုင်ငံ တော်(အစိုးရ)နှင့်ဖြစ်စေ မတူညီဘဲ အသီးတခြားရပ်တည်နေသည်ဟူသော အယူအဆကို ရရှိခဲ့သည်။ ဤအယူအဆသည် ယနေ့ လူအများလက်ခံနားလည်နေကြသော Civil Society နှင့် ပတ်သက်သည့် အယအဆလည်းဖြစ်သည်။

ဆယ်စုနှစ်အတော်ကြာပြီးနောက်ပိုင်း(၁၉၇၀–၈၀)ခုနှစ် များအတွင်းတွင် လက်တင်အမေရိကတိုက်မှ နိုင်ငံများနှင့် အထူးသဖြင့် ဥပရောပအရှေ့အလယ်ပိုင်း နိုင်ငံများမှ ဗားကလပ်ဟါဗယ် (Valcav Havel)၊ အဒမ်မင့်ချ်နစ်(Adam Michnick)တို့ကဲ့သို့သော အာဏာရှင်အစိုးရဆန့်ကျင်ရေး အတိုက်အခံခေါင်းဆောင်များ၊ တက်ကြွ လှုပ်ရှားသူများနှင့် တတ်သိပညာရှင်များက ဂရမ်ဇီ ဖော်ပြ ခဲ့သော Civil Society သဘောတရားအယူအဆဆီသို့ ခြေဦးလှည့်လာကြသည်။

ဤအကြိမ်တွင်မူ ဂရမ်ဇီ၏ Civil Society သဘောတရားကို အရင်းရှင်စနစ်အား တိုက်ခိုက်ရန်အတွက် မဟုတ်ဘဲ ထိုစဉ်က ၎င်းတို့နိုင်ငံများရှိ အာဏာရှင်အစိုးရများကို ဖယ်ရှားရန် အတွက်အသုံးပြုခဲ့ကြသည်။ အနည်းဆုံးအားဖြင့် ၎င်းတို့၏လှုပ်ရှားမှုအကြောင်းကို ပြင်ပကမ္ဘာမှ သိရှိအောင်ရှင်းပြရာ၌ ဤသဘောတရားနှင့် အတွေးအခေါ်များ

ကို အသုံးပြု၍ ရှင်းပြခဲ့သည်။

ငင်းတို့၏အမြင်တွင် အာဏာရှင်အစိုးရများ အနေဖြင့် လူ့အဖွဲ့အစည်းအပေါ် ဖိနှိပ်အုပ်ချုပ်ရာတွင် ခြိမ်းခြောက်အင်အားသုံးသည့် နည်းလမ်းတခုတည်း သက်သက်ကိုသာ အသုံးပြုသည်မဟုတ်ဘဲ လူ့ဘောင်တွင်းရှိ ပြည်သူတို့အနေဖြင့် အုပ်စိုးသူများအား နာခံလိုက်လျောလာစေမည့် ယန္တယာ စနစ် တရပ်ကို ဖန်တီးယူဆောင်ထားခြင်းနှင့် အတွေးအခေါ် သဘောတရားများ သွတ်သွင်းခြင်းသည့် နည်းလမ်းများကို ပါ အသုံးပြုသည်ဟု ယူဆကြသည်။ ဤနည်းအားဖြင့် အာဏာရှင်အစိုးရတို့က ငင်းတို့၏ ဖိနှိပ်အုပ်ချုပ်မှု သက်ဆိုးရှည်အောင် ဆောင်ရွက်ကြသည်။

အာဏာရှင်အစိုးရများကို ဆန့်ကျင်တိုက်ခိုက် လိုပါက ထိုအာဏာရှင်အစိုးရများ ဖန်တီးထားသော စနစ်ကြီးအတွင်း အလိုက်အသင့် နေထိုင်သွားလာရေးကို ငြင်းပယ်ရန် လိုအပ်သည်ဟု အဆိုပါ အစိုးရအတိုက်အခံများက မြင်ကြသည်။ ဤစနစ်ကြီး၏ပြင်ပတွင် နေထိုင်ခြင်းအားဖြင့်သော်လည်းကောင်း၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးပိုင်ခွင့်ရှိသည့် နယ်ပယ်များအတွင်း ဝင်ရောက်နေရာယူကာ လွတ်လပ်သော အသင်းအဖွဲ့များ ဖွဲ့စည်းတည်ထောင် ခြင်းအားဖြင့်သော်လည်းကောင်း အစိုးရဆန့်ကျင်သူများသည် အခြားရွေးချယ်စရာစနစ်တခု(သို့) အခြားစင်ပြိုင်နယ်ပယ်တခုကို ဖန်တီးလာနိုင်လိမ့်မည်။ ထိုမှတဆင့် နောက်ပိုင်းတွင် အာဏာရှင်အစိုးရများကို ဖယ်ရှားဖြုတ်ချလာနိုင်လိမ့်မည်ဟု မြင်ကြသည်။ "နိုင်ငံရေးဆန့်ကျင်မှု (Anti-Politics)"၊ "စင်ပြိုင်လူ့ဘောင် (parallel polis)"၊ "အမှန်တရားအတွင်း၌ နေထိုင်ခြင်း (living in the truth)"၊ "အာဏာမဲ့သူတို့၏ စွမ်းအား (power of the powerless)"စသည့် ဝေါဟာရများသည် ငင်းတို့၏ Civil Society သဘောတရားများ အပေါ် တနည်းတဖုံ ထင်ဟပ် ဖော်ပြချက်များပင်ဖြစ်သည်။

အဆိုပါအတိုက်အခံများနှင့် တတ်သိပညာရှင်တို့၏ လှုပ်ရှားမှုများနှင့် ဆောင်ရွက်ချက်များက Civil Society ၏သဘော တရားများအပေါ် ကမ္ဘာတလွှားမှ အုံးအုံးကြွက်ကြွက် စိတ်ဝင်စား လာစေခဲ့ကြသည့် အခြေခံအကြောင်းရင်းတရပ် ဖြစ်ခဲ့သည်။ စစ်အစိုးရ၊ အာဏာရှင်အစိုးရတို့၏ အုပ်ချုပ်မှုအောက်တွင်ရှိနေသော နိုင်ငံများအတွင်းရှိ အတိုက်အခံနိုင်ငံရေးလှုပ်ရှားမှုများက ငင်းတို့နိုင်ငံအသီးသီးရှိ အုပ်စိုးသူများအား ဖြုတ်ချနိုင်ရေးအတွက် ဤ Civil Society သဘောတရားနည်းနာများကို စိတ်ဝင်စား ကြချိန်တွင်၊ စက်မှုဖွံ့ဖြိုးသော အနောက်နိုင်ငံများရှိပညာရှင်များ၊ အစိုးရများနှင့် တက်ကြွလှုပ်ရှားသူများကလည်း ငင်းတို့နိုင်ငံ၏ လူမှုအသိုင်းအဝိုင်းအတွင်း ဖြစ်ပျက်နေသော ခေတ်သစ်စနစ်နှင့် သက်ဆိုင်သည့် လူမှုပြဿနာများကို ချဉ်းကပ်ဖြေရှင်းနိုင်ရန် ဤ Civil Society သဘောတရားအတွင်းရှိ အစောပိုင်း အတွေးအခေါ်များအပေါ် အထူးတလည် စိတ်ဝင်စားလာကြသည်။

ဤသည်မှာ Civil Society သဘောတရား၏ ဆင့်ကဲ ဖြစ်ထွန်းလာမှုနှင့်ပတ်သက်သည့် သမိုင်းနောက်ခံအကျဉ်းဖြစ်သည်။ ဤသဘောတရားအပေါ်တွင် ဆွေးနွေးသုံးသပ်မှုများ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်ပြီး သေချာသည်မှာကား Civil Society အယူအဆနှင့်ပတ်သက်လာလျှင် လူအသီးသီးတို့က သီးခြားကွဲပြားစွာ သုံးသပ်၊ ခံယူ၊ ဖော်ပြမှုများ ပြုလုပ်နေဦးမည်ပင်။

## Civil Society ဆိုင်ရာ မျက်မှောက်ခေတ်ရေစီးကြောင်းများ (Contemporary Trends)

ပြီးခဲ့သည့်အပိုင်းတွင် ၁၉၇၀နှင့် ၈၀ ခုနှစ်များ ခေတ်ကာလအထိတိုင် ပေါ်ပေါက်ခဲ့သော Civil Society ဆိုင်ရာသဘောတရား၏ ဇစ်မြစ်များကို ခြေရာခံလိုက်ခဲ့ပြီး ပေပြီ။ ဤနေရာမှစ၍ စာဖတ်သူများအား မျက်မှောက်ခေတ် Civil Society နှင့်သက်ဆိုင်သော အတွေးအမြင်များကို ပြည်ပြည့်စုံစုံ သဘောပေါက်လာစေရန်အတွက် အထွေထွေ၊ အသီးသီးသော အဓိပ္ပါယ်ဖွင့်ဆိုချက် များအပါအဝင် Civil Society နှင့်ပတ်သက်သည့် ခေတ်ပြိုင်ရေစီးကြောင်းများ အကြောင်းကို ဆက်လက်တင်ပြသွားပါမည်။

### ၁။ ရှုဒေါင့်အမြင် (၆)ရပ်

Civil Society ဆိုင်ရာ အယူအဆ၊ အတွေးအမြင်များ၏ မျက်မှောက်ခေတ်ရေစီးကြောင်း (Contemporary Trends)များနှင့်ပတ်သက်လာလျှင် အယ်လီဆင်ဗန်ရှိုင်း(Alison Van Rooy) ရေးသားထားသော *'Civil Society and the Aid Industry (ပြည်သူ့လူ့အဖွဲ့အစည်းများနှင့် အကူအညီပေးရေး လုပ်ငန်းများ)'* စာအုပ် တွင် သူမက Civil Society ဆိုင်ရာ အတွေးအမြင်များကို အစုလိုက်စု၍ အမျိုးအစားခွဲခြားသတ်မှတ် ထားသည်မှာ အသုံးဝင်သည်ဟု ကျွန်ုပ်အနေဖြင့် တွေ့ရှိရသည်။ ရှိုင်းက ယခုလက်ရှိကာလတွင် ဆွေးနွေးနေကြသော Civil Society ဆိုင်ရာ အတွေးအမြင်များကို အမြင်ရှုဒေါင့်(၆)ရပ်အဖြစ် အမျိုးအစားခွဲခြားသတ်မှတ်ထားသည်။ ငင်းတို့မှာ Civil Society ကို

၁။ လူမှုတန်ဖိုးနှင့် စံနှုန်းအဖြစ် မြင်သောအမြင်(Civil Society as values and norms)

၂။ အစုပြုနာမ်၊ သဗ္ဗဟနာမ်ပေါင်းအဖြစ် မြင်သောအမြင် (Civil Society as a collective noun)

၃။ လှုပ်ရှားမှုများ ပြုလုပ်ဆောင်ရွက်ရန် နယ်ပယ်တခုအဖြစ်မြင် သောအမြင်(Civil Society as a space for action)

၄။ သမိုင်းကြောင်း၏ သီးသန့်ကာလတရပ်အဖြစ် မြင်သောအမြင် (Civil Society as a historical moment)

၅။ လွှမ်းမိုးချုပ်ကိုင်မှုများကို ဆန့်ကျင်ရေးအဖြစ် မြင်သောအမြင် (Civil Society as an anti-hegemony)နှင့်

၆။ နိုင်ငံတော်အစိုးရနှင့် ဗီလာအဖြစ် မြင်သော အမြင် (Civil Society as an antidote to the state)တို့ဖြစ်ကြသည်။

## ၁။ Civil Society ကို လူမှုတန်ဖိုးနှင့် စံနှုန်းအဖြစ် မြင်သော အမြင် (Civil Society as values and norms)

ရှိုင်း၏အဆိုအရ Civil Society အကြောင်း ပြောဆိုဆွေးနွေးကြသောအခါ အချို့သောလူများက 'Civil' (ယဉ်ကျေးသော) ဟူသည့် စကားလုံးကို အလေးအနက် ထားကြသည်။ ၎င်းတို့အနေဖြင့် အလယ်အလတ်ပုဂ္ဂလိကဝါ'၊ အပြန်အလှန်ကူညီမှု၊ အ ပေးအယူရှိမှု အခြားသူများအပေါ် လေးစားတတ်မှုနှင့် အများ၏ ကောင်းကျိုးအပေါ် အလေးထားမှုစသည်ကဲ့သို့သော ပြည်သူ့ နီတိတရားများအပေါ် အသားပေးဆွေးနွေးကြသည်။ ထို့ကြောင့်လည်း Civil Society ဆိုသည်ကို မိမိတို့နေထိုင်လိုကြသော အမူအကျင့်ကောင်းများ (သုစရိုက်တရားများ)ကျင့်သုံးရာ လူ့ဘောင်လူ့အဖွဲ့ အစည်း၊ မိမိတို့၏ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ အားထုတ် ကြိုးပမ်းမှုများ၏ ပန်းတိုင်အဖြစ်ဖော်ပြကြသည်။ ဤစံပြ လူ့ အဖွဲ့အစည်းတွင် လူများသည် တဦးအပေါ်တဦး ယုံကြည် မှုအပြည့်အဝရှိသော၊ နားလည်သည်းခံနိုင်စွမ်းရှိသော လူ့ဘောင်လူ့လောက အကျိုးနှင့်ယှဉ်သည့် သမစိတ္တရည်မှန်းချက်မျိုးရှိသော တလောကလုံး၏ ကောင်းကျိုးကိုလည်း ဆောင်ကျဉ်းပေးနိုင်သော ပုံစံမျိုးရှိသည်။ Civil Society အကြောင်းပြောဆိုဆွေးနွေးခြင်းသည် ကျင့်ဝတ်တရားနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ဆွေးနွေး ဖော်ပြခြင်း ပင်ဖြစ်သည်။ ဤအတွက်ကြောင့်လည်း Civil Society ဆို သည်မှာ ကောင်းမြတ်သော လူ့အဖွဲ့အစည်းဆိုသည်နှင့် အဓိပ္ပါယ်တူလာသည်။ အထက်ပါကဲ့သို့သော အမြင်ကို ကိုင်စွဲ ဆွေးနွေးသူများအနက် အထင်ကရပုဂ္ဂိုလ်တဦးမှာ 'အကဒ်ဝပ် ရှီးလ်'(Adward Shils)ဖြစ်သည်။

## ၂။ Civil Society ကို အစုပြနာမ်၊ သဗ္ဗနာမ် ပေါင်းအဖြစ် မြင်သောအမြင် (Civil Society as a collective noun)

ဒုတိယရေစီးကြောင်းက Civil Societyကို သက်ဆိုင်ရာ လူ့အဖွဲ့အစည်း၏ ကောင်းကျိုးကို ဆောင်ကျဉ်း ပေးနိုင်သော အဖွဲ့အစည်းများအားလုံးကို သိမ်းကျုံးခြုံငုံ၍ ခေါ်ဆိုသော အစုပြနာမ်အဖြစ် အဓိပ္ပါယ်ဖွင့်ဆိုသတ်မှတ်ကြ သည်။ ၎င်းတို့က Civil Society ကို မိမိတို့၏ ဆန္ဒသဘော အလျောက် လာရောက်စုစည်းထားကြသည့် အသင်းအဖွဲ့ များကဏ္ဍ(Voluntary Sector)၊ တနည်းအားဖြင့် တတိယ ကဏ္ဍ(third sector)(အထူးသဖြင့် စည်းရုံးလှုံ့ဆော်မှု အဖွဲ့အစည်းများ(advocacy groups)၊ အစိုးရ မဟုတ်သည့် အဖွဲ့အစည်း(NGOs)များ၊ လူမှုလှုပ်ရှားမှု၏ ရှေ့ဆောင် ရှေ့ရွက်ပြုသူများ၊ လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုပြုပြင်ပြောင်းလဲရေးများဖြစ်ပေါ်လာစေရန် တက်ကြွစွာ ပါဝင်လှုပ်ရှားနေကြသော အခြားသူများအားလုံး)နှင့် အဓိပ္ပါယ်တူအဖြစ် ဖော်ပြကြသည်။ ဤအစုအဖွဲ့များသည် အစိုးရနှင့်သော်လည်းကောင်း၊ စီးပွားရေးဈေးကွက်အင်အားစုများနှင့်သော် လည်းကောင်းမတူဘဲ သီးခြားစီတည်ရှိသည်ဟု သတ်မှတ်ကြသည်။ ဤအဖွဲ့အစည်းမျိုးများအား မွန်မြတ်သော လူမှုကျင့်ဝတ် ရှိသူများအဖြစ် မြင်ကြသည်။ အချို့ကမူ နိုင်ငံရေးအာဏာရယူရေးအတွက် ကြိုးပမ်းနေကြသည့် နိုင်ငံရေးပါတီကဲ့သို့သော အဖွဲ့အစည်းများသည် Civil Society အဖွဲ့အစည်းများအတွင်း မပါဝင်ဟု သတ်မှတ်ကြပြန်သည်။ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လုပ်ကိုင်သော အသိုင်းအဝိုင်းအတွင်း၌မူ Civil Society ကို NGOs များ အဖြစ်သာ သဘောပေါက်ကြသည်။

## ၃။ Civil Society ကိုလှုပ်ရှားမှုများ ပြုလုပ်ဆောင်ရွက်ရန် နယ်ပယ်တခုအဖြစ် မြင်သော အမြင် (Civil Society as a space for action)

တတိယရေစီးကြောင်းက Civil Society ကို "အဖွဲ့အစည်း၊ အသင်းအဖွဲ့များက နေရာယူထားသည့် နယ်ပယ်တခု"အဖြစ် နှိုင်းယှဉ်ဖော်ပြကြသည်။ အများအား ဖြင့် 'အဖွဲ့အစည်းများ ဖြစ်ထွန်းတိုးတက်လာသည့် (သို့မဟုတ် ဆုန်ယုတ်ကျဆင်းသွား သည့်) ဝန်းကျင်နေရာ'အဖြစ် ပုံဖော်ပြလေ့ရှိသည်။ ဤကဲ့သို့သော အမြင်မျိုးကို ကမ္ဘာ့ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်(UNDP)၏ Civil Society အပေါ် အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် တွေ့မြင်နိုင်သည်။

Civil Society ဆိုသည်မှာ နိုင်ငံတော်၊ ဈေးကွက်တို့နှင့်အတူ ဒီမိုကရက်တစ်လူ့ဘောင် လူ့အဖွဲ့အစည်း ဖွဲ့စည်းရာတွင် ပါဝင်သော ကဏ္ဍကြီးသုံးခုနက် တခုဖြစ်သည်။ Civil Society သည် လူမှုလှုပ်ရှားမှုများ သန္ဓေတည် ဖွဲ့စည်းဖြစ်ပေါ်ရာ နယ်ပယ် ကြီးတခုဖြစ်သည်။ မြောက်များပြီး တခါတရံတွင် အချင်းချင်းဆန့်ကျင်ဖီလာဖြစ်သည့် လူမှုရေး အကျိုးစီးပွားများကို ကိုယ်စားပြုထားသည့် Civil Society အတွင်းရှိ အဖွဲ့အစည်းများသည် ၎င်းတို့၏ လူမှုဝန်းကျင် အခြေခံ၊ အကျိုးဆောင်ပေးသည့် လူထုပရိသတ်များ အဓိကထားလှုပ်ရှားသည့် အကြောင်းအရာကိစ္စရပ်များ (ဥပမာ– သဘာဝပတ်ဝန်းကျင်ရေးရာ၊ လိင်ကွဲပြားမှုဆိုင်ရာ လူ့အခွင့်အရေးဆိုင်ရာ)နှင့် လုပ်ငန်းသဘာဝတို့အပေါ်မူတည်၍ ဖွဲ့စည်းထားကြသည်။ ဤအဖွဲ့အစည်းများတွင် ဘာသာရေးနှင့်ဆက်နွယ်သော အသင်းအဖွဲ့များ၊ အလုပ်သမားသမဂ္ဂများ၊ သမဝါယမအသင်းအဖွဲ့များ၊ ဝန်ဆောင်မှု အဖွဲ့အစည်းများ၊ ရပ်ရွာလူမှုအသင်းအဖွဲ့များ၊ လူငယ်အသင်းအဖွဲ့များ၊ ပညာရှင်အသင်းအပင်းများနှင့် အခြားအသင်းများလည်း အပါအဝင်ဖြစ်သည်။ (UNDP 1993:1)

အိန္ဒိယနိုင်ငံမှ တက်ကြွလှုပ်ရှားသူတဦးဖြစ်သည့် ဆက်သီ(Sethis)က သူမြင်သော "နိုင်ငံရေးအသွင်သစ်" ဟူသည့် အယူအဆတွင် Civil Society အကြောင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဖော်ညွှန်းပြခဲ့သည်။

"ကမ္ဘာ့တောင်ဘက်ခြမ်းမှ Civil Society များမှာ အပြောင်းအလဲဖြစ်ပေါ်လာစေရန် ဆောင်ရွက်နေကြသူများ၏ နိုင်ငံရေးလှုပ်ရှားမှုများ ကိန်းအောင်းဖြစ်တည်ရာ ဝန်းကျင်ဖြစ်သည်။ ၎င်းတို့သည် ဒေသခံ(သို့မဟုတ်) ပြည်ပမှ လာရောက် ဆောင်ရွက်နေကြသည့် ဖွံ့ဖြိုးရေးအဖွဲ့များဖြစ်စေ၊ လူမှုကယ်ဆယ်ရေးများအတွက် ဒါနပြုလှူဒါန်းသော အဖွဲ့

များဖြစ်စေ၊ အဖိနှိပ်ခံလူထုများ၏ လူမှုရေး–နိုင်ငံရေးအသိမြှင့်တင်ပေးရန် လှုံ့ဆော်ဆောင်ရွက်နေသော အင်အားစုများဖြစ်စေ၊ ဆန္ဒပြကန့်ကွက်နေကြသည့် အုပ်စုများဖြစ်စေ၊ နိုင်ငံရေးအုပ်စုများ၊ နိုင်ငံရေးပါတီထူထောင်ရန်အတွက် လှုပ်ရှားဆောင်ရွက်နေကြသော အဖွဲ့အစည်းများဖြစ်စေ၊ အထောက်အပံ့ပေးရေးအုပ်စုများဖြစ်စေ၊ အပြောင်းအလဲ ဖြစ်လာစေရန် လှုပ်ရှားနေကြသော အဖွဲ့အစည်းများဖြစ်ကြသည်။" (Sethis 1993)

ထို့ကြောင့်လည်း ဤရေစီးကြောင်းက Civil Society ကို တော်လှန်ရေးများ ပေါက်ဖွားလာနိုင်ခြေရှိသည့် နယ်ပယ် တခုအဖြစ် ရှုမြင်ကြသည်။

အမေရိကန်မှ ထင်ရှားသော စာရေးဆရာဖြစ်သည့် (ဒီမိုကရေစီဂျာနယ်စာစောင်၏ အယ်ဒီတာလည်းဖြစ်သူ) 'လာရီဒိုင်းမွန်း'(Larry Diamond)ကလည်း Civil Society ကို နယ်ပယ်ကြီးတခုအဖြစ်မြင်သည်။ သို့သော်လည်း ယူအဲန်ဒီပီနှင့် ဆက်သီတို့၏ အဓိပ္ပါယ်ဖွင့်ဆိုမှုနှင့် ကွာခြားချက်မှာ ဒိုင်းမွန်းအဖို့ ဤလှုပ်ရှားမှုများ၏ အဓိက ပစ်မှတ်သည် နိုင်ငံတော်(အစိုးရ)ပင် ဖြစ်သည်ဟုဆိုသည်။ ၎င်း၏ အဆိုအရ Civil Society ဆိုသည်မှာ –

စနစ်တကျစုစည်းထားသည့် လူမှုဘဝများ၏ နယ်ပယ်ဖြစ်သည်ဟု ဆိုသည်။ ဤအစုအဖွဲ့နယ်ပယ်ကြီးကိုလည်း မိမိတို့၏သဘောဆန္ဒအလျောက်ပါဝင်မှု၊ ကိုယ့်အားကိုယ်ကိုးရပ်တည်မှု၊ ကိုယ်ထူကိုယ်ထပံ့ပိုးမှု၊ နိုင်ငံတော်(အစိုးရ)၏ ကြိုးကိုင်ထိန်းချုပ်မှုများ ကင်းလွတ်သော လွတ်လပ်မှု၊ ဥပဒေစနစ်(သို့မဟုတ် အားလုံးအတွက် အကြုံးဝင်သည့် အခြေခံစည်းမျဉ်း)တရပ်၏ အောက်တွင် တည်ရှိမှု စသည်တို့ဖြင့်ဖွဲ့စည်းထားသည်။ Civil Societyနှင့် ယေဘုယျ လူ့အဖွဲ့အစည်းတို့အကြား ကွာခြားချက်များမှာ Civil Society အတွင်းတွင် နိုင်ငံသူနိုင်ငံသားများ အနေဖြင့် လူအများရှေ့မှောက်၌ ၎င်းတို့၏ အကျိုးစီးပွားများ၊ စိတ်ဝင် စားမှုများ၊ စိတ်ကူးစိတ်သန်များကို ဖော်ထုတ် တင်ပြရန်၊ သ တင်းအချက်အလက်ဖလှယ်ကြရန်၊ ဘုံရည်မှန်းချက် အောင်မြင်အောင် ဆောင်ရွက်ရန်၊ အစိုးရထံ တောင်းဆိုချက် များပြု ရန်၊ အစိုးရအာဏာပိုင်များ၏ တာဝန်ခံမှုကို မျက်ခြေမပြတ် စစ်ဆေးကြရန်စသည့် ရည်ရွယ်ချက်များဖြင့် အစုလိုက် အဖွဲ့လိုက် လှုပ်ရှားဆောင်ရွက်ကြသည်။ (Diamond, 1994:5)

အချို့ကမူ Civil Society ကိုနိုင်ငံတော်အစိုးရနှင့် စီးပွားရေးဈေးကွက်ဆိုင်ရာ အင်အားစုတို့နှင့် တသီးတခြား ကွဲကွဲ ပြားပြားဖြစ်သည့် နောက်ထပ် နယ်ပယ်ကြီးတခုအဖြစ် သတ်မှတ် ဖော်ပြကြသည်။

## ၄။ Civil Society ကိုသမိုင်းကြောင်း၏ သီးသန့်ကာလ တရပ်အဖြစ် မြင်သောအမြင် (Civil Society as a historical moment )

အချို့ကမူ Civil Society ကို သမိုင်းကြောင်းတရပ်၏ ဖြစ်ထွန်းပြောင်းလဲမှုများကြောင့် ပေါ်ထွက်လာသော သီးသန့်အကျိုးရလဒ်အဖြစ် ရှုမြင်ကြသည်။ အထူးသဖြင့် ဥရောပတိုက်အတွင်း အရင်းရှင်များ ရှေ့ဆောင်ရှေ့ရွက်ပြုသည့် ခေတ်သစ်သို့ကူး ပြောင်းမှုများ(Capitalist Modernization)၊ ခေတ်မီမြို့ပြကြီးများ ထူထောင်လာမှု၊ ရှေးရိုးစွဲဆံသော အနှောင်အဖွဲ့များ ပျက်ပြယ်သွားမှုနှင့် ဘာသာရေးအသိတရားများလျော့ပါးလာမှုစသည့် လူမှုရေး၊ နိုင်ငံရေးနှင့် ဈေးကွက်များ ကျယ်ကျယ်ပြန့်ပြန့် လုံးဝ ပြောင်းလဲသွားခြင်းများ၏ ရလဒ်များဖြစ်သည်ဟု ဆိုသည်။

ထို့ကြောင့်လည်း ဤရေစီးကြောင်းက ဥရောပမှလွဲ၍ အခြားဒေသများတွင် အထက်ပါ အခြေခံအချက်များမရှိသည့်အတွက် Civil Society များမပေါ်ပေါက်၊ မတည်ရှိနိုင်သကဲ့သို့ Civil Society ဆိုင်ရာအယူအဆကိုလည်း ဥရောပမှလွဲ၍ နေရာဒေသအားလုံးအတွက် အသုံးပြု၍ မရနိုင်ဟု မြင်ကြသည်။

ဥပမာအားဖြင့် ဂဲလ်နာ(Gellner)ကဲ့သို့သော ပုဂ္ဂိုလ်များက Civil Society ပေါ်ထွန်းလာစေရန်မှာ သမိုင်းကြောင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာလိုအပ်ချက်များ ရှိနေသည်။ အထူးသဖြင့် သီးခြားရပ်တည်သည့် လွတ်လပ်သော တသီးပုဂ္ဂလ (atomized liberal individuals)များ ဖြစ်ထွန်းတည်ရှိရန်မှာ အထူးလိုအပ်သည်။ အနောက်နိုင်ငံများ၏ ပြင်ပကမ္ဘာတွင် ဤအခြေအနေမျိုးကို တွေ့ရခဲသည်ဟု မှတ်ချက်ပြုထားသည်။

ကက်စတီလီယွန်း (Castiglione)ကလည်း "Civil Society ဆိုသည်မှာ ဗဟိုအာဏာပိုင်များမှ တိုက်ရိုက်ထိန်းချုပ်ထားမှုမရှိသော တသီးပုဂ္ဂလ(လူတဦး ချင်းစီ)များနှင့် အစုအဖွဲ့များအကြား လွတ်လပ်စွာ ဆက်ဆံမှုရှိသည့် ဒြပ်မဲ့နယ်ပယ်တခုဖြစ်ရုံမျှသာမဟုတ်၊ လူမှုရေး၊ နိုင်ငံရေးဆိုင်ရာ ရိုးရာအစဉ်အလာများနှင့် အလေ့အထများကြောင့် ဖြစ်ထွန်းခဲ့သည့် သမိုင်းကြောင်းအနေအထားနှင့် ယဉ်ကျေးမှုအနေအထားများ၏ ထုတ်ကုန်များဖြစ်သည်။" ဟုဆိုထားသည်။ (Castiglione, 1994:82-3)

မကြာခဏ ထည့်သွင်းဖော်ပြလေ့ရှိသည့် Civil Society ပေါ်ပေါက်လာစေရန်အတွက် အခြားအခြေခံလိုအပ်ချက်များမှာ– စုရုံးဖွဲ့စည်းထားသည့် အစုအဖွဲ့များ၌ ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်သည့်အခွင့်အရေးများ၊ ဒီမိုကရေစီတစုံတရာရှိသော နိုင်ငံရေးစနစ်တခု၊ . . . . ကျင့်ဝတ်များအရ အသင်းအဖွဲ့များအဖြစ် ဖွဲ့စည်းဆောင်ရွက်ရန် ခွင့်ပြုအားပေးသည့် လူအများပေါင်းစည်း လှုပ်ရှားသော ယဉ်ကျေးမှု၊ . . . အဖွဲ့အစည်း၊ အသင်းအဖွဲ့များအား အထောက်အကူပြုပေးနိုင်ရန် အချိန်နှင့် ဝင်ငွေအပိုအလျှံရှိသည့် အလယ်အလတ်လူတန်းစားများတို့ဖြစ်သည်။ ခပ်တိုတို ဖော်ပြရလျှင် အစိုးရဖွဲ့စည်းမှုပုံစံ၊ ယဉ်ကျေးမှုနှင့် လူတန်းစားတို့နှင့်ပတ်သက်သော လိုအပ်ချက်များကို ဆိုလိုခြင်းဖြစ်သည်။

## ၅။ Civil Society ကိုလွှမ်းမိုးချုပ်ကိုင်မှုများကို ဆန့်ကျင်ရေး အဖြစ် မြင်သောအမြင်(Civil Society as an anti-hegemony)

အချို့က Civil Society ကို လွှမ်းမိုးချုပ်ကိုင်မှုများအား ဆန့်ကျင်ရေးလုပ်ငန်းစဉ်တရပ်အဖြစ်မြင်သည်။ အဆိုပါ လွှမ်းမိုး ချုပ်ကိုင်မှုများမှာလည်း အများအားဖြင့် ခေတ်သစ်

လစ်ဘရယ် ဝါဒ၊ အနောက်တိုင်းလွှမ်းမိုးရေးဝါဒ၊ မဟာဖိုဝါဒ၊ လိင်ကွဲခြင်း ဆက်ဆံသည်သာ အမှန်ဟူသောဝါဒ စသည့် ဝါဒတို့၏ တွင်ကျယ်စွာ လွှမ်းမိုးမှုများနှင့် ပတ်သက်နွယ်နေသည်။

မဲလူစီ(Melucci)က အထက်ပါလှုပ်ရှားမှုများ အနေဖြင့် အစိုးရနှင့် ရှေးရိုးစဉ်လာပုံစံဖြစ်သော လူမှုအဖွဲ့ အစည်း (Convention civil society)တို့၏ ပြင်ပနှင့် မျက်နှာပြင်အောက်ရှိ နေ့စဉ်ကျင်လည်ရာဘဝအတွင် မထင်မရှား ပေါ်ပေါက်လာသော သေးငယ်သည့် အုပ်စုများအတွင်း၌ ၎င်းတို့အား သွေးစည်းထောက်ခံမှုကို တည်ဆောက်ရယူထားသည်ဟု ဆိုသည်။ (Melluci, 1988)

အာရေတို (Arato)နှင့် ကိုဟန်(Cohen)တို့က ဤလှုပ်ရှားမှုအသစ်များကို သီးသန့် လူမှုရေးလက္ခဏာ အခြေခံရှိသော လှုပ်ရှားမှု၊ တမူထူးခြားသည့် လူမှုရေး–နိုင်ငံ ရေးသဘောသဘာဝရှိသော လှုပ်ရှားမှုများ၊ ဒီမိုကရေစီ လှုပ်ရှားမှု၏ အခြားနည်းလမ်းသစ်ဖြစ်ပြီး သစ်ဆန်းသော တောင်းဆိုမှုများရှိသည့် လှုပ်ရှားမှုများဟူ၍ ဖော်ပြခဲ့သည် (Arato and Cohen, 1992;see Seligmen 1992:11-17)။ လူမှုတန်ဘိုးများနှင့် စံနှုန်းများ(လိင်သဘာဝနှင့် ဩဇာ အာဏာ၊ သဘာဝပတ်ဝန်းကျင်အရေး၊ လိင်တူဆက်ဆံသများ၏ ဝိသေသလက္ခဏာ သတ်မှတ်ချက်များ)အကြောင်းကို ဆွေးနွေး ငြင်းခုံကြသည့် ဤလှုပ်ရှားမှုသစ်မျိုးအနေဖြင့် နိုင်ငံရေးလှုပ်ရှားမှု(သို့) နိုင်ငံရေးအာဏာရယူရေးကြိုးပမ်းမှုများနှင့် ပေါင်းစည်းချင်မှ ပေါင်းစည်းပေလိမ့်မည်။

## ၆။ Civil Society ကို နိုင်ငံတော်အစိုးရနှင့် ဖီလာအဖြစ် မြင်သော အမြင် (Civil Society as an antidote to the State)

အချို့က Civil Society ကို ဗဟိုချုပ်ကိုင်မှုရှိသော (သို့) အာဏာရှင်ဆန်သော နိုင်ငံတော်အစိုးရနှင့် ဆန့်ကျင်ဖက်အဖြစ် မြင်ကြသည်။ ထို့ကြောင့် Civil Society ကို ထွန်းကားအောင်လုပ်ခြင်းသည် အစိုးရအာဏာကို ကန့်သတ်ပစ်ခြင်းနှင့် အနက်အဓိပ္ပါယ်တ၏လာသည်။ ဝှိုက်(White)က အောက်ပါအတိုင်း ရေးသားခဲ့သည်။

Civil Society